# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၁၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၉)၊ အမှတ် (၂၂)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

# နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး လိုအပ်ချက်များကို နောက်လာမည့်လများကိုသာမက covid အပြီးခေတ် ကမ္ဘာကိုပါ မျှော်မှန်းကြည့်ပြီး တွက်ဆပြင်ဆင်ရမည်ဖြစ်ကြောင်း ရေးသားဖော်ပြ

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး လိုအပ်ချက်များကို နောက်လာမည့်လများကိုသာမက covid အပြီးခေတ် ကမ္ဘာကိုပါ မျှော်မှန်းကြည့်ပြီး တွက်ဆပြင်ဆင်ရမည်ဖြစ်ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မေလ (၁၅) ရက်နေ့အထိ ချမှတ်ထားသည့် covid နှင့် သက်ဆိုင်သော စည်းမျဉ်း စည်းကမ်းများကို လက်ရှိရောဂါအခြေအနေကိုကြည့်ပြီး သုံးသပ်ရာတွင် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်နိုင်မှု အင်အားကို အဓိကထည့်တွက်ရပါကြောင်း။

ထို့ကြောင့် ပြည်သူများကို အားပေးစကားပြောလိုပါကြောင်း၊ ယခု covid သက်တမ်း (၅) လထဲရောက်ချိန်တွင် ကမ္ဘာ့တစ်ဝန်းပညာရှင်ကြီးများက ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန် ဘယ်လို အစီအစဉ်တွေ လုပ်သင့်သည်နှင့် ပတ်သက်၍ အကြံပြုကြပါကြောင်း၊ အကြံပြုချက် အားလုံးလိုလိုမှာ မိမိတို့ စောစောကတည်းက လုပ်ဆောင်ထားပြီး ကိစ္စများဖြစ်ပါကြောင်း၊ မိမိတို့ ဂုဏ်ယူနိုင်ပါကြောင်း။

သို့ရာတွင် အတိတ်အတွက် ဂုဏ်ယူတာထက် အနာဂတ်အတွက် ပြင်ဆင်ဖို့က ပိုအရေးကြီးပါကြောင်း၊ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး လိုအပ်ချက်များကို နောက်လာမည့်လများကိုသာမက covid အပြီးခေတ် ကမ္ဘာကိုပါ မျှော်မှန်းကြည့်ပြီး တွက်ဆပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်နှင့် ခံနိုင်ရည်ကို ချိန်ဆပြီး ရှေ့ကို ဆက်လှမ်းကြရမည်ဖြစ်ပါကြောင်း ရေးသားထားသည်။

ထို့ပြင် လျှော့ပေးနိုင်သည့် နေရာများတွင် လျှော့ပေးပြီး အကျိုးဆက်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေရမည်ဖြစ်ပါကြောင်း၊ အလျှော့အတင်း မှန်ကန်ရန် အရေးကြီးပါကြောင်း၊ မိမိတို့ ပြည်သူများကလည်း နိုးကြားတက်ကြွစွာ "ငါတို့ပါမှ ဖြစ်မယ်" ဆိုသည့်အသိဖြင့် စိန်ခေါ်မှုများကို ကူညီကျော်လွှားပေးကြစေလိုပါကြောင်း၊ မတွေ့ဖူးသည့် အတွေ့အကြုံများကို ရင်ဆိုင်ရင်းဖြင့် ရင့်ကျက်ခိုင်မာလာမည်ဖြစ်ပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရေးသားဖော်ပြထားသည်။

**"လျှော့ပေးနိုင်သည့် နေရာများတွင် လျှော့ပေးပြီး အကျိုးဆက်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေရမည်ဖြစ်၊ အလျှော့အတင်း မှန်ကန်ရန် အရေးကြီး၊ မိမိတို့ ပြည်သူများကလည်း နိုးကြားတက်ကြွစွာ "ငါတို့ပါမှ ဖြစ်မယ်" ဆိုသည့်အသိဖြင့် စိန်ခေါ်မှုများကို ကူညီကျော်လွှားပေးကြစေလို၊ မတွေ့ဖူးသည့် အတွေ့အကြုံများကို ရင်ဆိုင်ရင်းဖြင့် ရင့်ကျက်ခိုင်မာလာမည်"**

**တိုင်ကြား ပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**


စာ ၈


# မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရသော မြန်မာနိုင်ငံသားများအား ပြန်လည်စိစစ်လက်ခံခဲ့



**နေပြည်တော် မေ ၁၁**

မလေးရှားနိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံပြီးနောက် ထိန်းသိမ်းခံထားရသော မြန်မာနိုင်ငံသား ၃၈၁ ဦးအား မလေးရှားအစိုးရ အစီအစဉ်ဖြင့် Malaysia Airlines စင်းလုံးငှားအထူးလေယာဉ် နှစ်စင်းဖြင့် ယနေ့တွင် ပြန်လည်ပို့ဆောင်ခဲ့ရာ နံနက် ၁၀ နာရီ ၂၅ မိနစ်နှင့် ညနေ ၃ နာရီ ၅ မိနစ်တို့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အသီးသီး ပြန်လည်ရောက်ရှိခဲ့ကြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံခဲ့သည်။ (ဝဲပုံ)


*စာမျက်နှာ ၃ ကော်လံ ၁ ❍*





မြန်မာ့အလင်း

# ကုသိုလ်ဖြစ်သည့် အသက်မွေးဝမ်းကျောင်း

သူနာပြုအတတ်ပညာဆိုသည်မှာ မကျန်းမာသူတစ်ဦးအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ပြုစုမှုလိုအပ်ချက်များကိုလည်းကောင်း၊ ယင်းမကျန်းမာသူ၏ မိသားစု၊ မကျန်းမာသူနှင့် ဆက်နွှယ်သူများ၏ ကျန်းမာရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်များကိုလည်းကောင်း ဖြည့်ဆည်းဆောင်ရွက်နိုင်စွမ်းရှိသည့် အတတ်ပညာကိုဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာသူများအား ကျန်းမာရေး ပိုမိုကောင်းမွန်စေရေးနှင့် ရောဂါကြိုတင်ကာကွယ်ရေးစသည်တို့ကို ဆောင်ရွက်ပေးသည့် လုပ်ငန်းများလည်း ပါဝင်သည်ဟု သူနာပြုနှင့် သားဖွားဆိုင်ရာဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

သူနာပြုအတတ်ပညာသည် မျက်မှောက်ခေတ်တွင် အသက်မွေးဝမ်းကျောင်းအတတ်ပညာတစ်ခုအဖြစ် ပြောင်းလဲလာပြီဖြစ်သော်လည်း မူလအစမှာမူ ရောဂါဝေဒနာတို့ကို ခံစားနေရသူတို့ ဝေဒနာမှ သက်သာရာရကြစေခြင်းမှာ အကြင်နာ ကရုဏာဖြင့် ပြုစုလုပ်ကိုင်ပေးရသော ကုသိုလ်ဖြစ်လုပ်ငန်း၊ စေတနာ့ဝန်ထမ်းလုပ်ငန်းသာဖြစ်ခဲ့သည်။ ရောဂါတစ်ခုခုကြောင့် ဖြစ်စေ၊ ထိခိုက်ဒဏ်ရာရမှုကြောင့်ဖြစ်စေ ဝေဒနာခံစားနေရသည့် လူနာတို့ကို ပြုစုပေးရသည့်အလုပ်မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုသည့် ဗြဟ္မစိုရ်တရားလေးပါး လက်ကိုင်ထားပြီး ဆောင်ရွက်ရသည့် အားလျော်စွာ ကျင့်ဝတ်နှင့်အညီ ကုသိုလ်စိတ်ဖြင့် ဆောင်ရွက်ကြခြင်းအားဖြင့် စေတနာ့ဝန်ထမ်း လုပ်သည်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းလုပ်သည်ဖြစ်စေ မွန်မြတ်သည့်လုပ်ငန်းသာဖြစ်သည်။

သူနာပြုလုပ်ငန်းသည် ရောဂါဝေဒနာသည်တို့နှင့် အနီးကပ်နေထိုင်ပြုစုလုပ်ကိုင်ကြရပြီး အညစ်အကြေးများနှင့်လည်း ဆက်စပ်ထိတွေ့ကြရသည့်အလျောက် ရှေးအခါကာလက အောက်တန်းကျသော အလုပ်ဟု အယူအဆလွဲမှားခဲ့ကြပြီး သာသနာပြုဝန်ထမ်းများနှင့် ဆင်းရဲသားများကသာလျှင် လုပ်ကိုင်ခဲ့ကြသည်။ မျက်မှောက်ခေတ်တွင် ဆေးပညာတိုးတက်မြင့်မားလာမှုနှင့်အတူ သူနာပြုများသည်လည်း ဆရာဝန်များ၊ သမားတော်ကြီးများအတွက် အရေးပါသောအထောက်အကူပြုသူများအဖြစ်ဖြင့် ကျန်းမာရေးကဏ္ဍ၏ အင်အားစုတစ်ရပ်ဖြစ်လာခဲ့ပြီဖြစ်သည်။ "ကျွန်ုပ်တို့သည် လူသားအားလုံး၏ ကိုယ်၏ ကျန်းမာရေး၊ စိတ်၏ ကျန်းမာရေးကို ကျွန်ုပ်တို့၏ အရေးကဲ့သို့ ယူဆပါအံ့"ဟူသော အချက်အပါအဝင် သူနာပြုသစ္စာအဓိဋ္ဌာန်(၈) ချက်ကို နှလုံးသွင်းကာ ဗြဟ္မစိုရ်တရား (၄)ပါး လက်ကိုင်ထားဆောင်ရွက်ကြသည့် သူနာပြုတို့အပေါ် လူနာများကသာမက အများပြည်သူကပါ ယုံကြည်ကိုးစား လေးစားချစ်ခင်ကြမည်သာဖြစ်သည်။

ယခုအခါ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကူးစက်မြန်ပြင်းထန်ဗိုင်းရပ်စ်ပိုးမွှားနှင့် ရင်ဆိုင်တိုက်ပွဲဝင်နေကြရသည့်ကာလတွင် ဆရာဝန်များ၊ သမားတော်များနှင့်အတူ သူနာပြုများသည်လည်း ရှေ့တန်းမှ စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်နေကြရသူများဖြစ်သည်။ ကျန်းမာရေးလောကမှ သူရဲကောင်းများ၏ နှလုံးသားတို့ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရသည့် အချိန်အခါလည်းဖြစ်သည်။ ရောဂါကူးစက်ခံထားရသူများ ဝေဒနာမှ ကင်းပျောက်ပါစေခြင်းဟူသော အကျိုးကိုလိုလားသည့် မေတ္တာတရား၊ ရောဂါဝေဒနာခံစားနေရသူများအပေါ်ထားရှိသည့် စာနာသနားမှု ကရုဏာတရား၊ ဝေဒနာသက်သာ ပျောက်ကင်းသွားသူများအပေါ် ဝမ်းမြောက်မှု မုဒိတာတရား၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းအပါအဝင် ကောင်းဆိုးနှစ်တန်မည်သို့သော တုံ့ပြန်မှုများကိုမဆို တုန်လှုပ်မှုမရှိသည့် ဥပေက္ခာတရားတည်းဟူသော မြင့်မြတ်သူတို့၏ အကျင့်တရားတို့ဖြင့် လူသားတို့၏လောကအကျိုးကို ဆတက်ထမ်းပိုးတိုး၍ စောင့်ရှောက်နိုင်ကြပါစေကြောင်း ဆုမွန်တောင်း၍ မေလ ၁၂ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့တွင် ဂုဏ်ပြုအပ်ပါကြောင်း။ ။

# အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာန၏ အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် လျှောက်လွှာခေါ်ယူ

နေပြည်တော် မေ ၁၁

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အခြေစိုက် အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာန (ASEAN Institute for Peace and Reconciliation–ASEAN IPR) တွင် အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၉ ရက်မှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်အထိ (၃)နှစ် သက်တမ်းတာဝန်ထမ်းဆောင်ရန် အဆိုပြုလျှောက်လွှာများ ခေါ်ယူလျက်ရှိသည်။

လုပ်ငန်းတာဝန်နှင့် သတ်မှတ်အရည်အချင်းများအပါအဝင် အသေးစိတ်အချက်အလက်များကို အာဆီယံ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့၏ website များဖြစ်သည့် https://asean-aipr.org/ resources/ vacancy-executive- director/ နှင့် https://asean.org/ opportunities/ vacancies-asec/ တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသို့ ဘက်စုံသုံး ဗိုင်းရပ်စ်ပိုးသတ်ဆေးများ လာရောက်လှူဒါန်း

ရန်ကုန် မေ ၁၁

ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ အသုံးပြုရန်အတွက် Posh ကုမ္ပဏီမှ Multi-Purpose Virus Killer (ဘက်စုံသုံး ဗိုင်းရပ်စ်ပိုးသတ်ဆေး) များကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC)တွင် လာရောက်လှူဒါန်းရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက လာရောက်လှူဒါန်းသည့် Multi-Purpose Virus Killer ၁၀၀ ဘူးကို လက်ခံရယူ၍ Posh ကုမ္ပဏီမှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ညွန့်ကိုကို



# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ အလှူရှင်များက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်း

ရန်ကုန် မေ ၁၁

Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အလှူရှင်များက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်း ပြည်ထောင်စုခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား နိုင်ငံတော်နှင့်အကျိုးတူ ကျောက်စိမ်းကျောက်မျက်တူးဖော်ရေး လုပ်ငန်းရှင်များအဖွဲ့ကိုယ်စား ဦးနေဝင်းထွန်းက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်ထံ အလှူရှင်များက အလှူငွေနှင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့် ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းကြပြီး ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ လှူဒါန်းပွဲ၌ အလှူရှင် ၁၂ ဦးတို့က ငွေကျပ်သိန်းပေါင်း ၂၅၉၃၀ နှင့် အမေရိကန်ဒေါ်လာ ၁၁၄၀၀ နှင့် ညီမျှသော ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့်ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းရာ နိုင်ငံတော်နှင့်အကျိုးတူ ကျောက်စိမ်းကျောက်မျက် တူးဖော်ရေးလုပ်ငန်းရှင်များအဖွဲ့က ငွေကျပ်သိန်း ၂၁၀၀၀ နှင့် ညီမျှသော ရောဂါကာကွယ်ရေးဝတ်စုံ ၅၀၀၀၀ နှင့် ဆက်စပ်ပစ္စည်းရှစ်မျိုး၊ Myanmar Shwe Nagar Agricultural Group Co.,Ltdနှင့် China Merchants Group က ရောဂါကာကွယ်ရေးဝတ်စုံ ၄၀၀၀၊ မျက်မှန် ၄၀၀၀ နှင့် နှာခေါင်းစည်း ၄၅၀၀၊ UPG Paint & Coating Co.,Ltd က အသက်ရှူစက်ခြောက်လုံး၊ ကျောက်စိမ်းတောင် ကျောက်မျက်ကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၀၊ Lighthouse Enterprise Limited က ငွေကျပ်သိန်း ၅၀၀၊ ဒေါ်ခင်ယုံနှင့် သားသမီးမြေးတစ်စုက အသက်ရှူအထောက်အကူပြုစက် နှစ်လုံး၊ မြန်မာကလပ်(စင်ကာပူ)မှ ငွေကျပ် ၁၃၂ သိန်း၊ Telecom International Company Limited က ငွေကျပ် ၂၂၄ သိန်း၊ Geology 1979 Batch RASU ကျောင်းသားဟောင်းများက ကျပ် ၂၆ သိန်း၊ Advanced Synergy Co.,Ltd မှ ရောဂါကာကွယ်ရေးဝတ်စုံ ၆၀၊ လက်အိတ်ရှည် ၆၀၊ မျက်မှန် ၆၀၊ ဖိနပ် ၆၀ နှင့် N95Mask ၆၀၊ Pure White Group က ငွေကျပ် ၂၇ ဒသမ ၇၈ သိန်းနှင့် မြန်မာအလုပ်သမားလူမှုဖူလုံရေးစင်တာ (ကိုရီးယား)မှ အမေရိကန်ဒေါ်လာ ၁၁၄၀၀ ဒေါ်လာတန်ဖိုးရှိ COVID-19 RT-PCR Test Kist ၁၁၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။




သတင်းနှင့်ဓာတ်ပုံ
မင်းသစ်(MNA)

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## အစိုးရကိုယ်စားလှယ်များနှင့် ကရင်အမျိုးသားအစည်းအရုံးတို့၏ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

### ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကော်မတီနှင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို မေလ တတိယပတ်တွင် ဆွေးနွေးမည်

ရန်ကုန် မေ ၁၁

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသည် ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် Online Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူးတို့က အဖွင့်အမှာစကားပြောကြားသည်။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦးက "အဓိကဆွေးနွေးတာတော့ မေ ၈ ရက်က NCA-S EAO (၁၀) ဖွဲ့နဲ့ ကျွန်တော်တို့ ဆွေးနွေးခဲ့တဲ့ အဓိကအချက် (၇) ချက်အပေါ်မှာ အသေးစိတ်ပြန်ဆွေးနွေးကြပါတယ်။ အသေးစိတ်ဆွေးနွေးတဲ့ အပိုင်းမှာတော့ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ ဒါတွေကို ဘယ်လိုဖြေရှင်းကြမလဲ။ ဘယ်လိုညှိနှိုင်းထားကြမလဲ။ မလိုလားအပ်တဲ့ ပဋိပက္ခအသွင်ဆောင်တဲ့ သဘောမျိုးလေးတွေ ထပ်မံမဖြစ်ပွားရအောင် တစ်ဖက်နဲ့တစ်ဖက် လိုက်နာရမယ့် စည်းကမ်းချက်လေးတွေ ညှိနှိုင်းနိုင်ခဲ့ကြတယ်။

"နောက်တစ်ချက်ကတော့ နိုင်ငံတကာ အကူအညီ၊ ကမ္ဘာ့ဘဏ်ကပေးမယ့် အကူအညီနဲ့ ပတ်သက်ပြီးတော့ ပူးပေါင်းကော်မတီ ဖွဲ့စည်းရေး၊ Joint ကော်မတီ ဖွဲ့စည်းရေး စသည်ဖြင့် ကျွန်တော်တို့အစိုးရဘက်က စဉ်းစားထားတဲ့ option တွေ၊ KNU ဘက်က စဉ်းစားထားတဲ့ option တွေကို ကျွန်တော်တို့ အကြမ်းဖျင်း ညှိနှိုင်းကြပါတယ်" ဟု ပြောသည်။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသည် မေ ၁၂ ရက်တွင် မွန်ပြည်သစ်ပါတီ (NMSP) နှင့် "ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး မေလ တတိယပတ်တွင် ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် ပြန်လည်တွေ့ဆုံ၍ ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် အသေးစိတ်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။

ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦးက "နောက်တစ်ကြိမ် ရှေ့တစ်ပတ်မှာ ထပ်မံတွေ့ဆုံပြီး ကမ္ဘာ့ဘဏ်အကူအညီနဲ့ ပတ်သက်ပြီး ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးမှာ EAO တွေအပိုင်းကို ဘယ်လိုပူးပေါင်းကူညီနိုင်မလဲဆိုတဲ့ အပိုင်းကို အသေးစိတ် ထပ်မံပြီး ကျွန်တော်တို့ ဆွေးနွေးမှာဖြစ်ပါတယ်။ ဒီနေ့ ဆွေးနွေးချက်တွေနဲ့ ပတ်သက်ရင် အလွန်ပဲ ကောင်းမွန်ပါတယ်။ ဆွေးနွေးချက်တွေဟာ ပိုပြီး action plan ဆန်လာပြီး တစ်ဖွဲ့ချင်းစီနဲ့ ဆွေးနွေးချက်မှာ နားလည်မှုတွေ ပိုမိုရရှိလာပါတယ်။ ဒီအရာတွေဟာ ကျွန်တော်တို့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အထောက်အကူအများကြီးဖြစ်မယ်လို့ ယုံကြည်ပါတယ်" ဟု ဖြေကြားသည်။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် နှစ်ဖက် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေနှင့် ပတ်သက်၍ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦးက "ပူးပေါင်းဆောင်ရွက်မယ့် ကိစ္စကတော့ စပ်ကြားနယ်မြေတွေမှာ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးအတွက် စခန်းလေးတွေ ဖွင့်မယ်ဆိုတဲ့ကိစ္စမှာ ကျွန်တော်တို့ ပူးပေါင်းကော်မတီနဲ့ ညှိနှိုင်းပါမယ်။ ကျွန်တော်တို့ သူတို့ကို အဆိုပြုတာက ဖြစ်နိုင်မယ်ဆိုရင်တော့ ကျန်းမာရေးဝန်ထမ်းတွေ၊ ကျန်းမာရေးအဖွဲ့အစည်းတွေနဲ့ ဆောင်ရွက်ပေးစေလိုပါတယ်။ ယူနီဖောင်းတွေ၊ လက်နက်ခဲယမ်းတွေ မပါဘဲနဲ့ ဘယ်လိုဝတ်စားမလဲ။ ဘယ်လိုပုံစံမျိုး ဆောင်ရွက်မလဲ။ ဥပမာ-ကြက်ခြေနီလက်ပတ်တွေ ပတ်တာ စသည်မျိုးပေါ့။ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးကိုပဲ ဦးတည်ပြီး လုပ်နေတယ်။ လုပ်နေတဲ့နေရာမှာလည်း လုပ်သင့်လုပ်ထိုက်တဲ့ နေရာတွေမှာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုမလွဲရအောင်၊ ပဋိပက္ခအသွင် မဆောင်ရအောင် ဆက်လက်ဆောင်ရွက်ကြဖို့ ညှိနှိုင်းဖြစ်ပါတယ်။ အသေးစိတ်ကိုတော့ သူတို့လုပ်နိုင်မယ့်နေရာနဲ့ လုပ်ချင်တဲ့နေရာတွေကို ကျွန်တော်တို့ဆီ ပို့ပေးပါမယ်။ ကျွန်တော်တို့ သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်မှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ကိုယ်စားလှယ်များအဖြစ် KNU အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူး၊ KNU၏ ကိုဗစ်-၁၉ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ပဒိုစောဆဲပွယ် (စောစတိဗ်) တို့ ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်း- ရဲခေါင်ညွန့်**
**ဓာတ်ပုံ- ဖိုးထောင်**

❍ *ရှေ့ဖုံးမှ*

အဆိုပါ ထိန်းသိမ်းခံမြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည် ပို့ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံသားမှန်ကန်မှု စိစစ်၍ မြန်မာသံရုံး ကွာလာလမ်ပူမြို့မှ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity-C of I) ထုတ်ပေးခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မြန်မာသံရုံး ကွာလာလမ်ပူမြို့၊ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ပူးပေါင်းညှိနှိုင်းလျက် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ကျန်းမာရေးစိစစ်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၎င်းတို့ နေရပ်ပြန်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သတ်မှတ် မော်တော်ယာဉ်များဖြင့် ခေါ်ဆောင်ရေးနှင့် သက်ဆိုင်ရာဒေသများသို့ ရောက်ရှိချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ Community Based Facility Quarantine ၂၁ ရက်ထားရှိနိုင်ရေးကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ လည်းကောင်း တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❀ *ကျောဖုံးမှ*

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများအား တွေ့ဆုံပြီး COVID-19 ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေး လုပ်ငန်း အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

ထို့နောက် ကျိုင်းတုံမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမြင့်ကျော်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာလှဌေးမင်းတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

**စားသောက်ဖွယ်ရာ လှူဒါန်း**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးအတွက် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်း အထောက်အကူပြုပစ္စည်းများဖြစ်သည့် PPE ဝတ်စုံ ၁၀၀၀၊ Surgical Masks ၁၀၀၀၀၊ Goggles အခု ၁၀၀၊ Surgical Gloves အခု ၃၀၀၀၊ Bleaching Powder သုံးပုံး၊ Non-contact Thermometer အခု ၅၀၊ Hand Gel ဘူး ၂၅၀ နှင့် N 95 Mask အခု ၅၀၀နှင့် စားသောက်ဖွယ်ရာများအား ပေးအပ်လှူဒါန်းရာ ဒေါက်တာမြင့်ကျော်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ရန်ကုန်မြို့ရှိ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာ ဌာနသို့ သံသယလူနာများ၏ တို့ဖတ်နမူနာများ ဓာတ်ခွဲစမ်းသပ်မှုပြုလုပ်ရန် ပေးပို့ရာတွင် လမ်းခရီးအလွန်ကွာဝေးခက်ခဲခြင်း၊ သွားလာမှုအချိန်၊ နေရာ၊ လူကန့်သတ်ချက်များ ဖြစ်ပေါ်နေသည့်အတွက် အဆိုပါ COVID-19 ရောဂါရှာဖွေရေး RT-PCR (Thermocycle ROTOR GENE-6000) စက်ကို ကျိုင်းတုံမြို့တွင် ထားရှိ ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် အချိန်သုံးနာရီအတွင်း လူဦးရေ ၃၄ ဦးကိုစစ်ဆေးပေးနိုင်ပြီး ၂၄ နာရီအတွင်း ပျမ်းမျှလူဦးရေ ၂၀၀ ဝန်းကျင်ခန့် စစ်ဆေးပေးနိုင်ကြောင်း သိရှိရသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သီလဓမ္မကုန်းသာတောရကျောင်းတိုက် ဦးစီးပဓာနနာယက (ဝစီပိတ်) ဆရာတော် ဘဒ္ဒန္တကောဝိဒ အမှူးပြု၍ ကျိုင်းတုံမြို့၏ အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာ ပန်ကွဲကျေးရွာအနီးရှိ ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်း တည်ထားကိုးကွယ်သည့် အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် NDAA (မိုင်းလား) အဖွဲ့နှင့် UWSA (ဝ) အဖွဲ့တို့မှ တာဝန်ရှိသူများအား တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံရိပ်သာ ညှိနှိုင်းခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်လှိုင်တို့ တက်ရောက်ကြပြီး NDAA (မိုင်းလား) အဖွဲ့မှ ဥက္ကဋ္ဌ ဦးစိုင်းလင်းနှင့် အဖွဲ့ဝင်များ၊ UWSA(ဝ)အဖွဲ့မှ ဦးညီကပ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကမ္ဘာပေါ်တွင် COVID-19 ရောဂါဖြစ်ပွားသူပေါင်း လေးသန်းကျော်ရှိပြီဖြစ်ပြီး မိမိတို့နိုင်ငံတွင် ဖြစ်ပွားသူပေါင်း ၁၇၈ဦးရှိပြီဖြစ်ကြောင်း၊ အဆိုပါ ရောဂါသည် မမြင်ရ၊ မကြားရ၊ အနံ့ခံ မရနိုင်သောကြောင့် လူတိုင်းကိုယ်စီ အသိစိတ်ဖြင့် သတိထားနေထိုင်ကြရမည်ဖြစ်ကြောင်း၊ မိုင်းလားဒေသတွင် ဆရာဝန်လိုအပ်ချက်ရှိသည်ဟု ကြားသိရကြောင်း၊ အရပ်ဘက်ဆရာဝန်များ လုံလောက်မှုမရှိပါက တပ်မတော်ဆေးအဖွဲ့များ စေလွှတ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် NDAA(မိုင်းလား) အဖွဲ့နှင့် UWSA(ဝ) အဖွဲ့တို့က မိမိတို့ဒေသများ၌ COVID-19 ရောဂါ ဖြစ်ပွားသူ မရှိသေးကြောင်းနှင့် ဖြစ်ပေါ်လာပါက အသုံးပြုနိုင်ရန် ဆေးရုံ၊ ဆေးခန်းများကို အသင့်ပြင်ဆင်ထားရှိပါကြောင်း၊ စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း၍လည်း စစ်ဆေးဆောင်ရွက်လျက် ရှိပါကြောင်း၊ နယ်စပ်ဝင်ပေါက်များကို ဇန်နဝါရီလကတည်းက ပိတ်၍ သွားရောက်ခြင်းများကို စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က NDAA (မိုင်းလား)အဖွဲ့နှင့် UWSA(ဝ) အဖွဲ့တို့အတွက် တစ်ဖွဲ့လျှင် PPE ဝတ်စုံ ၅၀၀၊ Surgical Masks အခု ၁၀၀၀၀၊ Goggles အခု ၁၀၀၊ Surgical Gloves အခု ၁၀၀၀၊ Bleaching Powder နှစ်ပုံး၊ Non-contact Thermometer အခု ၅၀၊ Hand Gel ဘူး ၂၅၀ နှင့် N 95 Mask အခု ၅၀၀နှင့် စားသောက်ဖွယ် ရာများအား အသီးသီးထောက်ပံ့ပေးအပ်ရာ NDAA(မိုင်းလား)အဖွဲ့နှင့် UWSA(ဝ)အဖွဲ့တို့က လက်ခံရယူခဲ့ကြသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ကျိုင်းတုံမြို့ရှိ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား Amazing Keng Tong Hotel ၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများအား တင်ပြကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား COVID-19 ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေး လုပ်ငန်း အထောက်အကူပြုပစ္စည်းများ ဖြစ်သည့် Surgical Masks ၁၀၀၀၀၊ Bleaching Powder သုံးပုံး၊ Non-contact Thermometer အခု ၅၀၊ Hand Gel ဘူး ၂၅၀ နှင့် N 95 Mask အခု ၅၀၀နှင့် စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများအား ထောက်ပံ့ပေးအပ်ရာ မြို့မိမြို့ဖများက လက်ခံရယူခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် UWSA(ဝ)အဖွဲ့အတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။
ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်ရေးအတွက် Exchange of Letters လက်မှတ်ရေးထိုးပွဲ တက်ရောက်

**နေပြည်တော် မေ ၁၁**

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့အကြား Exchange of Letters လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအေးလွင်နှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ခေတ္တဌာနေကိုယ်စားလှယ် Ms. Dawn Del Rio ၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ခေတ္တဌာနေကိုယ်စားလှယ် Ms. Cecile Fradot နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)တို့အကြား နားလည်မှုစာချွန်လွှာ (MoU) ကို ၂၀၁၈ ခုနှစ် ဇွန် ၆ ရက်က သုံးပွင့်ဆိုင်လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ယင်းနားလည်မှုစာချွန်လွှာအား ပထမအကြိမ်အဖြစ် ၂၀၁၉ ခုနှစ် ဇွန် ၆ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇွန် ၅ ရက်အထိ တစ်နှစ်သက်တမ်းရှိ Exchange of Letters ကို ၂၀၁၉ ခုနှစ် မေ ၂၈ ရက်တွင် သုံးပွင့်ဆိုင် လက်မှတ်ရေးထိုး၍ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ရခိုင်ပြည်နယ်တွင် နေထိုင်ခဲ့ဖူးသူများ ပြန်လည်လက်ခံခြင်းဆိုင်ရာ လုပ်ငန်းအားလုံးကို စီစစ်ရန်နှင့် ကြီးကြပ်ရန် နှစ်နိုင်ငံမှ ရွေးချယ်ထားသည့် ကိုယ်စားလှယ်များနှင့် ပူးတွဲလုပ်ငန်းအဖွဲ့ ( Joint Working Group – JWG )ကို မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ခေါင်းဆောင်သည့် ကိုယ်စားလှယ် ၁၃ ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းရေးမှူးချုပ်ခေါင်းဆောင်သည့် ကိုယ်စားလှယ် ၁၃ ဦးတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေး လေးကြိမ်ကို အောင်မြင်စွာကျင်းပပြီး ဖြစ်ပါကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပေးပို့လာသည့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ၏ အိမ်ထောင်စုစာရင်းနှင့် လူဦးရေစာရင်းများကို အသုတ်လိုက်ခွဲ၍ မိမိတို့တွင်ရှိပြီးဖြစ်သော စာရင်း၊ ဇယား၊ မှတ်တမ်းများအား နည်းပညာများအသုံးပြုကာ တိုက်ဆိုင်စိစစ်၊ စစ်ဆေးဆောင်ရွက်ကာ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် စာရင်းဇယားများ ပြန်လည်ပေးပို့လျက်ရှိပါကြောင်း၊ ထို့ပြင် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ (Technical Working Group – TWG) အစည်းအဝေးကို ၁၂ ကြိမ် ကျင်းပနိုင်ခဲ့ပြီး UNDP၊ UNHCR တို့မှ ဝန်ထမ်းများသည် ရခိုင်ပြည်နယ်အတွင်း ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များသို့ နယ်မြေကွင်းဆင်းဆောင်ရွက်မှု ခုနစ်ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကွင်းဆင်းလေ့လာမှုများမှ ရရှိသည့် အချက်အလက်များကို အခြေခံ၍ လက်ငင်းအကျိုးသက်ရောက်စေမည့် စုစုပေါင်း စီမံကိန်းလုပ်ငန်း ၄၅ ခုအား ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါကြောင်း။

**ဒုတိယအကြိမ် သက်တမ်းတိုး**

ထို့အပြင် ညောင်ချောင်းနှင့် ပဒင်းကျေးရွာတို့တွင် ဆောင်ရွက်မည့် စီမံကိန်းအသစ်များ လုပ်ငန်းဆောင်ရွက်ခွင့်ကိုလည်း ဧပြီလအတွင်းက ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များသည် သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုများပင်ဖြစ်ပါကြောင်း၊ UNDP ၊ UNHCR နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ နိုင်ငံခြားသားဝန်ထမ်းများကိုလည်း တာဝန်ကျရာနေရာဖြစ်သည့် မောင်တောအပါအဝင် ရခိုင်ပြည်နယ်အတွင်း ခွင့်ပြုထားသည့်နေရာများသို့ အသွားအပြန်ခရီးသွားလာခွင့်ကို လည်းကောင်း၊ ပြည်ဝင်ဗီဇာ သက်တမ်းတိုးမြှင့်ခြင်းကိစ္စရပ်များကို လည်းကောင်း အဆင်ပြေစွာ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် ထိထိရောက်ရောက် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ယခင် MoU ပါ သုံးပွင့်ဆိုင် ဆောင်ရွက်ရမည့် အချက်အလက်များအပေါ် ပြန်လည်သုံးသပ်ပြီး လာမည့်ကာလအတွင်း ပြောင်းလဲလာသည့် အခြေအနေပေါ်မူတည်၍ ပိုမိုထိရောက် အကျိုးရှိမည့် လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် MoU ကို ယခုဒုတိယအကြိမ်အဖြစ် တစ်နှစ်သက်တမ်းတိုး ဆောင်ရွက်မည့် Exchange of Letters လက်မှတ်ရေးထိုးဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊



*စာမျက်နှာ ၅ သို့*



## အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ

ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု ဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)**

# COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရေးအတွက် Quarantine ထားရှိရန် လျာထားသော ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဌာနပိုင်အဆောက်အဦများနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၁**

Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရေးအတွက် Quarantine ထားရှိရန် လျာထားသော ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဌာနပိုင်အဆောက်အဦများနှင့် စပ်လျဉ်း၍ Video Conferencing စနစ်ဖြင့် ညှိနှိုင်းအစည်းအဝေးကို မေ ၈ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) လောကနတ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကိုရိုနာဗိုင်းရပ်စ်ရောဂါသည် ကမ္ဘာလုံးဆိုင်ရာ ကူးစက်ပြန့်ပွားလျက်ရှိသောကြောင့် နိုင်ငံအားလုံးတွင် ရောဂါအန္တရာယ် ကြီးမားစွာခံစားနေရပြီး ကမ္ဘာ့နိုင်ငံအများစုတွင် Lock Down အစီအစဉ်ကို ချမှတ်တင်းကျပ်ထားသောကြောင့် လုပ်ငန်းအသီးသီး၏ ယန္တရားများ အတိုင်းအတာကြီးမားစွာ ရပ်ဆိုင်းသွားခဲ့ပါကြောင်း။

### ပြန်လည်ခေါ်ယူပေးလျက်ရှိ

ပြည်ပနိုင်ငံများသို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အလုပ်အကိုင်များဖြင့် ရောက်ရှိနေကြသော မြန်မာနိုင်ငံသားအချို့မှာ ဆက်လက်ရပ်တည်ရန် ခက်ခဲလာသောကြောင့် ၎င်းတို့၏ဆန္ဒအရ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူပေးလျက်ရှိရာ အိန္ဒိယနိုင်ငံတွင် ပုဂ္ဂလိကအစီအစဉ်ဖြင့် ပညာသင်ကြားနေကြသော ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ် ၂၅၈ ပါး/ ဦးတို့ကို ဧပြီ ၂၂ ရက်တွင် လည်းကောင်း၊ ကိုရီးယားနိုင်ငံရောက် ရဟန်း၊ လူပုဂ္ဂိုလ် ၉၆ ပါး/ ဦး (ရဟန်း ၁ ပါးအပါ)ကို ဧပြီ ၃၀ ရက်တွင် လည်းကောင်း လေကြောင်းခရီးဖြင့် ပြန်လည်ပင့်ဆောင်ခေါ်ယူနိုင်ခဲ့ပါကြောင်း။

အလားတူ သီရိလင်္ကာနိုင်ငံတို့မှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ် ၁၇၅ ပါး/ ဦး (မော်လဒိုက်မှ လူပုဂ္ဂိုလ် ၁၄ ဦးအပါအဝင်) တို့ကို မေ ၁၆ ရက်တွင် ပြန်လည်ပင့်ဆောင်ခေါ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

### ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်များက လည်းကောင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/ မန္တလေး) မှ သင်ကြားစီမံဆရာတော်များက လည်းကောင်း၊ စာသင်တိုက်များရှိ နာယကဆရာတော်များက လည်းကောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကင်းဝေးစေရန် ရတနသုတ်၊ မေတ္တာသုတ်၊ ပဋ္ဌာန်းဒေသနာတော်များကို သတ်မှတ်အချိန်များတွင် ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဧပြီ ၁ ရက်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး ၁၀ ပါးတို့က ဝေဟင်မှ လေယာဉ်ဖြင့် တစ်နိုင်ငံလုံးလွှမ်းခြုံအောင် ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ မေတ္တာပို့သခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

ဤဝန်ကြီးဌာနအနေဖြင့်လည်း ပြည်ပမှ ပြန်လည်ဝင်ရောက်လာကြသူများအတွက် Community Based Facility Quarantine စခန်းအဖြစ် အသုံးပြုနိုင်သော ဘာသာရေးအဆောက်အဦများ၊ ရုံးဌာနအဆောက်အဦများ၊ တက္ကသိုလ်ကျောင်းဆောင်များကို ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။



တိုင်းဒေသကြီး/ ပြည်နယ်များတွင် Community Based Facility Quarantine ထားရှိနိုင်မည့် ဘာသာရေးအဆောက်အဦ အရေအတွက်မှာ စုစုပေါင်း ၁၉၁ နေရာဖြစ်ပါကြောင်း၊ အဆိုပါနေရာများတွင် Quarantine ထားရှိနိုင်သော လျာထားဦးရေမှာ ၉၁၇၈ ဦးခန့်ဖြစ်ပြီး လက်ရှိစခန်းဝင်ရောက်နေသည့် အရေအတွက်မှာ ၁၄၀၄ ပါး/ဦး ဖြစ်ပါကြောင်း၊ အဆိုပါစခန်းများတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် အိပ်ရာ၊ နေရာ၊ ရေ၊ မီး၊ မိလ္လာတို့ကို စီစဉ်ပေးလျက်ရှိပြီး စားသောက်ရေးလိုအပ်ချက်ကို ဘာသာရေး/လူမှုရေးအဖွဲ့အစည်းများမှ တစ်ဆင့် အလှူရှင်မေတ္တာရပ်ခံ၍ အဆင်ပြေအောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

### ဆက်ကပ်လှူဒါန်း

ထို့အပြင် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) ကလည်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ ရဟန်း၊ သာမဏေ၊ သီလရှင်များ ဆွမ်းကွမ်းကိစ္စ အဆင်ပြေစေရန်အတွက် ကျောင်းပေါင်း ၆၀၂၄ ကျောင်းနှင့် သံဃာ ၃၄၉၄၄ ပါးတို့အတွက် ဆွမ်းစရိတ် ငွေကျပ် ၃၅၅၄၅၀၀၀၀ ကို တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူးများက သက်ဆိုင်ရာ ဆရာတော်များထံ ဆက်ကပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရေးအတွက် Community Based Facility Quarantine သတ်မှတ်ထားသော ဘာသာရေးဆိုင်ရာ အဆောက်အဦများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၏ အစီအစဉ်ဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ရဟန်း၊ သာမဏေ၊ သီလရှင်ကျောင်းများအတွက် ဆွမ်းစရိတ် ဆက်ကပ်လှူဒါန်းမှုအခြေအနေကို Video Conferencing စနစ်ဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အနုပညာတက္ကသိုလ် (ရန်ကုန်/ မန္တလေး) မှ ပါမောက္ခချုပ်များ၊ ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်(စီမံ)၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ သာသနာရေးမှူးများနှင့် အနုပညာအထက်တန်းကျောင်း (ရန်ကုန်/ မန္တလေး/ ပြည်) မှ ကျောင်းအုပ်ကြီးများက Video Conferencing ဖြင့် ဆွေးနွေးတင်ပြကြသည်။

### ဆွေးနွေးတင်ပြ

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ကိုဗစ်-၁၉ လူနာများအား ဘာသာရေးအဆောက်အဦများနှင့် ဝန်ကြီးဌာနပိုင်အဆောက်အဦများတွင် Community Based Facility Quarantine ထားရှိစဉ် အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံ၏ အမျိုးသားရေးအကျိုးစီးပွား ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရန်မှာ နိုင်ငံ့ဝန်ထမ်းအားလုံးတွင် တာဝန်ရှိပါကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ပြန့်ပွားမှု တားဆီးထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ခံယူကာ အလေးထား ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၄ မှ*

ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များတွင် အထောက်အကူပြု ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည့် UNDP နှင့် UNHCR တို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်းနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ လက်ငင်းအကျိုးရှိသည့် စီမံကိန်းများ ဖန်တီးပေးနိုင်ရေးတို့အတွက် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအေးလွင်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ခေတ္တဌာနေကိုယ်စားလှယ် Ms. Dawn Del Rio နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ခေတ္တဌာနေကိုယ်စားလှယ် Ms. Cecile Fradot တို့က ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်တင်၊ ဦးမြင့်ကြိုင်နှင့် ဦးစိုးအောင်တို့ ရှေ့မှောက်တွင် Exchange of Letters ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် UNDP၊ UNHCR တို့ အကြား နားလည်မှုစာချွန်လွှာကို ၂၀၁၈ ခုနှစ် ဇွန် ၆ ရက်တွင် လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ရာ MoU တစ်နှစ်သက်တမ်းတိုးသည့် ပထမအကြိမ် Exchange of Letters ကို ၂၀၁၉ ခုနှစ် မေ ၂၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ယခု ဒုတိယအကြိမ်အဖြစ် ပြန်လည်လက်ခံရေး အထောက်အကူပြုလုပ်ငန်းစဉ်များကို ၂၀၂၀ ပြည့်နှစ် ဇွန် ၆ ရက်မှ ၂၀၂၁ ခုနှစ် ဇွန် ၅ ရက်အထိ တစ်နှစ်သက်တမ်းတိုး ဆောင်ရွက်နိုင်ရန် Exchange of Letters လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့နှင့် နှစ် ၂၀၀ ပြည့် နိုက်တင်ဂေးမွေးနေ့

ကောင်းစည်သူ

**နှစ်စဉ် မေလ ၁၂ ရက်နေ့သို့ရောက်ရှိတိုင်း အပြည်ပြည်ဆိုင်ရာ သူနာပြုကောင်စီ(ICN) က ကြီးမှူး၍ ကမ္ဘာတစ်ဝန်း၌ အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ကို ၁၉၆၅ ခုနှစ်မှစ၍ ကျင်းပခဲ့ရာ ယခု ၂၀၂၀ ပြည့်နှစ်တွင် (၅၆) ကြိမ်ရှိပြီဖြစ်သည်။ ၁၉၅၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ကျန်းမာရေး၊ ပညာရေးနှင့် ဖူလုံရေးဌာနမှ အရာရှိ ဒေါ်ရိုသီဆူသာလန်က အမေရိကန်သမ္မတ အိုက်ဆင်ဟောင်ဝါထံ သူနာပြုနေ့သတ်မှတ်ပေးရန် အဆိုပြုခဲ့ရာ သမ္မတက အတည်မပြုခဲ့သော်လည်း သူနာပြုများနေ့ ဖြစ်ပေါ်လာရန် အစပြုခဲ့သည်။**

သူနာပြုလောက၏ မိခင်ကြီးဟု ဆိုကြရသည့် ဖလောရင့်စ်နိုက်တင်ဂေး၏ နှစ်ပတ်လည်မွေးနေ့ကို နှစ်စဉ် မေလ ၁၂ ရက်နေ့တွင် ကျင်းပရန် ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလက သတ်မှတ်ခဲ့သည်။ မီးအိမ်ရှင်ဟု ကမ္ဘာတစ်ဝန်းထင်ရှားခဲ့သည့် ဖလောရင့်စ် နိုက်တင်ဂေးအမည်ရှိ သူနာပြုဆရာမကြီးကို ၁၈၂၀ ပြည့်နှစ် မေလ ၁၂ ရက်နေ့တွင် အီတလီနိုင်ငံ ဖလောရင့်စ်မြို့တွင် မွေးဖွားခဲ့သဖြင့် ယခု ၂၀၂၀ ပြည့်နှစ် မေလ ၁၂ ရက်နေ့သည် သူ၏ နှစ် ၂၀၀ ပြည့်မွေးနေ့ဖြစ်ပြီး နိုက်တင်ဂေးသည် ၁၉၁၀ ပြည့်နှစ် ဩဂုတ် ၁၃ ရက်တွင် လန်ဒန်မြို့၌ ကွယ်လွန်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာသူနာပြုကောင်စီသည် ကမ္ဘာတစ်ဝန်းမှ သူနာပြုများ အသုံးပြုရန် သူနာပြုနေ့အသုံးအဆောင်ပစ္စည်း သေတ္တာများကို နှစ်စဉ် ဖြန့်ဖြူးပေးလျက်ရှိရာ အသိပညာပေးနှင့် သတင်းအချက်အလက်ဆိုင်ရာ ပစ္စည်းများပါဝင်သည်။ ထို့အတူ အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ ဆောင်ပုဒ်ကို ၁၉၈၈ ခုနှစ်မှ စတင်၍ နှစ်စဉ် သတ်မှတ်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ဆောင်ပုဒ်သည် Nursing the World to Health ဖြစ်သည်။

**ဖလောရင့်စ် နိုက်တင်ဂေး**

ဖလောရင့်စ် နိုက်တင်ဂေးသည် ဗြိတိသျှလူမျိုး လူမှုပြုပြင်ရေးသမား၊ စာရင်းအင်းပညာရှင်နှင့် ခေတ်သစ်သူနာပြု အတတ်ပညာကို တည်ထောင်ခဲ့သူ ဖြစ်သည်။

နိုက်တင်ဂေးသည် ခရိုင်းမီးယားစစ်ပွဲအတွင်း ဒဏ်ရာရ စစ်သည်များကို ပြုစုစောင့်ရှောက်ရန် တာဝန်ပေးခံခဲ့ရစဉ် စစ်မြေပြင်၌ ဒဏ်ရာရ စစ်သည်များကို ညအချိန်များတွင် မီးအိမ်တစ်လုံးဖြင့် လိုက်လံကြည့်ရှု ပြုစုစောင့်ရှောက်ခဲ့သဖြင့် မီးအိမ်ရှင်ဟု ထင်ရှားခဲ့သည်။ သူနာပြုလုပ်ငန်းကို အလွန်မြင့်မြတ်သော ပညာရပ်တစ်ခုသာမက အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုဖြစ်လာစေရန် နိုက်တင်ဂေး၏ ကြိုးပမ်းခဲ့မှုများကိုမူ အရေးပါသော လုပ်ငန်းတစ်ရပ်အဖြစ် ကမ္ဘာတစ်ဝန်းမှ ပြည်သူများက လက်ခံခဲ့ကြသည်။

နိုက်တင်ဂေးသည် ၁၈၆၀ ပြည့်နှစ်တွင် စိန့်သောမတ်စ်ဆေးရုံ၌ သူနာပြုသင်တန်းကျောင်းကို ဖွင့်လှစ်ကာ သူနာပြုအသက်မွေးပညာရပ်ကို ထူထောင်ခဲ့သည်။ယင်းကျောင်းသည် ကမ္ဘာ့ပထမဆုံးသော သူနာပြုသင်တန်းကျောင်းဖြစ်၍ ယခုအခါတွင် လန်ဒန်မြို့ ကင်းကောလိပ်၏ ကျောင်းခွဲတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ သူ၏ သူနာပြုလုပ်ငန်းအပေါ် စွန့်ဦးလုပ်ဆောင်မှုကို အသိအမှတ်ပြုသောအားဖြင့် သူနာပြုအသစ်များသည် နိုက်တင်ဂေး ကတိသစ္စာပြုလွှာကို ရွတ်ဆိုကြရပြီး နိုင်ငံတကာသူနာပြုထူးချွန်ဆုကို ဖလောရင့်စ်နိုက်တင်ဂေးဆုဟု အမည်ပေးခဲ့သည်။

သူ၏ လူမှုရေး ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ချက်များတွင် ဗြိတိန်နိုင်ငံ လူမှုအဖွဲ့အစည်းကို ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်စေခြင်းလည်း ပါဝင်ခဲ့သည်။ နိုက်တင်ဂေးသည် စာရေးသူတစ်ဦးလည်းဖြစ်ကာ သူ၏ သက်တမ်းတစ်လျှောက်ရေးသားခဲ့သော စာမူများသည် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ ဖြန့်ဝေပေးခြင်းများသာဖြစ်ခဲ့ပေသည်။ သူသည် ရိုးရှင်းသော အင်္ဂလိပ်စကားဖြင့် ရေးသားခဲ့သဖြင့် သူ၏ စာများကို ပညာအရည်အချင်း နည်းပါးသူများပင် အလွယ်တကူ နားလည်ခဲ့ကြသည်။

ဖလောရင့်စ်နိုက်တင်ဂေးသည် သူ၏ ထူးချွန်သော ဆောင်ရွက်မှုများကြောင့် ၁၈၈၃ ခုနှစ်တွင် Royal Red Cross ဆု၊ ၁၉၀၄ ခုနှစ်တွင် Lady of Grace of the Order of St John ဆု နှင့် ၁၉၀၇ ခုနှစ်တွင် Order of Merit ဆုကို ရရှိခဲ့သည်။

**နိုက်တင်ဂေး၏ ငယ်စဉ်ဘဝ**

နိုက်တင်ဂေးကို ကြွယ်ဝချမ်းသာသော ဗြိတိသျှလူမျိုး မိဘနှစ်ပါးက အီတလီနိုင်ငံ ဖလောရင့်စ်မြို့တွင် ၁၈၂၀ ပြည့်နှစ် မေလ ၁၂ ရက်နေ့က မွေးဖွားခဲ့ပြီး သူ၏နာမည်ကို ဖွားမြင်ခဲ့သည့် မြို့အမည်ပေးခဲ့သည်။



ဖလောရင့်စ် နိုက်တင်ဂေးရုပ်တု

နိုက်တင်ဂေး၏ အစ်မကို မွေးဖွားခဲ့စဉ်ကလည်း သူ့ကို ဖွားမြင်ခဲ့သည့် နေပယ်မြို့ရှိ ဂရိရပ်ကွက်ဖြစ်သည့် ပင်သီနော့ အမည်ကိုပင် မှည့်ခေါ်ခဲ့သည်။ နိုက်တင်ဂေး၏ မိဘများသည် ၁၈၂၁ ခုနှစ်တွင် အင်္ဂလန်နိုင်ငံသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ခဲ့ကာ နိုက်တင်ဂေးသည် အင်္ဂလန်နိုင်ငံ၌ ကြီးပြင်းခဲ့သည်။

နိုက်တင်ဂေး၏ မိဘနှစ်ပါးသည် ဝီလျံအက်ဒ်ဝပ်နိုက်တင်ဂေး(၁၇၉၄-၁၈၇၄)နှင့် ဖရန့်စ်နိုက်တင်ဂေး နီးစမစ်(၁၇၈၈-၁၈၈၀) ဖြစ်သည်။ နိုက်တင်ဂေးသည် ငယ်စဉ်ကပင် မိဘနှစ်ပါးထံမှ လူသားချင်းစာနာစိတ်အမြင်ကို အမွေရရှိခဲ့ကာ အခြားသူများ၏ အကျိုးကို ဆောင်ရွက်ရန် အလွန်စိတ်အား ထက်သန်ခဲ့သည်။ နိုက်တင်ဂေးသည် ၁၈၄၄ ခုနှစ်တွင် မိဘများ၏ တားမြစ်ခြင်းကို ဆန့်ကျင်လျက် သူနာပြုလောကသို့ ဝင်ရောက်ခဲ့သဖြင့် မိခင်နှင့် အစ်မဖြစ်သူတို့က သူ၏လုပ်ရပ်အပေါ် အလွန်ဒေါသထွက်ခဲ့ကြသည်။ ထိုစဉ်က ချမ်းသာကြွယ်ဝသော အသိုက်အဝန်းမှ အင်္ဂလိပ်မိန်းကလေးငယ်များသည် သူနာပြုလုပ်ငန်းကို စိတ်ဝင်စားလေ့မရှိကြသော်လည်း နိုက်တင်ဂေးသည် သူနာပြု အတတ်ပညာကို ကြိုးစားသင်ယူခဲ့သည်။

လုပချောမော၍ နှစ်လိုဖွယ် အပြုံးပိုင်ရှင် နိုက်တင်ဂေးကို နိုင်ငံရေးသမားနှင့် ကဗျာဆရာ ရစ်ချတ်မော့ခ်တန်မယ်လ်နီးစ်က ကိုးနှစ်ကြာသည့်တိုင် ချစ်ရေးဆိုခဲ့သော်လည်း အိမ်ထောင်ပြုလျှင် သူနာပြုလုပ်ငန်းများတွင် အနှောင့်အယှက်ဖြစ်မည်ကိုစိုးသဖြင့် ငြင်းပယ်ခဲ့သည်။ ၁၈၄၇ ခုနှစ်တွင် နိုက်တင်ဂေးသည် စစ်ဘက်ရေးရာဝန်ကြီး ဆစ်ဒနီဟားဗတ်နှင့် တွေ့ဆုံခဲ့ကာ ဘဝတစ်လျှောက်လုံး ရင်းနှီးခင်မင်သော မိတ်ဆွေများဖြစ်ခဲ့ကြသည်။

**ခရိုင်းမီးယားစစ်ပွဲ**

၁၈၅၄ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် နိုက်တင်ဂေးသည် သူ လေ့ကျင့်ပေးထားသော စေတနာ့ဝန်ထမ်းသူနာပြု ၃၈ ဦး၊ ကက်သလစ်ဘာသာဝင် သီလရှင် ၁၅ ပါးနှင့်အတူ အော်တိုမန်အင်ပါယာသို့ သွားရောက်ခဲ့သည်။ ပြင်သစ်နိုင်ငံသို့ရောက်ရှိစဉ် သူဦးဆောင်သည့်အဖွဲ့ကို နိုက်တင်ဂေး၏ မိတ်ဆွေ မေရီကလပ်က အကူအညီပေးခဲ့ကာ ပင်လယ်နက်ကို ဖြတ်သန်း၍ ရေမိုင် ၂၉၅ မိုင်ကွာဝေးသည့် ခရိုင်းမီးယားရှိ ဗြိတိသျှ အခြေစိုက်စခန်းသို့ ၁၈၅၄ ခုနှစ် နိုဝင်ဘာလ အစောပိုင်းတွင် ရောက်ရှိခဲ့သည်။ နိုက်တင်ဂေးနှင့် အဖွဲ့သည် စစ်မြေပြင်တွင် ဒဏ်ရာရရှိခဲ့သော လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အလွန်အားနည်းနေပုံကို တွေ့ရှိခဲ့သည်။

စစ်မြေပြင်စခန်း၌ ဆေးဝါး မလုံလောက်မှု၊ ကျန်းမာရေးကို လျစ်လျူရှုမှု၊ ရောဂါပိုးအများအပြား ကူးစက်နေမှု၊ လူနာများအတွက် အစားအစာထုတ်လုပ်ပေးသည့် စက်ပစ္စည်းများ မရှိမှုတို့သည် စစ်သည်များကို အသက်ဆုံးရှုံးစေနိုင်ကြောင်း မြင်တွေ့ သိရှိခဲ့သည်။

ထို့ကြောင့် ဗြိတိသျှအစိုးရထံသို့ ဆိုးရွားနေသည့်အခြေအနေများကို ဖြေရှင်းပေးရန် တိုင်းမ်သတင်းစာမှတစ်ဆင့် တောင်းဆိုခဲ့သဖြင့် ဗြိတိသျှအစိုးရက Renkioi ဆေးရုံကို တည်ဆောက်ပေးခဲ့ရာ သေဆုံးမှုနှုန်း ၄၂ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းအထိ ကျဆင်းစေခဲ့သည်။ နိုက်တင်ဂေးက စစ်သည်များ သေဆုံးမှုသည် အာဟာရချို့တဲ့မှု၊ ပံ့ပိုးမှု နည်းပါးမှု၊ လေကောင်းလေသန့်မရရှိမှု၊ တာဝန်ထမ်းဆောင်ရချိန် အလွန်များပြားမှုတို့ကြောင့် ဖြစ်ရကြောင်း ယုံကြည်ခဲ့သည်။

ခရိုင်းမီးယား၊ စကုတာရီသို့ နိုက်တင်ဂေးရောက်ရှိခဲ့သည့် ပထမနှစ်ဆောင်းရာသီတွင် စစ်သည် ၄၀၇၇ ဦး သေဆုံးခဲ့ရာ အူရောင်ငန်းဖျား၊ ဝမ်းရောဂါ၊ ဝမ်းကိုက်ရောဂါတို့ကြောင့် သေဆုံးသူဦးရေက စစ်မြေပြင်တွင် ရရှိခဲ့သည့် ဒဏ်ရာများကြောင့် သေဆုံးသူဦးရေ၏ ၁၀ ဆရှိခဲ့သည်။ စခန်းတွင်စစ်သည် ဦးရေများပြားပြီး မိလ္လာစနစ် ချွတ်ယွင်းမှုများ၊ လေဝင် လေထွက်မကောင်းမှုများရှိခဲ့ကာ နိုက်တင်ဂေးရောက်ရှိပြီး ခြောက်လအကြာတွင် ဗြိတိသျှအစိုးရက ပြုပြင်ပေးခဲ့သည်။

**မီးအိမ်ရှင်**

နိုက်တင်ဂေး၏ ခရိုင်းမီးယားစစ်ပွဲတွင် တာဝန်ထမ်းဆောင်မှုကို The Times သတင်းစာက The Lady with the Lamp ဟု ဖော်ပြခဲ့ရာမှ မီးအိမ်ရှင်ဟု ထင်ရှားခဲ့သည်။ သူ တာဝန်ထမ်းဆောင်သည့် ဆေးရုံတွင် ဆေးရုံစင်္ကြံလမ်းတိုင်းကို ညဘက်တွင် မီးအိမ်တစ်လုံးနှင့် လှည့်ပတ်ကြည့်ရှုလေ့ရှိသည့် နိုက်တင်ဂေးကို မြင်ရသည့် စစ်သည်လူနာများ၏ မျက်နှာများသည် နူးညံ့ပျော့ပျောင်းသွားကြပေသည်။ တာဝန်ကျဆေးဝန်ထမ်းများအားလုံး နားကြသည့် တိတ်ဆိတ်မှောင်မိုက်နေသည့် ညပိုင်းအချိန်တွင် နိုက်တင်ဂေးသည် မီးအိမ်တစ်လုံးကိုဆွဲကာ လူနာများကို လိုက်လံပြုစုစောင့်ရှောက်ခဲ့သည်။

ခရိုင်းမီးယားစစ်ပွဲကာလတွင် နိုက်တင်ဂေး၏ စွမ်းဆောင်မှုများကို အသိအမှတ်ပြု၍ သူနာပြုများအား လေ့ကျင့်သင်ကြားပေးရန် ၁၈၅၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် နိုက်တင်ဂေးရန်ပုံငွေအဖွဲ့ကို ခရိုင်းမီးယား၌ ထူထောင်ခဲ့ရာ အလှူငွေများစွာရရှိခဲ့သည်။ ယင်းအဖွဲ့ဥက္ကဋ္ဌသည် ကင်းဗရစ်ချ်မြို့စားကြီးဖြစ်၍ စစ်ဘက်ရေးရာဝန်ကြီး ဆစ်ဒနီဟားဗတ်က ဂုဏ်ထူးဆောင် အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ ၁၈၆၀ ပြည့်နှစ်တွင် နိုက်တင်ဂေးသည် ရန်ပုံငွေ ပေါင် ၄၅၀၀၀ ဖြင့် စိန့်သောမတ်စ်ဆေးရုံတွင် နိုက်တင်ဂေး သူနာပြုသင်တန်းကျောင်းကို တည်ထောင်ခဲ့သည်။ နိုက်တင်ဂေး၏ သင်တန်းကျောင်းမှ ပထမအသုတ် သူနာပြုများသည် လီဗာပူးလ်ရှိ ဆင်းရဲသူများဆေးရုံတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါတွင် ယင်းသင်တန်းကျောင်းသည် ဖလောရင့်စ်နိုက်တင်ဂေးသူနာပြုနှင့် သားဖွားသင်တန်းအဖြစ် လန်ဒန်မြို့ရှိ ကောလိပ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရပ်တည်နေသည်။

နိုက်တင်ဂေးသည် သူနာပြုမှတ်စုများစာအုပ်ကို ၁၈၅၉ ခုနှစ်တွင် ထုတ်ဝေခဲ့ရာ နိုက်တင်ဂေးသူနာပြု သင်တန်းကျောင်း၏ သင်ရိုးညွှန်းတမ်း စာအုပ်ဖြစ်လာခဲ့သည်။နိုက်တင်ဂေးသည် အသက်ကြီးလာချိန်တွင် သူနာပြု လုပ်ငန်းတိုးမြှင့်ရေးနှင့် စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

နိုက်တင်ဂေး လေ့ကျင့်ပျိုးထောင်ပေးခဲ့သည့် သူနာပြုများသည် ၁၈၈၂ ခုနှစ်တွင် လန်ဒန်မြို့ရှိ ဆေးရုံများအပါအဝင် ဗြိတိန်နိုင်ငံရှိ ဆေးရုံများနှင့် ဩစတြေးလျနိုင်ငံ ဆစ်ဒနီဆေးရုံတွင် သူနာပြုအုပ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ခဲ့ကြသည်။၁၈၈၃ ခုနှစ်တွင် နိုက်တင်ဂေးသည် တော်ဝင် ကြက်ခြေနီ (Royal Red Cross) တံဆိပ်ကို ပထမဆုံးရရှိခဲ့သည်။ ထို့အတူ ၁၉၀၇ ခုနှစ်တွင် Order of Merit ဆုကို ရရှိသည့် ပထမဆုံး အမျိုးသမီးဖြစ်လာခဲ့သည်။

နိုက်တင်ဂေးသည် အသက်ထက်ဆုံးတိုင် သူနာပြုလောက၏ ကောင်းကျိုးများကို ဆောင်ရွက်ခဲ့ကာ အသက် ၉၀ အရွယ်၌ ကွယ်လွန်ခဲ့သည်။ ကျန်းမာရေးကဏ္ဍ၊ သူနာပြုနယ်ပယ်ကို ဦးဆောင်ခဲ့သူ နိုက်တင်ဂေးကို မီးအိမ်ရှင်တစ်ဦးအဖြစ် ယနေ့တိုင် မမေ့နိုင်ကြဘဲ နိုက်တင်ဂေး ရုပ်တုများကို လန်ဒန်မြို့၌ စိုက်ထူခဲ့သည်။ ထို့အတူ နိုက်တင်ဂေးပြတိုက်ကို လန်ဒန်မြို့ စိန့်သောမတ်စ်ဆေးရုံတွင် ၂၀၁၀ ပြည့်နှစ် မေလက ဖွင့်လှစ်ခဲ့သည်။ သူနာပြုလောက၏ ရှေ့ဆောင်ပုဂ္ဂိုလ် နိုက်တင်ဂေး၏ မွေးနေ့ မေလ ၁၂ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့ဟု သတ်မှတ်ခဲ့သည်။ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ကလည်း ၁၉၂၀ ပြည့်နှစ်ကစ၍ နိုင်ငံတကာမှ ထူးချွန်သူနာပြုများကို ဖလောရင့်စ်နိုက်တင်ဂေး ဆုတံဆိပ်ကို ချီးမြှင့်ခဲ့သည်။

"နိုက်တင်ဂေးသည် ခရိုင်းမီးယားစစ်ပွဲအတွင်း ဒဏ်ရာရစစ်သည်များကို ပြုစုစောင့်ရှောက်ရန် တာဝန်ပေးခံခဲ့ရစဉ် စစ်မြေပြင်၌ ဒဏ်ရာရစစ်သည်များကို ညအချိန်များတွင် မီးအိမ်တစ်လုံးဖြင့် လိုက်လံကြည့်ရှု ပြုစုစောင့်ရှောက်ခဲ့သဖြင့် မီးအိမ်ရှင်ဟု ထင်ရှားခဲ့သည်။ သူနာပြုလုပ်ငန်းကို အလွန်မြင့်မြတ်သော ပညာရပ်တစ်ခုသာမက အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုဖြစ်လာစေရန် နိုက်တင်ဂေး၏ ကြိုးပမ်းခဲ့မှုများကိုမူ အရေးပါသော လုပ်ငန်းတစ်ရပ်အဖြစ် ကမ္ဘာတစ်ဝန်းမှ ပြည်သူများက လက်ခံခဲ့ကြ"

စာမျက်နှာ ၇ သို့

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၁၈၂၂ | ၁၈၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၇၄ | ၆ |

**စောင့်ကြည့်လူနာ စုစုပေါင်း - ၃၉၁၆**

**ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၅၉ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)**

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၅ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၆ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| | စုစုပေါင်း | ၁၈၀ | ၆ |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၁-၅-၂၀၂၀ ရက်၊ ည (၈)နာရီ

## ၁၁-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၃၆၈၀၃၆ | ၂၅၆၃၃၆ | ၈၀၇၈၉ |
| ၂။ | စပိန် | ၂၆၈၁၄၃ | ၁၇၇၈၆၄ | ၂၆၇၄၄ |
| ၃။ | ရုရှား | ၂၂၁၃၄၄ | ၃၉၈၀၁ | ၂၀၀၉ |
| ၄။ | ဗြိတိန် | ၂၁၉၁၈၃ | စိစစ်ဆဲ | ၃၁၈၅၅ |
| ၅။ | အီတလီ | ၂၁၉၀၇၀ | ၁၀၅၁၈၆ | ၃၀၅၆၀ |
| ၆။ | ပြင်သစ် | ၁၇၆၉၇၀ | ၅၆၂၁၇ | ၂၆၃၈၀ |
| ၇။ | ဂျာမနီ | ၁၇၁၉၉၉ | ၁၄၅၆၀၀ | ၇၅၆၉ |
| ၈။ | ဘရာဇီး | ၁၆၃၅၁၀ | ၆၄၉၅၇ | ၁၁၂၀၇ |
| ၉။ | တူရကီ | ၁၃၈၆၅၇ | ၉၂၆၉၁ | ၃၇၈၆ |
| ၁၀။ | အီရန် | ၁၀၉၂၈၆ | ၈၇၄၂၂ | ၆၆၈၅ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၁ - ၅ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၂၃၈၂၂ | ၂၇၂၁ | ၂၀ |
| အင်ဒိုနီးရှား | ၁၄၂၆၅ | ၂၈၈၁ | ၉၉၁ |
| ဖိလစ်ပိုင် | ၁၁၀၈၆ | ၁၉၉၉ | ၇၂၆ |
| မလေးရှား | ၆၇၂၆ | ၅၁၁၃ | ၁၀၉ |
| ထိုင်း | ၃၀၁၅ | ၂၇၉၆ | ၅၆ |
| ဗီယက်နမ် | ၂၈၈ | ၂၄၉ | ၀ |
| မြန်မာ | ၁၈၀ | ၇၄ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၄ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၀ | ၀ |
| လာအို | ၁၉ | ၁၃ | ၀ |

## သီပေါ၌ ခြေကျင်၊ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးနှင့် ယာဉ်များမှ နှာခေါင်းစည်းမတပ်သူများကို ပညာပေးဟောပြော၊ နှာခေါင်းစည်းများ အခမဲ့တပ်ဆင်ပေး

**သီပေါ မေ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် အကြောင်းအမျိုးမျိုးကြောင့် မဖြစ်မနေသွားလာလှုပ်ရှားနေကြသည့် လမ်းလျှောက်သူများ၊ စက်ဘီး၊ ဆိုင်ကယ်စီးနင်းလိုက်ပါသူများ၊ ယာဉ်မောင်း၊ နောက်လိုက်၊ ခရီးသည်များအားလုံး နှာခေါင်းစည်းတပ်ဆင်သွားလာရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးသန်းထွေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၉ နာရီက မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ်ပြည်ထောင်စုလမ်းမကြီး ပြည်သူ့ဆေးရုံအနီးလမ်းလေးဆုံ၌ ကိုဗစ်-၁၉ ဆိုင်ရာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် လမ်းလျှောက်သူများ၊ စက်ဘီး၊ ဆိုင်ကယ်စီးနင်းသူများနှင့် မော်တော်ယာဉ်ပေါင်းစုံတို့မှ နှာခေါင်းစည်းတပ်ဆင်ခြင်းမရှိသူများကို ကိုဗစ်-၁၉ဆိုင်ရာပညာပေးဟောပြောမှုများ ဆောင်ရွက်ပြီး အမှတ်(၁၂၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ဖွဲ့စိတ်(သီပေါ)တာဝန်ခံတပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့် တပ်ဖွဲ့ဝင်များက နှာခေါင်းစည်းများ အခမဲ့တပ်ပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် မေ ၁၁ - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

ဖလောရင့်စ် နိုက်တင်ဂေးကို ဂုဏ်ပြုရိုက်ကူးသည့် ရုပ်ရှင်များ၊ ရုပ်မြင်သံကြားဇာတ်လမ်းများ၊ စာအုပ်များထွက်ရှိခဲ့ပြီး အင်္ဂလန်နိုင်ငံ ဗဟိုဘဏ်က ထုတ်ဝေသည့် ၁၀ ပေါင် ငွေစက္ကူ ကျောဘက်တွင် နိုက်တင်ဂေး၏ပုံကို ရိုက်နှိပ်ခဲ့သည်။

### ဖလောရင့်စ်နိုက်တင်ဂေး ဆုတံဆိပ်

၁၉၀၇ ခုနှစ်တွင် လန်ဒန်မြို့၌ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းများ အဋ္ဌမအကြိမ်ညီလာခံက ကမ္ဘာတစ်ဝန်းမှ ထူးချွန်သူနာပြုများကို ဖလောရင့်စ်နိုက်တင်ဂေးဆုတံဆိပ် ချီးမြှင့်ရန် ဆုံးဖြတ်ခဲ့ကြပြီး ၁၉၁၂ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) က ဆုတံဆိပ်ကို ဖန်တီး၍ ၁၉၂၀ ပြည့်နှစ်တွင် စတင်ချီးမြှင့်ခဲ့သည်။

ဖလောရင့်စ်နိုက်တင်ဂေးဆုတံဆိပ်ကို ပဋိပက္ခ သို့မဟုတ် ဘေးဒုက္ခ ရင်ဆိုင်နေရချိန်တွင် ဒဏ်ရာရရှိနေသူများ၊ ဖျားနာနေကြသူများ၊ မသန်စွမ်းသူများနှင့် ဒုက္ခသည်များကို ရွပ်ရွပ်ချွံချွံ ပြုစု စောင့်ရှောက်ခဲ့သည့် သူနာပြုနှင့် သူနာပြုအကူများကို ချီးမြှင့်ခဲ့ရာ၂၀၂၀ ပြည့်နှစ် မတိုင်မီအထိ ကမ္ဘာတစ်ဝန်းမှ သူနာပြု ၁၅၁၂ ဦးက ဆုတံဆိပ်ကို ဆွတ်ခူးခဲ့ကြသည်။ ဆုတံဆိပ် စတင်ချီးမြှင့်ခဲ့စဉ်က အမျိုးသမီးသူနာပြုများကိုသာ ရွေးချယ်ချီးမြှင့်ခဲ့သော်လည်း ၁၉၉၁ ခုနှစ်မှစ၍ ထူးချွန်အမျိုးသားသူနာပြုများ ချီးမြှင့်နိုင်ကြောင်း စည်းမျဉ်းကို ပြင်ဆင်သတ်မှတ်ကာ နှစ်နှစ်လျှင် တစ်ကြိမ်၊ ဦးရေ ၅၀ ထက် မပိုလွန်စေဘဲ ဖလောရင့်စ်နိုက်တင်ဂေး ဆုတံဆိပ်ကို ချီးမြှင့်ခဲ့ရာ ၂၀၁၉ ခုနှစ်တွင် နိုင်ငံ ၁၉ နိုင်ငံမှ သူနာပြု ၂၉ ဦးက ဆုရရှိခဲ့သည်။

ဖလောရင့်စ်နိုက်တင်ဂေးဆုတံဆိပ်ကို မြန်မာနိုင်ငံမှ သူနာပြုလေးဦးက ဆွတ်ခူးခဲ့ရာ အမှတ်(၂)တပ်မတော်စစ်ဆေးရုံတွင် တာဝန်ထမ်းဆောင်ခဲ့သူ ဗိုလ်ခင်အုန်းမြ (နောင်တွင် ဗိုလ်မှူး)က ၁၉၆၃ ခုနှစ်တွင် ပထမဆုံးရရှိခဲ့သည်။ ဖလောရင့်စ်နိုက်တင်ဂေးဆုတံဆိပ်ကို မြန်မာနိုင်ငံမှ ဒုတိယမြောက်ရရှိခဲ့သူသည် မူဆယ်ပြည်သူ့ဆေးရုံမှ သူနာပြုဆရာမကြီး ဒေါ်အမ်ယောနမ်ဖြစ်ကာ ၁၉၉၃ ခုနှစ်တွင် ရရှိခဲ့သည်။ တတိယမြောက်ရရှိသူသည် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် သောင်သွပ်ကျန်းမာရေး ဌာနခွဲမှ သားဖွားဆရာမ ဒေါ်သိန်းရီဖြစ်ကာ မီးလောင်နေသည့်အိမ်အတွင်းမှ ကလေးငယ်အား အသက်ကို ပဓာနမထားဘဲ ကယ်တင်ခဲ့သဖြင့် ၂၀၀၁ ခုနှစ်တွင် ဆုရရှိခဲ့သည်။

မြန်မာနိုင်ငံမှ ဖလောရင့်စ်နိုက်တင်ဂေးဆုကို စတုတ္ထမြောက်ရရှိသူမှာ ဟိုင်းကြီးကျွန်းတိုက်နယ်ဆေးရုံမှ အထက်တန်း သူနာပြု ဦးစနိုင်နိုင်ထွန်းဖြစ်ကာ ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်းကာလတွင် ရွပ်ရွပ်ချွံချွံ တာဝန်ထမ်းဆောင်ခဲ့သဖြင့် ၂၀၁၅ ခုနှစ်တွင် ဆုတံဆိပ်ရရှိခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိ မကျန်းမာသူများနှင့် လူနာများကို ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးရာတွင် ဆရာဝန်များက ကုသမှုကို တာဝန်ယူ၍ သူနာပြုများက ပြုစုစောင့်ရှောက်မှု တာဝန်ကိုယူကြရသဖြင့် သူနာပြုများသည် လူနာများနှင့် ထိတွေ့ချိန် များပြားမြဲဖြစ်သည်။ လူနာကို နီးကပ်စွာ ထိတွေ့ကာ ပြုစုစောင့်ရှောက်ကြရသည့် သူနာပြုများသည် ယေဘုယျအားဖြင့် မေတ္တာ အကြင်နာကြီးမားသူများဖြစ်ကြပေသည်။ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ကြရာတွင် သူနာပြုများ၏ အခန်းကဏ္ဍသည် အလွန်ပင် အရေးပါသဖြင့် သူနာပြုများ၏ ဂုဏ်ရည်ကို မြှင့်တင်ရန် နှစ်စဉ် မေလ ၁၂ ရက်နေ့သို့ ရောက်ရှိတိုင်း သူနာပြုနေ့ကို ကျင်းပကြခြင်း ဖြစ်ပေသည်။

ယခုအချိန်တွင် ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာတစ်ဝန်း၌ ပျံ့နှံ့ကာ နိုင်ငံအချို့၌ လူအများအပြား အသက်ဆုံးရှုံးခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကူးစက်ခံနေရသူများ၊ သံသယလူနာများ၊ ရောဂါပိုး ကူးစက်ခံရမှု ရှိ မရှိ စောင့်ကြည့်ခြင်းခံနေရသူများကို ကျန်းမာရေးဝန်ထမ်းများက ကြည့်ရှု၊ ကုသ၊ စောင့်ရှောက်မှုများ ပေးနေရချိန်တွင် သူနာပြုများ၏ တာဝန်သည် ပိုမိုကြီးမား များပြားလာခဲ့ပေသည်။ ထို့ကြောင့် စေတနာနှင့်မေတ္တာကို အရင်းခံကာ လူနာများကို သာမက ဘေးဒုက္ခနှင့် ကြုံတွေ့နေရသူများကို စောင့်ရှောက်ပြုစုနေကြသည့် ကမ္ဘာတစ်ဝန်းမှ သူနာပြုများနှင့် သူနာပြုအကူများသည် ဤကမ္ဘာလောကကို အလင်းရောင်ထွန်းလင်းစေသည့် မီးအိမ်ရှင်များပင် ဖြစ်ကြပေသည်။ ။

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၈ / ၂၀၂၀**
**၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၁ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဖွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ မေလ ၉ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဘီလူးမြို့ကျေးရွာတွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူ ပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၅-၂၀၂၀ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ အင်းကုန်းကျေးရွာနေ ဒေါ်ဖြိုးအိသွယ်(၃၄)နှစ်၊ (ဘ)ဦးကျော်ရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဘီလူးမြို့ကျေးရွာနေ ဒေါ်ခင်ရွှေ (၅၆)နှစ်၊ (ဘ) ဦးအောင်သိန်းထံမှ ဝယ်ယူရရှိခဲ့ကြောင်းသိရှိရသဖြင့် ၎င်းတို့ (၂)ဦးအား နမစ(နန်းမား) မယ(ပ)၃၂/ ၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး ဒေါ်ခင်ရွှေ၏ နေအိမ်အား ဆက်လက်ရှာဖွေရာ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မိုးညှင်း) မယ(ပ)၇၅/ ၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်၊ ဝါးယူသာကျေးရွာနေ သန်းဝင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၅-၂၀၂၀ ရက်နေ့တွင် ပင်လည်ဘူးမြို့နယ်၊ ဝါးယူသာကျေးရွာနေ သန်းဝင်း(၄၇)နှစ်၊ (ဘ)ဦးဝဲမောင်၏ လယ်တောအတွင်း ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ပင်လည်ဘူး) မယ(ပ)၆၅/၂၀၂၀၊ မူး/စိတ် ပုဒ်မ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နတ်ချောင်းကျေးရွာနေ ဝင်းဆန်းနှင့်ဇနီးဖြစ်သူ ဒေါ်တင်ကြည်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၅-၂၀၂၀ ရက်နေ့တွင် ကလေးမြို့နယ်၊ နတ်ချောင်းကျေးရွာ လမ်းပေါ်၌ ၎င်းကျေးရွာနေ အောင်မျိုးထိုက် (၂၉)နှစ်၊ (ဘ) ဦးသန်းထွန်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး နတ်ချောင်းကျေးရွာနေ ဝင်းဆန်း(၅၃)နှစ်၊ (ဘ)ဦးကျော်သန်းနှင့်ဇနီးဖြစ်သူ ဒေါ်တင်ကြည်(၅၃)နှစ်၊(ဘ)ဦးဘိုထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၃)ဦးအား မမစ(ကလေး) မယ(ပ)၅၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပြီး ဝင်းဆန်းနှင့်ဇနီး ဒေါ်တင်ကြည်တို့၏ နေအိမ်အား ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ (ကလေး) မယ(ပ)၅၄/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀(က)/၂၁ ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်၌ အမှု(၉)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၈)ဦး၊ မ(၁)ဦး၊ ပေါင်း(၉)ဦးတို့အား စိတ်ကြွဆေးပြားများ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၄-၅-၂၀၂၀ ရက်နေ့တွင် ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်နေ အောင်သူပိုင်(၂၇)နှစ်၊ (ဘ)ဦးမြင့်ဌေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း) မယ(ပ)၈၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ အလားတူ ၎င်းရပ်ကွက်၊ အနော်ရထာ (၂)လမ်းပေါ်၌ ၎င်းရပ်ကွက်နေ နိုင်အောင်ထွေး(ခ) သားကြီး (၂၀)နှစ်၊(ဘ)ဦးမောင်နိုင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ၎င်းရပ်ကွက်နေ မင်းကိုဦး(ခ) ဟူစိန် (၂၀)နှစ်၊ (ဘ) ဦးအောင်ဝင်းထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့ (၂)ဦးအား မမစ (ကော့သောင်း) မယ(ပ) ၈၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၎င်းရပ်ကွက်၊ အနော်ရထာ(၁) လမ်းပေါ်၌ မင်းကိုဦး(ခ)ဟူစိန်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း) မယ (ပ)၈၄/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)ဖြင့် လည်းကောင်း၊ ကွင်းဆက် ဖော်ထုတ်ချက်အရ ၅-၅-၂၀၂၀ ရက်နေ့တွင် ၎င်းရပ်ကွက်၊ အနော်ရထာ (၅)လမ်းနေ ဟာနက်(ခ)သန်းမြင့်ဦး (၂၉)နှစ်၊(ဘ) ဦးမြင့်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း) မယ(ပ)၈၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် လည်းကောင်း၊ အလားတူ ၎င်းရပ်ကွက်၊ အနော်ရထာ(၄)လမ်းနှင့်(၅)လမ်းကြား၌ ၎င်းရပ်ကွက်နေ မျိုးအောင်(ခ)ယာရား(၃၅)နှစ်၊ (ဘ)ဦးမင်းမင်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး အေးရိပ်ငြိမ်ရပ်ကွက်နေ ပြည့်စုံအောင်(ခ)အောင်လေး(၂၄)နှစ်၊ (ဘ) ဦးသန်းထွန်းထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် အောင်သုခရပ်ကွက်၊ ချမ်းမြေ့သာ(၂)လမ်း၌ ပြည့်စုံအောင် (ခ)အောင်လေးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ၎င်းတို့ (၂)ဦးအား မမစ(ကော့သောင်း) မယ(ပ)၈၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၁ဖြင့် လည်းကောင်း၊ စစ်ဆေးချက်အရ ပြည့်စုံအောင်(ခ) အောင်လေးမှ မူးယစ်ဆေးဝါးများအား အေးရိပ်ငြိမ်ရပ်ကွက်နေ မထက်ထက်မွန် (ခ)ထက်ထက်(၁၉)နှစ်၊(ဘ)ဦးစိုးမြင့်နှင့် မအငယ်လေး(၂၆)နှစ်၊ (ဘ)ဦးရွှေပန်းတို့ထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦး၏ နေအိမ်သို့ စစ်ဆေးရှာဖွေရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိရသော်လည်း ၎င်းတို့(၃)ဦးအား မမစ(ကော့သောင်း) မယ(ပ)၈၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က)/၂၁ဖြင့်လည်းကောင်း၊ ဆက်လက်၍ ၎င်းရပ်ကွက်၊ ချမ်းမြေ့သာ (၂)လမ်းပေါ်၌ ၎င်းရပ်ကွက်နေ ညီညီထွေး(ခ)ကိုပါး (၁၈)နှစ်၊ (ဘ)ဦးသန်းထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း) မယ(ပ) ၈၈/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ သမ္မတ ကမ်းခြေရပ်ကွက်နေ ဘူခိုးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၅-၂၀၂၀ ရက်နေ့တွင် ဒလမြို့နယ်၊ သမ္မတကမ်းခြေ ရပ်ကွက်နေ ဘူခိုး(ခ)တေဇာအောင်(၃၂)နှစ်၊ (ဘ)ဦးချစ်သန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မဇင်ဇင်ဝေ(၁၈)နှစ်၊ (ဘ)ဦးအောင်မြင့် တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒလ)မယ(ပ)၁၉/ ၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွှေညောင်မြို့၊ မင်္ဂလာအောင်မြေရပ်ကွက်နေ ရန်နိုင်လင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၅-၂၀၂၀ ရက်နေ့တွင် ရွှေညောင်မြို့၊ မင်္ဂလာအောင်မြေ (၁) ရပ်ကွက်နေ ရန်နိုင်လင်း(၃၃)နှစ်၊ (ဘ)ဦးသန်းမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရွှေညောင်) မယ(ပ)၃၀/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မြို့တွင်းနှင့် မြို့ပေါ် ရပ်ကွက်များ၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၂)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၄၁)ဦး၊ မ(၃)ဦး၊ ပေါင်း(၄၄)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၅-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၊ သီတဂူကျောင်းတိုက်ရှေ့လမ်းပေါ်၌ ၎င်းရပ်ကွက်နေ ကျော်စိုးလှိုင် (ခ)မိုးဒီ (ခ)ကျော်မျိုးလှိုင်(၂၁)နှစ်၊ (ဘ)ဦးဝင်းစိုးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ကြီး) မယ(ပ)၂၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၆(ဂ) ဖြင့် လည်းကောင်း၊ အလားတူ ၇-၅-၂၀၂၀ ရက်နေ့တွင် ၎င်းမြို့၊ စိန်ပန်းရပ်ကွက်နေ ထက်အာကာ (၂၃)နှစ်၊ (ဘ)ဦးမြင့်ထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ကြီး) မယ(ပ) ၂၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊လားရှိုးမြို့၊ အမှတ် (၅)ရပ်ကွက်၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၅)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၇)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့် အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၇-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ လားရှိုးမြို့၊ အမှတ်(၅)ရပ်ကွက်၊ ချယ်ရီလမ်းမပေါ်၌ အမှတ်(၇)ရပ်ကွက်နေ အောင်ကျော်သူ (၃၅)နှစ်၊ (ဘ) ဦးကျော်ကျော် မောင်းနှင်လာသည့်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး) မယ(ပ)၉၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က)ဖြင့် လည်းကောင်း၊ အလားတူ ၈-၅-၂၀၂၀ ရက်နေ့တွင် ၎င်းမြို့၊ အမှတ်(၅)ရပ်ကွက်နေ ဆောက်ချင် (ခ)အားဝူ( ၅၀)နှစ်၊ (ဘ) ဦးရှောက်စိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ရန်ဆောင်(၄၀)နှစ်၊ (ဘ)ဦးလောင်အေ တို့(၂)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး) မယ(ပ)၉၅/၂၀၂၀၊ မူး/စိတ် ပုဒ်မ၁၉(က)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ရန်ဆောင်၏နေအိမ်အား ဆက်လက်ရှာဖွေရာ ဘိန်းဖြူများအား ထပ်မံဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး)မယ(ပ)၉၆/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |

စာမျက်နှာ ၉ သို့

# ကျောင်းသုံးစာအုပ် ပုံနှိပ်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများ အချိန်မီပြီးစီးရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၁**

၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ် ပုံနှိပ်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် သက်ဆိုင်ရာပညာရေးရုံးများအရောက် ပို့ဆောင်နိုင်ရေး အတွက် ဆပ်ကော်မတီနှစ်ရပ် ပူးပေါင်းညှိနှိုင်းအစည်း အဝေး(၂/၂၀၂၀) ကို ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေး ဝန်ကြီးဌာနတို့ Video Conferencing စနစ်ဖြင့် ချိတ်ဆက် ကျင်းပသည်။ **(အောက်ပုံ)**



အစည်းအဝေးတွင် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ် ထုတ်လုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယခု အစည်းအဝေးကို ပညာရေးဝန်ကြီးဌာနက ပြန်ကြားရေး ဝန်ကြီးဌာနမှတစ်ဆင့် လာမည့်ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များကို ပြင်ပလုပ်ငန်းရှင်များအား တင်ဒါစနစ်ဖြင့် အပ်နှံခဲ့မှုနှင့်စပ်လျဉ်း၍ အချိန်မီ ပြီးစီးရေးနှင့် ဖြန့်ဝေနိုင်ရေးအတွက် ကျင်းပခြင်း ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တက်ရောက်လာကြသူများ က ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဝင်းမော်ထွန်းက အမှာစကားပြောကြား သည်။

ယင်းနောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ် ရေးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ယခင်အစည်းအဝေး ဆွေးနွေးချက်များ နှင့် ယခုအစည်းအဝေးကျင်းပရခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ် ရေးဆပ်ကော်မတီ အတွင်းရေးမှူး ပုံနှိပ်ရေးနှင့် ထုတ်ဝေ ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအနေဖြင့် ကျောင်းသုံး စာအုပ် ရိုက်နှိပ်ခြင်းနှင့် ပို့ဆောင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုနှင့် ပြင်ပပုံနှိပ်တိုက်များ၏ ရိုက်နှိပ်ခြင်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေတို့ကို လည်းကောင်း၊ ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေး ဆပ်ကော်မတီ အတွင်းရေးမှူး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ပြင်ပပုံနှိပ်တိုက်များ ရိုက်နှိပ်ပြီးစီးမှုနှင့် ဖြန့်ချိပို့ဆောင်ရေး ဆောင်ရွက်သွား မည့် ကိစ္စများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြ ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ကျောင်းသုံးစာအုပ်များ ပုံနှိပ်ထုတ်လုပ်ခြင်းနှင့် ဖြန့်ချိရေး လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် သက်ဆိုင်ရာကဏ္ဍ အလိုက် ဆွေးနွေးတင်ပြကြပြီး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က အစည်းအဝေးဆုံးဖြတ်ချက်မူကြမ်းအား ဖတ်ကြားတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# Doing Business ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး Video Conferencing စနစ်ဖြင့် ကျင်းပ

**နေပြည်တော် မေ ၁၁**

Doing Business ပူးပေါင်းဆောင်ရွက် ရေးကိစ္စရပ်များနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပ သည်။ **(ယာပုံ)**



အစည်းအဝေးတွင် Ease of Doing Business Ranking တိုးတက် ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ စီးပွား ရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် အခက်အခဲ များစွာနှင့် ကြုံတွေ့နေရသော်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပြုပြင် ပြောင်းလဲရေးစီမံချက် Plan of Action ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ Doing Business အညွှန်းကိန်းအဖွဲ့များနှင့် အထောက် အကူပြုအဖွဲ့တို့သည် Doing Business 2021 အစီရင်ခံစာအတွက် ပြုပြင် ပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ ဘဏ်၏ Doing Business Team သို့ Video Conferencing ဖြင့် မေ ၄ ရက်၊ ၅ ရက်နှင့် ၇ ရက်များတွင် ရှင်းလင်း တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ လိုအပ် သည့် Data Update များကိုလည်း မေ ၁၅ ရက် မတိုင်မီ ပေးပို့သွားရန် ဖြစ်ကြောင်း၊ ဆောင်ရွက်ရမည့်ကိစ္စရပ် များကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ် ပါကြောင်း၊ လက်ရှိအခြေအနေတွင် ကိုဗစ်-၁၉ မေးခွန်းများနှင့် စပ်လျဉ်း၍ ဖြေဆိုနိုင်ရေးကိုလည်း ကြိုးစား ဆောင်ရွက်နေပါကြောင်း၊ ယခုကြုံတွေ့ နေရသည့် အခက်အခဲများ ပြီးဆုံးပါက Doing Business Reform ကို အပြည့် အဝအာရုံစိုက်နိုင်မည် ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက် ထားသည့် အခြေအနေများမှာလည်း အောင်မြင်မှု အထိုက်အလျောက် ရရှိခဲ့ ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ညွှန်ကြား ရေးမှူးချုပ်များ၊ Doing Business အညွှန်းကိန်းအဖွဲ့ ခေါင်းဆောင်များ နှင့် အထောက်အကူပြုအဖွဲ့များ၊ International Finance Corporation (IFC) မှ Senior Private Sector Specialist – Mr. Jose Ricardo Silva၊ Consultant – Mr. Antony Dickinson နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

၃။ တိုင်ကြားလာသောသတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ် အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၉-၅-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၁၀၂)မှု ဖွင့်လှစ် အရေးယူခဲ့ပြီး တရားခံ ကျား(၁၄၁၂)ဦး၊ မ(၂၇၇)ဦး၊ ပေါင်း(၁၆၈၉)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၈၉၅၈.၂၅၁၄)ဂရမ်၊ ICE (၁၃၄၇.၄၂)ဂရမ်၊ ဘိန်း (၄၂၈၅၀.၇၃၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၅.၂၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၆၃.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွ ဆေးပြား (၅၃၈၂၃၉)ပြား၊ ဆေးခြောက် (၁၀၁၃၂.၃၇)ဂရမ်၊ ဘိန်းရည်(၀.၁) လီတာ၊ ဘိန်းဆီခဲ(၅၉၆.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၅၅.၉၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ (၂၅)လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်း ရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ် ဖမ်းဆီး အရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေး ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့် အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြား ရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ် ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၃၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၃၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

# ကိုဗစ်-၁၉ လူနာများကို ကုသပေးနေသော ကျန်ရှိသည့် ဆေးရုံများသို့ ရောဝတီဖောင်ဒေးရှင်းက ဆက်လက်ထောက်ပံ့လှူဒါန်း

**ရန်ကုန် မေ ၁၁**

ရောဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ကူးစက် ခံရသူများကို ကုသပေးလျက်ရှိသော ဟားခါး၊ မူဆယ်၊ မတ္တရာ၊ ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံများတွင် ဆေးရုံသုံး ကာကွယ်၊ ကုသရေး ပစ္စည်းများကို ဖြည့်ဆည်းရန်နှင့် ဆရာဝန်၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများ၏ လိုအပ်သောနေရာ များတွင် အသုံးပြုနိုင်ရန် ကျပ်သိန်း ၄၅၀ လှူဒါန်း ခဲ့သည်။



ရောဝတီဖောင်ဒေးရှင်းသည် ဆေးရုံများရှိ သက်ဆိုင်ရာ ဆရာဝန်များနှင့် ဆွေးနွေးတိုင်ပင်ကာ လိုအပ်နေသော သိန်း ၃၃၀ တန်ဖိုးရှိ ဆေးရုံသုံး ကာကွယ်၊ ကုသရေး ပစ္စည်းများကို ဖြည့်ဆည်း လှူဒါန်းပေးခဲ့သည့်အပြင် ကိုဗစ်-၁၉ လူနာများကို ကုသပေးလျက်ရှိသော ဆရာဝန်၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများ၏ လိုအပ်သော နေရာများ တွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ် သိန်း ၁၂၀ ကိုလည်း လှူဒါန်းခဲ့သည်။ ထို့ပြင် ရောဝတီဖောင် ဒေးရှင်းသည် မတ် ၆ ရက်မှစတင်၍ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ပြန်လည်ရောက်ရှိလာသူ စုစုပေါင်း ၁၃၁ ဦး၏ သုံးပတ်ကြာ Facility Quarantine ဝင်နိုင်ရန်နှင့် ၎င်းတို့အတွက် ပံ့ပိုးကူညီ ပေးသူ စေတနာ့ဝန်ထမ်း ၃၀ တို့ကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ရှိ လက်ရွေးစင် ကစားသမား နားနေဆောင်များနှင့် အမျိုးသားဘောလုံး အကယ်ဒမီ(ရန်ကုန်)တို့တွင် အဆင်ပြေစွာ နေထိုင် စားသောက်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည့် အပြင် ကိုဗစ်-၁၉ ကာကွယ်၊ ကုသရေး တာဝန် ထမ်းဆောင်နေသော ဆရာဝန်၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်း ၈၀ ကို AYA Bank Training Center (မေတ္တာညွှန့်)တွင် အဆင်ပြေစွာ နေထိုင် စားသောက်သွားလာနိုင်ရန်အတွက် စီစဉ်ဆောင်ရွက် ပေးလျက်ရှိသည်။

**ဖိုးသော်ဇင်၊ ဓာတ်ပုံ-ကိုမိုး**

❖ *ကျောဖုံးမှ*

အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ “ဒီနေ့မှာတော့ ဒီးမော့ဆိုကျေးရွာအုပ်စု ဒေါင်ခါးကျေးရွာ ဒီးမော့ဆို-တောင်ငူ- မိုးဗြဲလမ်းဆုံမှ လမ်းသွားလမ်းလာပြည်သူများအား ကျန်းမာရေး အသိပညာ ပေးခြင်း၊ နှာခေါင်း စည်းများ စနစ်တကျတပ်ဆင်စေခြင်း၊ ညမထွက်ရအမိန့်တွေ ကို လိုက်နာစေခြင်း၊ လက်ကမ်းစာစောင်တွေ ဖြန့်ဝေခြင်း၊ သတ်မှတ်အကွာ အဝေးအတိုင်း နေထိုင်စေခြင်း၊ မလိုအပ်ဘဲ နေအိမ်ပြင်ပသို့ မထွက်ခွာစေခြင်း တွေကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ် ပါတယ်”ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က ပြောကြားသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လမ်းသွားလမ်းလာပြည်သူများအား နှာခေါင်း စည်းများ စနစ်တကျတပ်ဆင်စေနိုင်ရန် နှာခေါင်းစည်းများ ပေးဝေခြင်း၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

# အပစ်အခတ်ရပ်စဲကြောင်း ကြေညာချက်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ထုတ်ပြန်ချက်အမှတ် (၄/၂၀၂၀)

၁။ မြန်မာ့တပ်မတော်က ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ချက်တွင် နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုများ အခြေပြုလှုပ်ရှားသော နေရာဒေသများအဖြစ် သတ်မှတ်ထားသည့် နယ်မြေများမှအပ အခြားနယ်မြေများတွင် ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၀ ရက်နေ့မှ သြဂုတ်လ ၃၁ ရက်နေ့အထိ အပစ်အခတ်ရပ်စဲသွားမည်ဖြစ်ကြောင်း ဖော်ပြကြေညာခဲ့သည်။ အဆိုပါ ထုတ်ပြန်ချက်အရ အကြောင်းနှစ်ရပ်ရှိပြီး ပထမအချက်မှာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်တားဆီးကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်နှင့် ဒုတိယအချက်မှာ ထာဝရငြိမ်းချမ်းရေးကို ပြန်လည်ဖော်ဆောင်ရန်ဖြစ်သည်။

၂။ မြန်မာနိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှုနှင့် ယင်းအခက်အခဲကြောင့် တစ်နိုင်ငံလုံး၏ လူမှုစီးပွားဘဝကို ဆိုးကျိုးသက်ရောက်မှုများအပေါ် နိုင်ငံတစ်ဝှမ်းလုံးက တက်တက်ကြွကြွ ဖြေရှင်းဆောင်ရွက်လျက်ရှိသည့် အခါသမယတွင် တပ်မတော်၏ ယခုကဲ့သို့ အခါသင့်စွာဆောင်ရွက်မှုသည် အမျိုးသားငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် လက်ရှိ ရင်ဆိုင်ကြုံတွေ့နေရသော ကိုဗစ်-၁၉ အခက်အခဲအပေါ် အပြီးသတ်အောင်မြင်မှုရရှိရန်အတွက် အကျိုးပြုနိုင်မည်ဖြစ်သဖြင့် ကြိုဆိုပါသည်။

၃။ လက်နက်ကိုင်အကျိုးဖြစ်ထွန်းမှုများအနေဖြင့် အပစ်အခတ်ရပ်စဲမှုသည် ယာယီအားဖြင့် ဖြစ်သော်လည်း ပဋိပက္ခဖြစ်ပွားရာဒေသများသည် ငြိမ်းချမ်းမှုကို မျက်မြင်ကိုယ်တွေ့ ရရှိခံစားနိုင်မည်ဖြစ်ပြီး တစ်ဆက်တည်းမှာပင် အဆိုပါဒေသများရှိ လူမှုအသိုင်းအဝိုင်းများသည်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းရပ်များကို ပိုမိုအာရုံစိုက်လုပ်ဆောင်လာနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် လတ်တလောတွင် ပဋိပက္ခဒဏ်ခံစားရသည့် ဒေသများ၌ အခြေအနေများ တည်ငြိမ်အေးချမ်းသွားသဖြင့် အဆိုပါဒေသများ၌ နေထိုင်သော လူမှုအသိုင်းအဝိုင်းများအတွက် အရေးပေါ်လိုအပ်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပံ့ပိုးကူညီရန် ပိုမိုလွယ်ကူလာစေနိုင်မည်ဟု ကော်မရှင်က ရှုမြင်ပါသည်။

၄။ ကော်မရှင်အနေဖြင့် အပစ်အခတ်ရပ်စဲထားသည့် ကာလအတွင်း အပြုသဘောဆောင်သော သက်ရောက်မှုများရရှိမည်ဟု မျှော်မှန်းထားသည်။ ယင်းကဲ့သို့ အပြုသဘောသက်ရောက်မှုများရရှိပြီး သက်ဆိုင်သည့် အစုအဖွဲ့များ အားလုံးက ကျေနပ်လက်ခံကြသည့်အခါ မိမိတို့အနေဖြင့် မဝေးတော့သည့် အနာဂတ်တွင် အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ချက်များ ထပ်မံဖြစ်ပေါ်စေရန် မျှော်လင့်နိုင်မည်ဖြစ်ကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်နိုင်ရေးအတွက် လမ်းစဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၁ ရက်

# တိုင်းဒေသကြီး/ပြည်နယ်အချို့တို့တွင် လေပြင်းများတိုက်ခတ်၊ ထောက်ပံ့ကူညီမှုများဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၁**

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များ ဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားလျက်ရှိရာ မေ ၁၀ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၌ နေအိမ်နှစ်လုံး အမိုးအကာလန် ပျက်စီးခြင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်၌ နေအိမ် ၁၆ လုံး အမိုးအကာလန် ပျက်စီးခြင်း၊ ပဲခူးတိုင်းဒေသကြီး မြို့နယ်ငါးခု၌ နေအိမ်လေးလုံး ပြိုကျပျက်စီးပြီး နေအိမ်ရှစ်လုံး အမိုးအကာလန် ပျက်စီးခြင်း၊ မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်နှင့် သရက်မြို့နယ်၌ နေအိမ် ၁၂ လုံး အမိုးအကာလန် ပျက်စီးခြင်း၊ မန္တလေးတိုင်းဒေသကြီး မြို့နယ်သုံးခု၌ နေအိမ် ၂၇ လုံး ပြိုကျပျက်စီးပြီး နေအိမ် ၄၇ လုံး၊ ဘာသာရေး အဆောက်အအုံတစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ရှမ်းပြည်နယ် မြို့နယ်ငါးခု၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၈၈ လုံး၊ ဘာသာရေးအဆောက်အအုံရှစ်လုံး အမိုးအကာလန် ပျက်စီးခြင်း၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်နှင့် လေးမျက်နှာမြို့နယ်၌ နေအိမ်ရှစ်လုံး အမိုးအကာလန် ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့သည်။



ထို့အတူ မေ ၁၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ ရပ်ကွက် နှစ်ခုနှင့် ကျေးရွာအုပ်စုလေးခုတို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်တစ်လုံးပြိုကျ၊ နေအိမ်ကိုးလုံး အမိုးလန်ခဲ့ပြီး သစ်ပင်၊ သစ်ကိုင်းများ ကျိုးကျခြင်း၊ ဓာတ်တိုင်များ လဲပြိုခြင်းတို့ဖြစ်ပွားခဲ့ပြီး လေပြင်းတိုက်ခတ်စဉ် မိုးကြိုးပစ်၍ လူတစ်ဦးသေဆုံးခဲ့ကြောင်း ကနဦးသိရသည်။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မိတ္ထီလာခရိုင်ဦးစီးမှူးရုံး အနေဖြင့် ထောက်ပံ့မှုများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး ဒေသရှိဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ဧပြီ ၉ ရက်မှ မေ ၁၁ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း၌ လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ် ၄၄၁ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၁၄ လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၇၁၁၈ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၁၄၄ လုံး အမိုးအကာလန်ပျက်စီးခြင်းများ ဖြစ်ပွားခဲ့ပြီး လူနှစ်ဦး သေဆုံးခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းဖိုးများနှင့် သေဆုံးသူထောက်ပံ့ခြင်းများအတွက် စုစုပေါင်း ငွေကျပ် ၃၇၀ ဒသမ ၅ သန်းကျော် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

ပြည်သူလူထု အနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းတုံ မြို့နယ်တွင် လေပြင်းတိုက်မှုကြောင့် နေအိမ် ၂၂ လုံး ပျက်စီး

**ကျိုင်းတုံ မေ ၁၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအုပ်စုနှင့် မိုင်းခွန်ကျေးရွာအုပ်စုတို့တွင် မေ ၁၁ ရက် နံနက် ၇ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၂၂ လုံး အမိုးလန်ပျက်စီးမှုများဖြစ်ခဲ့ကြောင်း သိရသည်။

**ဖြစ်ပွားခဲ့**

လေပြင်းတိုက်မှုကြောင့် ပန်ကြူကျေးရွာအုပ်စု ပန်ယောင်းကျေးရွာတွင် လူနေအိမ်နှစ်လုံး၊ နမ့်တွီကျေးရွာတွင် လူနေအိမ် သုံးလုံး၊ မိုင်းခွန် ကျေးရွာအုပ်စု ဟွေဟိကျေးရွာတွင် လူနေအိမ် သုံးလုံး၊ ပေါ်ဖာကျေးရွာတွင် လူနေအိမ်တစ်လုံး၊ ကောင်းဆန်းကျေးရွာတွင် လူနေအိမ် သုံးလုံး၊ ဝမ်လင်းကျေးရွာတွင် လူနေအိမ် နှစ်လုံး၊ နောင်ပလာကျေးရွာတွင် လူနေအိမ် သုံးလုံး၊ ဟွေယုတ်ကျေးရွာတွင် လူနေအိမ် ငါးလုံး စုစုပေါင်းလူနေအိမ် ၂၂ လုံး အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

**လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိ**

အဆိုပါ လေပြင်းတိုက်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်းနှင့် လေဘေးသင့် အိမ်ထောင်စုများကို နီးစပ်ရာ ဆွေမျိုးများနေအိမ်တွင် နေရာချပေးထားကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# မန္တလေးမြို့တွင် လေပြင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်း သစ်ပင်များနှင့် ဓာတ်တိုင်များပြိုလဲမှုဖြစ်

**မန္တလေး မေ ၁၁**

မန္တလေးမြို့ပေါ်တွင် ယနေ့မွန်းလွဲ ၂ နာရီကျော်ခန့်က လေပြင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြို့နယ် ရပ်ကွက်များအတွင်း သစ်ပင်များနှင့် ဓာတ်တိုင်များပြိုလဲမှုဖြစ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ လေပြင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တိုင်းဒေသကြီးအတွင်းရှိ ချမ်းအေးသာစံမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်တို့တွင် လေပြင်းတိုက်ခတ်ပြီး သစ်ပင်များနှင့် ဓာတ်တိုင်များ ပြိုလဲမှုများကြောင့် လမ်းအချို့တွင် လမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့ရာ အဆိုပါနေရာများသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ လူမှုကူညီရေးအသင်းများ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် လျှပ်စစ်ဌာနတို့မှ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။



"မန္တလေးမြို့ပေါ်မှာ အခုလို လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းတွေ၊ ဓာတ်တိုင်တွေ ပြိုလဲမှုဖြစ်ပေါ်ခဲ့တဲ့နေရာတွေကို မန္တလေးခရိုင်အတွင်းမှာရှိတဲ့ မြို့နယ် ခုနစ်မြို့နယ်က သန္နေနဲ့ အရန်တပ်ဖွဲ့တွေအားလုံး အချိန်နဲ့တစ်ပြေးညီ သွားရောက်ဆောင်ရွက်နေပါတယ်" ဟု တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးထက်အောင်က ပြောသည်။

မန္တလေးမြို့တွင် ယနေ့လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်း ဓာတ်တိုင်ပေါင်း ၄၀ ကျော် ပြိုလဲမှုဖြစ်ပေါ်ခဲ့ရာ မန္တလေး ငါးမြို့နယ်၌ အပျက်အစီး ပိုမိုများပြားကာ အောင်မြေသာစံမြို့နယ်အတွင်း၌ ဓာတ်တိုင်ပေါင်း ၂၇ တိုင် ပြိုလဲမှုဖြစ်ပေါ်ခဲ့ကြောင်း၊ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အမှုဆောင်အရာရှိချုပ် ဦးတင်အောင်က ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နယ်မြေအတွင်း လူသတ်မှုကျူးလွန်သူကို အချိန်တိုအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် မေ ၁၁**

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ဧကရာဇ်ရပ်ကွက် ဦးစိုးဝင်းလမ်း မြနန္ဒာရာမ ဘုန်းကြီးကျောင်းအနောက်ဘက် ခြံဝင်းအတွင်းရှိ အလုပ်သမားတန်းလျား၏ အနောက်ဘက် တွန်းလှည်းပျက်ပေါ်၌ မေ ၇ ရက် ည ၇ နာရီတွင် မှော်ဘီမြို့နယ် ဘွက်ကြီးကျေးရွာနေ သားဦး(၂၉နှစ်)သည် မျက်နှာကြေမွပျက်စီးကာ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရ၍ ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ် အရေးယူပေးပါရန် ထောက်ကြန့်နယ်မြေရဲစခန်းမှ တာဝန်မှူးက တရားလိုပြုလုပ် အမှုဖွင့်တိုင်တန်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် မင်္ဂလာဒုံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရာနေရာသို့ သွားရောက်စစ်ဆေးရာ ပြစ်မှုကျူးလွန်သူမှာ သားဦးနှင့် အချင်းများ ရန်ဖြစ်လေ့ရှိသည့် ဂျိန်းဆန်နီဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ၎င်းအား စစ်ဆေးခဲ့သည်။

၎င်းသည် အခင်းဖြစ်ခြံတွင် လုံခြုံရေးတာဝန် ထမ်းဆောင်ခဲ့စဉ် သားဦးနှင့် ရင်းနှီးခဲ့ကြောင်း၊ ထိုသို့ရင်းနှီးစဉ် သားဦးကို ၎င်းနေထိုင်သည့် အလုပ်သမားအဆောင်တွင် နေထိုင်စေခဲ့ကြောင်း၊ သားဦးကို ကုမ္ပဏီမှဝန်ထမ်းမဟုတ်လျှင် အဆောင်၌လက်မခံရန် ခေါ်ယူပြောဆိုခြင်းခံရရာ သားဦးကို ၎င်း၏အဆောင်၌ နေထိုင်ခြင်းမပြုတော့ရန်နှင့် အိပ်ရာလိပ်လာယူရန် ပြောဆိုခဲ့ကြောင်း၊ သားဦးက အိပ်ရာလိပ် လာမယူသဖြင့် ၎င်းက အိပ်ရာလိပ်ကို လမ်းမပေါ်တွင် ချထားခဲ့မှုနှင့်ပတ်သက်၍ လေးကြိမ်စကားများခဲ့ကြကြောင်း၊ မေ ၇ ရက် ည ၇နာရီတွင် သားဦးသည် အဆောင်၏အနောက်ဘက် တွန်းလှည်းပျက်ပေါ်တွင် ခြင်ထောင်ထောင်၍ အိပ်ပျော်နေစဉ် ၎င်းမှ အရှည်သုံးပေခန့်ရှိ သစ်သားချောင်းဖြင့် သားဦး၏ ဦးခေါင်းအား ရိုက်နှက်ပြီး အရှည် နှစ်ပေခန့်ရှိ သံချွန်ပါသစ်သားချောင်းဖြင့် ခြေနှင့်လက်များကို ရိုက်နှက်ခဲ့၍ သေဆုံးခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ဂျိန်းဆန်နီအား ၎င်းပြစ်မှု ကျူးလွန်စဉ် အသုံးပြုခဲ့သည့် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးပြီး ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**



## မြန်မာ့ရုပ်မြင်သံကြား

၁၂ - ၅ - ၂၀၂၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆:၀၀- မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၇:၀၀ - Breakfast News
- ၇:၃၅ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "သန့်ရှင်းမြို့ပြစံပြဆုရ လွိုင်ကော်ဒေသ "
- ၈:၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ပြန်ကြားရေးဝန်ကြီးဌာန)
- ၁၀:၃၅ - ဥပဒေရေးရာအဖြာဖြာ "အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အမေးအဖြေကဏ္ဍ " (အပိုင်း- ၁)
- ၁၁:၃၀ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ " ကျိန်စာ "
- ၁၃:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ " ကြယ်နတ်သမီးရဲ့ချစ်သူ " (အပိုင်း- ၁)

**ညပိုင်း**

- ၁၆:၃၅ - ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ (အပိုင်း- ၉)
- ၁၇:၄၅ -ပြည်သူ့အကျိုးပြုမှတ်တိုင်များ " ကျေးလက်လမ်းများ ဖွံ့ဖြိုးဖို့ ပြည်သူနှင့်အတူ ဆောင်ရွက်စို့" (ရှမ်းပြည်နယ်တောင်ပိုင်း ) (အပိုင်း- ၁)
- ၁၈:၄၅ - "COVID-19 တုံ့ပြန်လျက် ဝိုင်းကူလို့ရှေ့ဆက် "
- ၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ " ကြယ်နတ်သမီးရဲ့ချစ်သူ " (အပိုင်း- ၂)
- ၁၉:၄၅ - တက္ကသိုလ်ရာပြည့်ဂုဏ်ပြုတေးသီချင်းများ
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက်စတုတ္ထ တစ်နှစ်တာ(ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့)
- - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

## မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှ မြေတိုင်း(၄) ဦးမင်းမင်းလတ်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် မေ ၁၁**

တောင်တွင်းကြီးမြို့နယ်အတွင်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ရရှိရေး လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ ငွေကြေးပေးအပ်ခဲ့ရခြင်းအပေါ် အရေးယူပေးပါရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေတိုင်း(၄)ဦးမင်းမင်းလတ်သည် တောင်တွင်းကြီးမြို့နယ်အတွင်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ရရှိရေး လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူများထံမှ စုစုပေါင်း ငွေကျပ် ၂၂၂၀၀၀၀ ကို တံစိုးလက်ဆောင်အဖြစ် လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒ ပုဒ်မ ၅၆ အရ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး မြို့မရဲစခန်း၌ မေ ၁၁ ရက်တွင် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြင်းခြံမြို့နယ် တူရွှင်းဘို့ကျေးရွာတွင် မီးလောင်မှုဖြစ်

**မြင်းခြံ မေ ၁၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် တူရွှင်းဘို့ကျေးရွာတွင် မေ ၁၁ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ က မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြင်းခြံမြို့နယ် တူရွှင်းဘို့ကျေးရွာနေ ဒေါ်မြင့်ဦး၏ နေအိမ် မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် မီးကူးစက်လောင်ရာ နေအိမ်ခြောက်လုံးနှင့် မီးဖိုဆောင်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်နိုင် ဦးဆောင်သော မီးငြိမ်းသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ် သုံးစီး ၊ အဖြူရောင်လက်များ ပရဟိတအသင်းမှ ရေသယ်ယာဉ် တစ်စီး၊ သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသည်။

မီးလောင်မှု စတင်ဖြစ်ပွားသော ဒေါ်မြင့်ဦးကို မြင်းခြံနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားပြီး မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**ကျော်စွာ(မြင်းခြံ)**

## မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာတစ်ဦး ပြန်လည်ခန့်အပ်မည်

**ရန်ကုန် မေ ၁၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ယခင်နည်းစနစ်ဒါရိုက်တာ အဲရစ်အာဗရန်နှင့် လမ်းခွဲပြီးနောက် နည်းစနစ်ဒါရိုက်တာအသစ်တစ်ဦး ပြန်လည်ခန့်အပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခင်နည်းစနစ်ဒါရိုက်တာ ဘယ်လ်ဂျီယံနိုင်ငံသား အဲရစ်အာဗရန်နှင့် ပြီးခဲ့သည့်ရက်ပိုင်းက လမ်းခွဲခဲ့ပြီး အသစ်ပြန်လည် ခန့်အပ်နိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် နည်းစနစ်ဒါရိုက်တာ အဲရစ်အာဗရန်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလက ခန့်အပ်ခဲ့ပြီး သုံးနှစ်စာချုပ် ချုပ်ဆိုခဲ့သော်လည်း တစ်နှစ်ခွဲကျော်အကြာတွင်ပင် လမ်းခွဲခဲ့ခြင်းဖြစ်သည်။ အဲရစ်အာဗရန်သည် ပြီးခဲ့သည့်လပိုင်းက ရာထူးမှ နုတ်ထွက်လိုကြောင်း တင်ပြခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီးနောက် နှစ်ဦးသဘောတူလမ်းခွဲရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၎င်းနေရာတွင် အစားထိုးရန် ပြည်တွင်း သို့မဟုတ် ပြည်ပနည်းစနစ်ဒါရိုက်တာတစ်ဦး ခန့်အပ်မည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါပြီးဆုံးသွားပါက တာဝန်ပေးသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် လက်ရွေးစင်အသင်းအားလုံးကို လေ့ကျင့်မှုရပ်နားထားပြီး ပြင်ဆင်မှုများကို ရောဂါအခြေအနေပြီးဆုံးမှသာ ဆောင်ရွက်သွားမည် ဖြစ်သည်။

အဲရစ်အာဗရန်သည် ဘယ်လ်ဂျီယံနိုင်ငံ၏ လက်ရှိနာမည်ကြီးဘောလုံးသမားများကို မွေးထုတ်ပေးခဲ့သူဖြစ်ပြီး မြန်မာနိုင်ငံမတိုင်မီက ဩစတြေးလျဘောလုံးအဖွဲ့ချုပ်တွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

**ညီမြတ်သော်တာ**

● *ကျောဖုံးမှ*

လီဗာပူးအသင်းသည် ချန်ဘာလိန်ကိုအသင်းမှ ထွက်ခွာခွင့်ပြုဖွယ်မရှိကြောင်းလည်း သိရသည်။ ချန်ဘာလိန်ကဲ့သို့ပင် ပါတေး၏ အက်သလက်တီကို မက်ဒရစ်အသင်းနှင့် စာချုပ်သက်တမ်းသည်လည်း သုံးနှစ်ကျန်ရှိနေသေးပြီး ၎င်းအတွက် သင့်လျော်သည့် ကမ်းလှမ်းမှုမျိုးရရှိလာခဲ့လျှင် ရောင်းထုတ်သွားဖွယ်ရှိနေကြောင်း သိရသည်။ **အောင်ဇော်**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**စပိန်ထိပ်တန်းလိဂ် ဇွန် ၁၂ ရက်တွင် ပြန်လည်စတင်နိုင်ဖွယ်ရှိ**

စပိန်လာလီဂါဥက္ကဋ္ဌဖြစ်သူ ဂျာဗီရာ တီဗက်စ်သည် စပိန်ထိပ်တန်းလိဂ်အနေဖြင့် လာမည့် ဇွန် ၁၂ ရက်တွင် ပြန်လည်စတင်နိုင်ရန် မျှော်လင့်ထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။ စပိန်ထိပ်တန်းလိဂ်နှစ်ခုမှ ကစားသမား ငါးဦး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း သိရသည်။ လာလီဂါသည် ပြီးခဲ့သည့် သီတင်းပတ်တွင် ကစားသမားများကို ကိုရိုနာ ဗိုင်းရပ်စ်ရောဂါပိုးရှိ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။ ထို့အပြင် ပရီမီယာလိဂ်ကလပ် ဘရိုက်တန်အသင်းတွင်လည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက် ခံထားရသူ သုံးဦးရှိကြောင်း သတင်းများတွင် ဖော်ပြထားပြီး ပေါ်တူဂီထိပ်တန်းလိဂ်ကလပ်တစ်ခုဖြစ်သည့် ဗစ်တိုးရီးယား မူမာရက်စ်အသင်းတွင်လည်း ကစားသမား သုံးဦး ရောဂါပိုးတွေ့ရှိကြောင်း ဖော်ပြထားသည်။

**အသင်းသို့ အချိန်မီ ပြန်လာရန် မျှော်လင့်ထား**

တရုတ်ကလပ် ရှန်ဟိုင်းရှင်ဟွာအသင်းသည် မန်ယူအသင်း၌ အငှားကစားလျက်ရှိနေသည့် နိုင်ဂျီးရီးယားတိုက်စစ်ကစားသမား အီဂါလိုအနေဖြင့် အသင်းသို့ အချိန်မီ ပြန်လာရန် မျှော်လင့်ထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။ တရုတ်စူပါလိဂ်ရာသီသစ်ကို ဇူလိုင်လတွင် ပြန်လည်စတင်ဖွယ်ရှိကြောင်း သိရသည်။

**ဝီလီယံကို ခေါ်ယူရန် စိတ်ဝင်စား**

စပါးနှင့် အာဆင်နယ်အသင်းတို့သည် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းတိုးရန် အဆင်မပြေဖြစ်နေသည့် အသက် ၃၁ နှစ်အရွယ် ဘရာဇီးကွင်းလယ်ကစားသမား ဝီလီယံကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဒေ့ါမွန်အသင်း ဝက်ဘ်စတာကို ခေါ်ယူလို**

ဒေ့ါမွန်အသင်းသည် ချယ်လ်ဆီးဆယ်ကျော်သက်ကွင်းလယ်ကစားသမား ဝက်ဘ်စတာကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

**မီချွတ်ကို ခေါ်ယူလို**

မန်စီးတီးအသင်းသည် ပီအက်စ်ဂျီအသင်းမှ အသက် ၁၇ နှစ်အရွယ် ပြင်သစ်ကွင်းလယ်ကစားသမား မီချွတ်ကို ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဘင်ချီဝဲလ်ကို ခေါ်ယူရန်အတွက် လက်စတာနှင့် ဆွေးနွေး**

ချယ်လ်ဆီးအသင်းသည် အင်္ဂလန်ဘယ်ခံစစ်ကစားသမား ဘင်ချီဝဲလ် (၂၃နှစ်) ကို ခေါ်ယူရန်အတွက် လက်စတာအသင်းနှင့် ဆွေးနွေးလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့အပြင် ချယ်လ်ဆီးအသင်းသည် မိုနာကိုခံစစ်ကစားသမား တော်ရေးကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ မိုနာကိုအသင်းနှင့် ၎င်း၏ စာချုပ်သက်တမ်းသည် ၂၀၂၃ ခုနှစ်အထိရှိကြောင်း သိရသည်။

**ချီဆာကို ခေါ်ယူရန် စိတ်ဝင်စား**

ချယ်လ်ဆီး၊ မန်ယူနှင့် ဂျူဗင်တပ်စ်အသင်းတို့သည် ပြောင်းရွှေ့ကြေး ပေါင်သန်း ၆၀ သတ်မှတ်ထားသော ဖီအိုရင်တီးနားအသင်းမှ အီတလီ တိုက်စစ်ကစားသမား ချီဆာ (၂၂နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဗန်ဒီဘိခ်ကို ခေါ်ယူရန် ဆွေးနွေး**

နယူးကာဆယ်အသင်းသည် အိုင်းယက်စ်အသင်းမှ ကွင်းလယ်ကစားသမား ဗန်ဒီဘိခ်ကို ခေါ်ယူရန် ဆွေးနွေးလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့အပြင် ရီးရဲမက်ဒရစ်အသင်းမှ ဂါရတ်ဘေးလ်ကိုလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

**အောင်ဇော်**

# ဝူဟန်မြို့၌ ကန့်သတ်ပိတ်ဆို့မှုများ ဖယ်ရှားခဲ့ပြီးနောက် ကိုဗစ်-၁၉ ကူးစက်ခံရသူတစ်ဦး ပြန်တွေ့

**ဝူဟန် မေ ၁၁**

ကမ္ဘာတစ်ဝန်းတွင် ကူးစက်ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပထမဆုံး စတင်ပျံ့နှံ့ခဲ့ရာ ဝူဟန်မြို့တွင် ရောဂါကူးစက်မှုရပ်တန့်ခဲ့ပြီးတစ်လအကြာ၌ ပထမဆုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူတစ်ဦးကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း မေ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ထို့ပြင် တရုတ်အမျိုးသား ကျန်းမာရေးကော်မရှင်ကလည်း ၁၀ ရက်နီးပါး အတွင်း တရုတ်နိုင်ငံတစ်ဝန်း၌ ရောဂါကူးစက်ဖြစ်ပွားသူ ဆယ်ဂဏန်းအထိ တိုးပွားလာခဲ့ပြီး ရောဂါထပ်မံကူးစက်ခံရသူ ၁၄ ဦးရှိကြောင်း အတည်ပြုခဲ့သည်။ ရောဂါကူးစက်ခံရသူများအနက် နှစ်ဦးမှာ ပင်လယ်ရပ်ခြားမှကူးစက်ခံလာရခြင်းဖြစ်ကြောင်း ကော်မရှင်က ဖော်ပြသည်။

ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက တရုတ်နိုင်ငံအလယ်ပိုင်းရှိ သယ်ယူပို့ဆောင်ရေးနှင့် စက်မှုလုပ်ငန်းမြို့ဖြစ်သည့် ဝူဟန်၌ ပထမဆုံးစတင်ပေါက်ဖွားခဲ့သည်။ ဗိုင်းရပ်စ်စတင်ကူးစက်ပျံ့နှံ့ခဲ့ချိန်မှစတင်ကာ ယခုအချိန်အထိ လူပေါင်း လေးသန်းနီးပါးအထိ ကူးစက်ခံခဲ့ရပြီဖြစ်ပြီး သေဆုံးသူအရေအတွက် ၂၇၀၀၀၀ ကျော်အထိ ရှိသွားပြီဖြစ်ကာ ဗိုင်းရပ်စ်ကြောင့် နောက်ဆက်တွဲ စီးပွားရေးထိခိုက်နစ်နာမှုများကို ကမ္ဘာနှင့်အဝန်း ခံစားရလျက်ရှိသည်။

တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက် ၈၂၉၀၁ ဦးရှိခဲ့ကာ တရားဝင်သေဆုံးသူ အရေအတွက်မှာ ၄၆၃၃ ဦး ဖြစ်သည်။

အာဏာပိုင်များသည် ပြီးခဲ့သည့်မတ်လနှောင်းပိုင်းတွင် ကပ်ရောဂါဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုများကို စတင်ဖယ်ရှားခဲ့သည်။ အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုများ ဖယ်ရှားလိုက်ပြီး တစ်လနီးပါးအကြာတွင် ဝူဟန်မြို့၌ ရောဂါကူးစက်ခံရသူတစ်ဦး ထပ်မံပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ဝူဟန်မြို့ရှိ ဘူတာရုံတစ်ခု၌ ရထားစောင့်နေသည့် ခရီးသည်တစ်ဦးကို တွေ့ရစဉ်။

# လစ်ဗျားရှိ တူရကီအဆောက်အအုံများကို တိုက်ခိုက်လာပါက ကာလီဖာဟက်ဖ်တာ၏တပ်ဖွဲ့များကို ပစ်မှတ်ထားတိုက်ခိုက်မည်ဟု တူရကီပြော

**အင်ကာရာ မေ ၁၁**

လစ်ဗျားနိုင်ငံတွင် ဆောင်ရွက်နေသည့် တူရကီ၏ သံတမန်ရေးရာမစ်ရှင်များနှင့် အဆောက်အအုံများကို လစ်ဗျားစစ်အာဏာသိမ်းခေါင်းဆောင်ကာလီဖာဟက်ဖ်တာ၏ တပ်ဖွဲ့များက ဆက်လက်တိုက်ခိုက်နေမည်ဆိုပါက ၎င်း၏ တပ်ဖွဲ့များကိုပစ်မှတ်ထားလျက် ချေမှုန်းတိုက်ခိုက်မှုများလုပ်ဆောင်မည်ဖြစ်ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက မေ ၁၀ ရက်တွင် သတိပေးလိုက်ကြောင်း သိရသည်။

ကာလီဖာဟက်ဖ်တာ ဦးဆောင်သည့် တရားမဝင်ပြည်သူ့စစ်အဖွဲ့များသည် မကြာသေးမီအချိန်က ဆင်ခြင်မှုမဲ့သည့် တိုက်ခိုက်မှုများ အထူးသဖြင့် ထရီပိုလီမြို့၌ လုပ်ဆောင်နေသည့် တိုက်ခိုက်မှုများကို အရှိန်မြှင့်လာခဲ့ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ မေ ၉ ရက်က ဟက်ဖ်တာအဖွဲ့နှင့် ဆက်နွယ်သည့် အုပ်စုများက ထရီပိုလီမြို့လယ်ကောင်ရှိ အိမ်နီးချင်း အရပ်သားများကို လက်နက်ကြီးပစ်ခတ်မှုများနှင့်အတူ ဒုံးကျည်အစင်း ၁၀၀ ကျော်ဖြင့် တိုက်ခိုက်မှု လုပ်ဆောင်ခဲ့သည်။



ထရီပိုလီရှိ မိုင်တီဂါလေဆိပ်တိုက်ခိုက်ခံရမှုတွင် မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေစဉ်။

အဆိုပါ တိုက်ခိုက်မှုများသည် ထရီပိုလီရှိသံရုံးနှင့် မိုင်တီဂါ နိုင်ငံတကာလေဆိပ်အပါအဝင် သံတမန်ရေးရာ မစ်ရှင်ဆောင်ရွက်မှုများကို ပစ်မှတ်ထားခဲ့ကြောင်း သိရသည်။

တိုက်ခိုက်မှုများအတွင်း အရပ်သားများ ထိခိုက်သေဆုံးမှုနှင့်ဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့ရာ ယင်းလုပ်ရပ်မှာ စစ်ရာဇဝတ်မှု ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကာလီဖာဟက်ဖ်တာ၏ တပ်ဖွဲ့များက လစ်ဗျား၌ သံတမန်ရေးရာ မစ်ရှင်ဆောင်ရွက်နေသည့် တူရကီ၏ အဆောက်အအုံများကို ဆက်လက်တိုက်ခိုက်ဦးမည်ဆိုလျှင် တူရကီအနေဖြင့် ဟက်ဖ်တာ၏အဖွဲ့ကို ပစ်မှတ်ထားလျက် တိုက်ခိုက်ချေမှုန်းရေးကို ဖောင်းပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း တူရကီ နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်၌ သတိပေးလိုက်ကြောင်း သိရသည်။

၂၀၁၁ ခုနှစ်က နေတိုးအဖွဲ့အားပေးထောက်ခံနေသည့် ပုန်ကန်ထကြွမှုကြောင့် လစ်ဗျားစစ်အာဏာရှင် ခေါင်းဆောင် ကဒါဖီ သေဆုံးခဲ့ရပြီးနောက်တွင် လစ်ဗျားနိုင်ငံသည် နိုင်ငံရေးဆိုင်ရာ ကသောင်းကနင်း အခြေအနေများအောက်ကျရောက်ခဲ့ရသည်။ လက်ရှိတွင် လစ်ဗျားနိုင်ငံသည် ထရီပိုလီရှိ ကုလသမဂ္ဂထောက်ခံသည့် အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့နှင့် နိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်းတို့တွင်ရှိသည့် ကာလီဖာဟက်ဖ်တာအဖွဲ့တို့အကြား နှစ်ပိုင်းကွဲလျက်ရှိသည်။

**ဆင်ဟွာ**

# စင်ကာပူ၌ ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၉၀၀ နီးပါး ထပ်မံတွေ့ရှိ

**စင်ကာပူ မေ ၁၁**

စင်ကာပူနိုင်ငံ၌ မေ ၁၀ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသည့် အတည်ပြုလူနာ ၈၇၆ ဦး ထပ်မံပေါ်ထွက်လာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုခဲ့ပြီးနောက်တွင် တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူအရေအတွက် ၂၃၃၃၆ ဦးအထိ မြင့်တက်လာကြောင်း သိရသည်။

အသစ်ထပ်မံတွေ့ရှိရသည့် ကူးစက်မှုများအနက် လေးဦးမှာ လူမှုအဖွဲ့အစည်းအတွင်း ကူးစက်ခံရခြင်းဖြစ်ပြီး ၁၁ ဦးမှာ အလုပ်သမားလိုင်းခန်းများ အပြင်ဘက်တွင် နေထိုင်ကြသည့် အလုပ်လုပ်ကိုင်ခွင့် လက်မှတ်ကိုင်ဆောင်ထားသူများဖြစ်ကာ ၈၆၀ မှာ အလုပ်သမား လိုင်းခန်းများထဲတွင် နေထိုင်လျက်ရှိကြသူများဖြစ်ကြောင်း သိရသည်။

### ခရီးသွားရာဇဝင်ရှိ

ရောဂါကူးစက်ခံရသူတစ်ဦးမှာ အသက် ၆၁ နှစ်ရှိ စင်ကာပူအမျိုးသားတစ်ဦးဖြစ်ပြီး ကာတာနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးသွားရာဇဝင်ရှိသူဖြစ်သည်။

### ပြန်ဆင်းခွင့်ရ

ပြီးခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်- ၁၉ ရောဂါကူးစက်ခံခဲ့ရသည့် လူနာ ၄၂၅ ဦးမှာ ဆေးရုံများနှင့် ကန့်သတ်စောင့်ကြည့်ထားရှိရာအဆောက်အအုံများမှ ပြန်ဆင်းခွင့်ရရှိခဲ့ပြီး အများစုမှာ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လျက်ရှိကာ ၂၂ ဦးမှာ အထူးကြပ်မတ်ကုသဆောင်၌ အရေးပေါ်ကုသမှုခံယူနေကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံရှိ ဒေသအချို့တွင် စီးပွားရေးလုပ်ငန်းအချို့ ပြန်ဖွင့်

**တိုကျို မေ ၁၁**

ဂျပန်နိုင်ငံတွင် ကပ်ရောဂါကျရောက်မှုကြောင့် အရေးပေါ်အခြေအနေ ကြေညာထားမှုကို အစိုးရက ယခုလမကုန်မီ ရုပ်သိမ်းရန် ပြင်ဆင်လျက်ရှိရာ နိုင်ငံအတွင်းရှိ အချို့ဒေသများ၌ စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်လည်ပတ်နေပြီဖြစ်ကြောင်း သိရသည်။

တိုကျိုမြို့ကို အရေးပေါ်အခြေအနေ ကြေညာချက်အောက်တွင် ဆက်လက်ထားရှိဖွယ်ရှိပြီး စီရင်စုပေါင်း ၃၀ ကျော်တို့တွင် ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို ပြန်လည်ဖြေလျှော့ပေးမည်ဟု မျှော်လင့်ရကြောင်း ဒေသမီဒီယာများက ဖော်ပြသည်။

နွေဦးရာသီအားလပ်ရက်များအပြီးတွင် တိုကျိုမြို့လယ်ကောင်ရှိ ရှင်ဂျူကူရပ်ကွက်၌ အများပြည်သူသုံးယာဉ်များဖြင့် လုပ်ငန်းခွင်များသို့ စီးနင်းလိုက်ပါသွားရောက်ကြမည့် ပြည်သူအရေအတွက် ပိုမိုတိုးပွားလာဟန်ရှိကြောင်း သိရသည်။

တိုကျိုမြို့နှင့် အခြားစီရင်စုပေါင်း ခြောက်ခုတို့တွင် ပြီးခဲ့သည့် ဧပြီ ၇ ရက်မှစတင်ကာ ကပ်ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာချက် စတင်သက်ဝင်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဗင်နီဇွဲလားနိုင်ငံသို့ ရေကြောင်းမှ ကျူးကျော်ရန်ကြိုးပမ်းခဲ့သူ ၁၁ ဦးကို ဖမ်းဆီး

**ကရာကတ် မေ ၁၁**

ဗင်နီဇွဲလားနိုင်ငံသို့ ရေကြောင်းမှ ကျူးကျော်ဝင်ရောက်ရန်ကြိုးပမ်းမှု မအောင်မမြင်ဖြစ်ခဲ့ပြီးနောက်တွင် ယင်းကြိုးပမ်းမှုနှင့် ပါဝင်ဆက်နွယ်နေသူ ၁၁ ဦးကို အကြမ်းဖက်သမားများအဖြစ် ဖမ်းဆီး အရေးယူခဲ့ကြောင်း ဗင်နီဇွဲလားအာဏာပိုင်များက ပြောကြားခဲ့သည်။

ယခုအခါ အစိုးရက ဖမ်းဆီးထားသူ အရေအတွက်မှာ ၄၀ ကျော်အထိ ရှိလာခဲ့ကြောင်း သိရသည်။



မေ ၁၀ ရက်တွင် ကရာကတ်မြို့မှ တစ်နာရီခန့်ကြာအောင်သွားရသည့် ကိုလိုနီရာတိုဗာရှိ နောက်ထပ် အကြမ်းဖက်သမားသုံးဦးကို ဖမ်းဆီးခဲ့ကြောင်း စစ်ဘက်အကြီးအကဲ ရီမီဂျီ ယိုစီဘာလိုစ်က ပြောကြားခဲ့သည်။

နာရီအနည်းငယ်ကြာပြီးနောက်တွင် စစ်ဘက်တာဝန်ရှိသူများက မြောက်ပိုင်းကမ်းခြေဒေသဖြစ်သည့် ဗာဂက်စ်၌ နောက်ထပ် အကြမ်းဖက်သမားရှစ်ဦးကို ထပ်မံဖမ်းဆီးခဲ့ကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်လွှင့်ဖော်ပြခဲ့သည်။

ဗင်နီဇွဲလားကို ကျူးကျော်ဝင်ရောက်ကာ အစိုးရကိုဖြုတ်ချရန် ကြိုးပမ်းရာတွင် ပါဝင်သူမှန်သမျှကို မြေလှန်ရှာဖွေကာ တစ်ယောက်မကျန် ဖမ်းဆီးမည်ဖြစ်ကြောင်း ဗင်နီဇွဲလား သမ္မတ နီကိုလပ်စ်မာဒူရိုက ရုပ်သံမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

လက်ရှိ ဖမ်းဆီးထိန်းသိမ်းထားသူများထဲတွင် အမေရိကန်တပ်ဖွဲ့ဝင်ဟောင်း နှစ်ဦးပါဝင်ပြီး ၎င်းတို့ကို အကြမ်းဖက်မှုနှင့် လျှို့ဝှက်ပူးပေါင်း ကြံစည်မှု၊ တရားမဝင် လက်နက်မှောင်ခိုသွင်းမှုစွပ်စွဲချက်များဖြင့် အရေးယူဆောင်ရွက်ထားကာ ထောင်ဒဏ်၂၅ နှစ်နှင့် ၃၀ အတွင်း ကျခံရလိမ့်မည်ဖြစ်ကြောင်း သိရသည်။

သမ္မတမာဒူရိုက ရေကြောင်းမှ ဝင်ရောက်ရန် ကြိုးပမ်းမှုသည် ၎င်းကိုဖြုတ်ချကာ အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို တင်မြှောက်ရန် ကြိုးပမ်းသည့် အစီအစဉ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို အမေရိကန်ပြည်ထောင်စုနှင့် အခြားသောနိုင်ငံပေါင်း ၅၀ ကျော်တို့က ကြားဖြတ်အစိုးရအဖြစ် အသိအမှတ်ပြု လက်ခံထားသည်။ သမ္မတမာဒူရိုက ၎င်းအားဖြုတ်ချရန်ကြိုးပမ်းသည့် လှုပ်ရှားမှုတွင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့် ပါဝင်ပတ်သက်နေသည်ဟု ယုံကြည်လျက်ရှိသည်။

**အေအက်ဖ်ပီ**

# ပိတ်ဆို့ကန့်သတ်မှုဖြေလျှော့လိုက်သည့်နောက် ဂျာမနီနှင့် တောင်ကိုရီးယားတို့တွင် ကိုဗစ် -၁၉ ကူးစက်ခံရမှု မြင့်တက်

ဆိုးလ် မေ ၁၁

**တောင်ကိုရီးယားနှင့် ဂျာမနီနိုင်ငံတို့တွင် ကိုဗစ် -၁၉ ကူးစက်ခံရသူများ အသစ်ထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။ မေ ၉ ရက်က တောင်ကိုရီးယားရှိ လူပေါင်းစုံလာရောက်လည်ပတ်သော နိုက်ကလပ်မှတစ်ဆင့် ကိုဗစ် -၁၉ ကူးစက်မှုဖြစ်ပွားခဲ့ပြီး စီးပွားရေးလုပ်ငန်းများပြန်လည်ဖွင့်လှစ်ပါက အာဏာပိုင်များ ရင်ဆိုင်ရမည့်စိန်ခေါ်မှုများကို မီးမောင်းထိုးပြလျက်ရှိသည်။**

ဂျာမနီနှင့် တောင်ကိုရီးယားတို့သည် ပြည်သူများ၌ ကိုဗစ် -၁၉ ရှိ မရှိကို ကျယ်ကျယ်ပြန့်ပြန့်စစ်ဆေးပေးနိုင်ခဲ့ပြီး လူအစုလိုက်သေဆုံးခြင်းကို ရှောင်ရှားနိုင်ခဲ့သည်။ သို့သော် အာဏာပိုင်များသည် လူ့အသက်များကယ်တင်ရေးနှင့် အလုပ်အကိုင်များပျောက်ပျက်မသွားအောင် ဆက်လက် ထိန်းသိမ်းနိုင်ရေးတို့ကြား ဟန်ချက်ညီညီ လုပ်ဆောင်နိုင်ရေး ရှုန်းကန်နေရသည်။

တောင်ကိုရီယားနိုင်ငံတွင် ကူးစက်ခံရမှုများလျော့ကျလာသည်နှင့်တစ်ပြိုင်နက် ကျောင်းများပြန်ဖွင့်ရန်နှင့် လူအချင်းချင်းခပ်ခွာခွာနေရန် လမ်းညွှန်မှုများကို မေ ၆ ရက်က ဖြေလျှော့ပေးခဲ့သည်။

သို့သော် မေ ၉ ရက်က အီတေဝန် ရပ်ကွက်ရှိ နိုက်ကလပ်သို့ သွားရောက်သူနှင့်ဆက်စပ်ပြီး ကိုဗစ် -၁၉ ကူးစက်ခံရသူများ ပေါ်ပေါက်ခဲ့သည်။ ထို့နောက် ဆိုးလ်မြို့ရှိ နိုက်ကလပ်များ၊ ဒစ္စကိုအကခန်းနှင့် ဘားများ စုစုပေါင်း ၂၁၀၀ ကိုပိတ်ပစ်ခဲ့သည်။ အသက် ၂၉ နှစ်အရွယ်အမျိုးသားတစ်ဦးသည် ကိုဗစ် -၁၉ ရှိသည်ဟု စမ်းသပ်မတွေ့ရှိမီ အီတေဝန်ရှိ နိုက်ကလပ်သို့သွားရောက်ခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်မှတစ်ဆင့် ဆက်စပ်ကာ မေ ၁၁ ရက်အထိ လူပေါင်း ၈၆ ဦး ကူးစက်ခဲ့ရကြောင်း သိရသည်။

ဂျာမနီနိုင်ငံတွင်လည်း ပိတ်ဆို့ကန့်သတ်မှုများ ဖြေလျှော့ပြီးနောက် ကိုဗစ် - ၁၉ ကူးစက်ခံရသူ အရေအတွက် ပြန်လည်မြင့်တက်လာကြောင်း တရားဝင် အချက်အလက်များကဖော်ပြလျက်ရှိသည်။ ဗိုင်းရပ်စ်ပျံ့နှံ့မှုနှုန်းကို အချိန်တိုအတွင်းတိတိကျကျ ခြေရာခံမလိုက်နိုင်သည့်အတွက် အချက်အလက်များပေါ်မူတည်၍ အတည်ပြုလူနာများ မည်မျှရှိလာမည်ကို ခန့်မှန်းရပြီး ယင်းကို တိုးပွားလာသည့်နှုန်းဟု သတ်မှတ်သည်။

ယင်းနှုန်းအရ ဂျာမနီနိုင်ငံ၏ တိုးပွားမှုသည် တစ်ဦးထက်မကရှိနေသဖြင့် ရောဂါပျံ့နှံ့မှုနှုန်း ပြန်လည်မြင့်တက်လာနိုင်သည်ဟု ဖော်ပြလျက်ရှိသည်။

နောက်ထပ် သတင်းအချက်အလက်များအရ ကူးစက်ခံရမှုပြန်လည်မြင့်တက်လာနိုင်သည်ဟု ဖော်ပြထားရာ ပိတ်ဆို့ကန့်သတ်မှုများ ဖြေလျှော့ပြီးနောက် နောက်တစ်ကြိမ် ကူးစက်မှု ပြန်လည်မြင့်တက်လာမည်ကို စိုးရိမ်နေကြလျက်ရှိသည်။



ဂျာမနီနိုင်ငံတွင် နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရန် အမိန့်ထုတ်ထားသဖြင့် နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

ကိုလုံးမြို့တွင် ပိတ်ဆို့ကန့်သတ်မှုများ ဖြေလျှော့ အပြီး မတ် ၉ ရက်က လူစုလူဝေးဖြစ်နေကြသည်ကို တွေ့မြင်ရသည့်နောက် ဗိုင်းရပ်စ်ပြန်လည်ပျံ့နှံ့လာနိုင်ကြောင်း ကူးစက်ရောဂါပျံ့နှံ့ခြင်းဆိုင်ရာ ပါမောက္ခတစ်ဦးဖြစ်သူ ကားလ်လိုက်တာဘတ်က သတိပေးခဲ့သည်။

ဆင်ဟွာ

# နယူးဇီလန်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရန် သတိပေးမှုအဆင့်လျှော့ချမည်

**ဝယ်လင်တန် မေ ၁၁**

နယူးဇီလန်နိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ခံရမှု ထိန်းချုပ်ရေးအတွက် ကန့်သတ်မှုများ လုပ်ဆောင်ထားရာ စီးပွားရေးလုပ်ငန်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကန့်သတ်မှုအဆင့်ကို လျှော့ချသွားမည်ဟု သိရသည်။

မေ ၁၃ ရက် ည ၁၁နာရီ ၅၉ မိနစ်မှစတင်ကာ ကန့်သတ်သတိပေးမှုအဆင့်ကို အဆင့် ၃ မှ အဆင့် ၂ အထိလျှော့ချမည်ဟု နယူးဇီလန်ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်က မေ ၁၁ ရက်တွင် ကြေညာခဲ့သည်။

ဧပြီ ၂၇ ရက်ကလည်း အစိုးရသည် ပိတ်ဆို့ကန့်သတ်မှု သတိပေးမှုအဆင့်ကို အဆင့် ၄ မှအဆင့် ၃ အထိလျှော့ချထားခဲ့သည်။ ယင်းသို့ လျှော့ချလိုက်ခြင်းကြောင့် စီးပွားရေးလုပ်ငန်းအချို့နှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ခဲ့သည်။ မေ ၁၄ ရက်တွင် ဈေးဆိုင်များ၊ ဈေးဝယ်စင်တာများ၊ ကော်ဖီဆိုင်များ၊ စားသောက်ဆိုင်များ၊ ရုပ်ရှင်ရုံများနှင့် ကစားကွင်းများ၊ အများပြည်သူများနှင့် သက်ဆိုင်သည့်နေရာများကို ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သည်။



နယူးဇီလန်ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်

မေ ၁၈ ရက်တွင်ကျောင်းများ ပြန်ဖွင့်မည်ဖြစ်ပြီး ဘားများမှာမူ မေ ၂၁ ရက်မှ ပြန်ဖွင့်ခွင့်ရမည် ဖြစ်သည်။

လူအချင်းချင်း ခပ်ခွာခွာနေသည့်စနစ်ကို ကျင့်သုံးကာ လူများသည် နိုင်ငံအတွင်း ခရီးသွားလာမှု ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည်။

လူအများစုဝေးကြသည့် လူမှုရေးပွဲများ၊ ဘာသာရေးပွဲများ၊ မင်္ဂလာဆောင်များ၊နာရေးနှင့် စားသောက်ဆိုင်များ၊ ဘားများတွင် လူ ၁၀ ဦး ထက်ကျော်၍ စုဝေးခြင်းကိုမူ ခွင့်မပြုပေ။ နောက်ထပ် ကန့်သတ်မှုများ ဖြေလျှော့ခြင်း ပေးသင့်မသင့်ကို သီတင်းနှစ်ပတ်အတွင်းအစိုးရက ပြန်လည်သုံးသပ်သွားမည်ဖြစ်သည်။

မေ ၁၁ ရက်အထိ နယူးဇီလန်နိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၁၄၇၉ ဦးရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# ထိုင်းနိုင်ငံ၏ အကြီးဆုံးဈေး ပြန်လည်ဖွင့်လှစ်

**ဘန်ကောက် မေ ၁၁**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ချာတူချက်ဈေးကြီးကို ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေး တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများဖြင့် မကြာသေးမီက ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**စစ်ဆေးသွားမည်**

လွန်ခဲ့သည့် နှစ်လကျော်က ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရန် ယာယီပိတ်ထားခဲ့သည့် ချာတူချက်ဈေး၏ဝင်ပေါက်အားလုံး၌ ဈေးရောင်းချသူနှင့် လာရောက်ဈေးဝယ်သူအားလုံးကို ဘန်ကောက်မြို့တော် စီမံခန့်ခွဲမှုအဖွဲ့၏ အရာရှိများက ကိုယ်ပူချိန်တိုင်းတာစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဈေးဝယ်သူနှင့် ဈေးရောင်းသူများအားလုံး နှာခေါင်းစည်းတပ်ဆင်ရန်၊ လက်သန့်စင်ဆေးရည်ဖြင့် လက်ကို ဆေးကြောရန်နှင့် ရောဂါကူးစက်မှုမှ ကာကွယ်ရန် တစ်ဦးနှင့်တစ်ဦး နီးကပ်စွာသွားလာခြင်းမပြုရန်တို့ကို စည်းကမ်းတင်းကျပ်စွာ လိုက်နာရန်လိုအပ်ကြောင်း ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ချာတူချက်ရပ်ကွက် မော်ချစ်ဘူတာရုံအနီးတွင် တည်ရှိသော ချာတူချက်ဈေးမှ အရာရှိတစ်ဦးက ပြောကြားသည်။

**သန့်ရှင်းရေးလုပ်ရမည်**

ဘန်ကောက်မြို့တော်စီမံခန့်ခွဲမှုအဖွဲ့ခွင့်ပြုသည့်ဈေးအတွင်းရှိ အစားအသောက်ရောင်းချသောဆိုင်ခန်းများအားလုံးတွင် လာရောက်စားသုံးသူများအနေဖြင့်လည်း တစ်ဦးနှင့် တစ်ဦး ၁ ဒသမ ၅ မီတာ အကွာအဝေးခန့်တွင် ထိုင်ကြစေရန်၊ အများပြည်သူအသုံးပြုသည့် ထိုင်ခုံ၊ အိမ်သာနှင့် အေတီအမ်စက်များကို နှစ်နာရီခြားတစ်ကြိမ် သန့်ရှင်းရေးပြုလုပ်ရန် စည်းကမ်းသတ်မှတ်ထားကြောင်း သိရသည်။

ဆင်ဟွာ

# ကိုဗစ်- ၁၉ ကူးစက်ခံရမှု လျော့ကျလာသဖြင့် ရှန်ဟိုင်းဒစ္စနေလန်း ပြန်လည်ဖွင့်လှစ်

**ရှန်ဟိုင်း မေ ၁၁**

ဇန်နဝါရီလ နှောင်းပိုင်းမှစတင်ပိတ်ထားခဲ့သည့် ဒစ္စနေလန်းကို မေ ၁၁ ရက်မှစတင်ကာ ပြန်လည်ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

ကိုဗစ်- ၁၉ ကူးစက်ခံရမှု ကျဆင်းလာပြီးနောက် ရှန်ဟိုင်း ဒစ္စနေလန်း ဥယျာဉ်သည် ကမ္ဘာပေါ်တွင် ပထမဆုံး ပြန်လည်ဖွင့်လှစ်ခွင့်ပြုသည့် ဥယျာဉ်လည်း ဖြစ်သည်။

လူကြိုက်များသည့် ဥယျာဉ် ပြန်လည်ဖွင့်လှစ်လိုက်ခြင်းသည် တရုတ်သမ္မတရှီကျင့်ဖျင် အနေဖြင့် နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုကို ထိန်းချုပ်နိုင်သည်ဟု ပြသရာရောက်ကြောင်း နိုင်ငံခြားရေးရာကျွမ်းကျင်သူများက ပြောသည်။

ရှန်ဟိုင်းဒစ္စနေလန်းတွင် ကိုဗစ် -၁၉ ကူးစက်ပျံ့နှံ့မှုမရှိစေရေး ကာကွယ်ရေးအစီအမံများ လုပ်ဆောင်သွားမည် ဖြစ်သည်။

လူအများစုပြုံခြင်းမဖြစ်စေရေး လက်မှတ်ကြိုတင်မှာယူမှုများ၊ ဝင်ခွင့်ကန့်သတ်မှုများ၊ လာရောက် လည်ပတ်သည့်ဧည့်သည်များ နှာခေါင်းစည်းတပ်ဆင်ကြရန်အစရှိသည့်လုပ်ဆောင်မှုများ လုပ်ဆောင်သွားရန် တရုတ်အစိုးရက တောင်းဆိုထားသည်။ နံနက် ၉ နာရီ ပန်းခြံမဖွင့်မီကတည်းက ဒစ္စနေးဇာတ်ဆောင်များကဲ့သို့ ဝတ်ဆင်ထားသည့် ပရိသတ်များသည် လူအချင်းချင်း ခပ်ခွာခွာနေကာ တန်းစီစောင့်ဆိုင်းနေကြသည်။

မြေပြင်ပေါ်တွင် အမှတ်အသားများပြုလုပ်ထားကာ တစ်ဦးလျှင် တစ်မီတာစီ ခွာထားကြောင်း သိရသည်။ မတ် ၁၁ ရက်တွင် ဇန်နဝါရီကတည်းက ပိတ်ထားသည့် ဂျပန်စာသင်ကျောင်းကိုလည်း ပထမဆုံးအကြိမ် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး အတန်းများ ပြန်စနေပြီဖြစ်သည်။ မတ်လအတွင်း၌ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက တိုင်းပြည်အတွင်းသို့ နိုင်ငံခြားသားများ ဝင်ရောက်ခြင်းကို ပိတ်ပင်ခဲ့သည်။

ကိုဗစ် – ၁၉ ကူးစက်ရောဂါသည် လွန်ခဲ့သည့်နှစ်က တရုတ်နိုင်ငံ ဝူဟန်မြို့တွင်စတင်ခဲ့ပြီး တရုတ်နိုင်ငံတွင် လူပေါင်း ၈၃၀၀၀ ကူးစက်ခံရပြီး ၄၆၀၀ သေဆုံးခဲ့ရသည်ဟု တရုတ်အာဏာပိုင်များက ပြောသည်။

ကျိုဒိုနယူးစ်



မေ ၁၁ ရက်က ရှန်ဟိုင်း ဒစ္စနေလန်းသို့ လာရောက်လည်ပတ်ကြသူများကို တွေ့ရစဉ်။

# ကိုရိုနာဗိုင်းရပ်စ်လှိုင်း ဒုတိယအကြိမ်ထပ်မံရိုက်ခတ်လာမည်ကို စိုးရိမ်နေတဲ့ ကမ္ဘာ့ နိုင်ငံများ

*ထွန်းသစ်စ*

ဥရောပတစ်လွှား ကိုရိုနာဗိုင်းရပ်စ်ကြောင့် အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေကို ပြန်ဖွင့်ပေးဖို့ လုပ်ဆောင်နေတဲ့အချိန်မှာ တရုတ်နိုင်ငံ ကိုရိုနာဗိုင်းရပ်စ်စတင်ဖြစ်ပွားရာ ဝူဟန်မှာ ရက်သတ္တပတ်အတော်ကြာပြီးနောက် ပထမဆုံး ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုပြန်လည်တွေ့ရှိလိုက်ခြင်းက ကိုရိုနာဗိုင်းရပ်စ် ဒုတိယလှိုင်းပြန်လည်ရိုက်ခတ်လာနိုင်တဲ့ အန္တရာယ်ကို သတိပေးလိုက်သလို ဖြစ်ခဲ့ပါတယ်။

### အဆိုးအကောင်းကံကြမ္မာ ရင်ဆိုင်

အဆိုးအကောင်းယှက်တင်ရောထွေးနေတဲ့ ကံကြမ္မာကို ကမ္ဘာတစ်ဝန်းအစိုးရတွေရင်ဆိုင်နေရချိန်မှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် စီးပွားရေးကျဆင်းလာတာကိုလည်း နည်းလမ်းရှာပြီး ရှေ့ဆက်ဖို့လုပ်ဆောင်ရပါတယ်။ အဲဒီလိုအချိန်မှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကမ္ဘာတစ်ဝန်း သေဆုံးသူဦးရေဟာ ၂၈၀၀၀၀ ကျော်လာပါပြီ။

ဗြိတိန်ကလည်း ပုံမှန်အခြေအနေပြန်ရောက်အောင် အစီအစဉ်တွေချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသလို ပြင်သစ်နဲ့ စပိန်တို့ကလည်း ကန့်သတ်ချက်တွေကို လျှော့ပေါ့ပေးဖို့ လုပ်ဆောင်နေတဲ့အချိန်မှာ ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားရာ တရုတ်နိုင်ငံ ဝူဟန်မြို့မှာ ကိုရိုနာဗိုင်းရပ်စ်လက္ခဏာတစ်လကြာ မပြရာကနေ ဒုတိယနေ့အဖြစ်ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိကြောင်း အစီရင်ခံဖော်ပြလာတဲ့အခါမှာတော့ အားလုံး အထိတ်တလန့်တွေ ဖြစ်ကုန်ပါတော့တယ်။

အိမ်နီးချင်း တောင်ကိုရီးယားနိုင်ငံက တစ်လကျော်ကြာတဲ့အချိန်မှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် အမြင့်ဆုံးဖြစ်ခဲ့တယ်လို့ ကြေညာခဲ့ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူသန်းချီအလုပ်လက်မဲ့များဖြစ်ကုန်သလို စီးပွားရေးတွေလည်း ပြိုလဲခဲ့ရပါတယ်။ အစိုးရတွေကလည်း ကိုရိုနာဗိုင်းရပ်စ်ဘေးအန္တရာယ်ကနေ လွတ်ကင်းဖို့ အကောင်းဆုံးလုပ်ဆောင်နေကြပါတယ်။ သို့သော်လည်း အများစုကတော့ ဒုတိယလှိုင်းပြန်လည်ရိုက်ခတ်လာမယ့်အရေးတွေးပြီး တဖြည်းဖြည်းနဲ့ အောင်မြင်မှုဆီကို ချဉ်းကပ်တဲ့ပုံစံနဲ့ ဒီကိုရိုနာဗိုင်းရပ်စ်ကို ကိုင်တွယ်နေကြပါတယ်။

### စောလွန်းသေးတယ်

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က နိုင်ငံအနေနဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို တားဆီးကာကွယ်ဖို့ ချမှတ်ထားတဲ့ အသွားအလာ ကန့်သတ်မှုတွေကို ဖြေလျှော့ဖို့ စောလွန်းသေးတယ်လို့ ပြောပါတယ်။ သို့သော်လည်း ရှေ့တစ်လမှာ အသွားအလာ ကန့်သတ်မှုတွေကို ဖြေလျှော့ပေးဖို့ အခြေအနေပေါ်မူတည် လုပ်ဆောင်သွားမည့်အစီအစဉ်တစ်ခုကို စတင်မယ့်သဘောကို တွေ့ရပါတယ်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ကန့်သတ်မှုတွေဟာ မိမိတို့ရဲ့ နေထိုင်မှုဘဝကို ရုပ်ဆိုးစေပါတယ်။ သို့သော်လည်း နိုင်ငံတိုးတက်ဖို့ ခပ်စောစောဖယ်ရှားလိုက်ပါကလည်း အချည်းအနှီးရှုံးသွပ်ရာကျမှာ စိုးရွံ့မိတယ်လို့ပြောပါတယ်။ တစ်နိုင်ငံလုံး နေအိမ်၌နေထိုင်ရန် ညွှန်ကြားချက်ထွက်ပေါ်လာပြီး ရက်သတ္တခုနစ်ပတ်နီးနီးရောက်လာပြီးနောက် ဗြိတိန်မှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူပေါင်း ၃၁၈၀၀ ကျော်သေဆုံးခဲ့ပါတယ်။ ဒီသေဆုံးတဲ့နှုန်းဟာ အမေရိကန်ကို အမီမလိုက်သော်လည်း ဒုတိယနေရာထက် မလျော့ပါဘူး။

ဥရောပရဲ့ တခြားနေရာတွေမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးတဲ့အရေအတွက် ကျဆင်းလာတာကြောင့် အရာရှိတွေကို စီးပွားရေးပြန်လည်တိုးတက်လာအောင် လုပ်ဆောင်ဖို့နဲ့ ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိအောင်လုပ်ဆောင်ဖို့ ရဲဆေးတင်ပေးသလိုဖြစ်ခဲ့ပါတယ်။ ပြင်သစ်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်သေဆုံးမှုနှုန်းဟာ မေ ၁၀ ရက်မှာ ၁၀၀ အောက်ကျဆင်းလာပြီး ၇၀ သာရှိခဲ့ပါတယ်။ အဲဒီနှုန်းဟာ ဧပြီလအစောပိုင်းကတည်းကစပြီး အနိမ့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။ ထို့အတူ စပိန်မှာလည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် နေ့စဉ်သေဆုံးနှုန်းဟာ ၂၀၀ အောက်လျော့နည်းလာခဲ့ပါတယ်။

### အိမ်ပြင်ထွက်လို့ရပြီ

ပြင်သစ်နိုင်ငံမှာ သီတင်းပတ်ရှစ်ပတ်နီးပါးမှာ ပထမဆုံးအကြိမ်အဖြစ် ခွင့်ပြုမိန့်စောင့်ဆိုင်းစရာမလိုဘဲ အိမ်ပြင်ထွက်လို့ရနေပြီဖြစ်ပါတယ်။ ဆရာတွေလည်း လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်နေပြီဖြစ်သလို ဆိုင်တွေလည်း ပြန်လည်ဖွင့်လှစ်နေပြီ ဖြစ်ပါတယ်။

စပိန်လူမျိုးတွေဟာ အပြင်ဘက်ဘားတွေနဲ့ စားသောက်ဆိုင်တွေမှာ သူငယ်ချင်းတွေ မိသားစုဝင်တွေနဲ့ တွေ့ဆုံဖို့ အစီအစဉ်တွေတောင်လုပ်နေကြပါတယ်။ သို့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ဗဟိုချက်မနေရာဖြစ်တဲ့ မက်ဒရစ်နဲ့ ဘာစီလိုနာမှာတော့ ကန့်သတ်ချက်တွေ ဆက်ရှိနေဆဲဖြစ်ပါတယ်။

ဥရောပနိုင်ငံတွေကြားမှာတော့ ဘယ်လ်ဂျီယံနဲ့ ဂရိမှာ အသွားအလာကန့်သတ်မှုတွေကို မေ ၁၁ ရက်က ဖြေလျှော့ပေးလိုက်ပြီဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကပ်ရောဂါအဖြစ်ကြေညာအပြီး နှစ်လအကြာမှာ ဖြစ်ပါတယ်။

### ရင်တမမနဲ့ စိုးရိမ်နေရ

ကမ္ဘာတစ်ဝန်းမှာရှိတဲ့ အစိုးရတွေဟာ စီးပွားရေးလုပ်ငန်းတွေ၊ လူမှုဘဝအခြေအနေတွေကို ပုံမှန်ပြန်လည်ရောက်ရှိစေမယ့် အစီအစဉ်တွေ ရေးဆွဲထားချိန်မှာ အာရှနိုင်ငံတွေမှာတော့ ကိုရိုနာဗိုင်းရပ်စ် ဒုတိယလှိုင်းပြန်လည်ရိုက်ခတ်လာမယ့်အရေးကို တွေးပြီး ရင်တမမနဲ့ စိုးရိမ်နေကြပါတယ်။

တရုတ်နိုင်ငံအနှံ့အပြားမှာဆိုရင် ပုံမှန်အခြေအနေပြန်လည်ရောက်ရှိတော့မှာပဲဖြစ်ပါတယ်။ ရှန်ဟိုင်း ဒစ္စနေလန်းဟာဆိုရင် သုံးလကြာပိတ်ပြီးနောက်မှာ ပထမဆုံးအကြိမ်ဖွင့်လှစ်လိုက်ပြီဖြစ်ပါတယ်။ ပြန်လည်ဖွင့်လှစ်ဖို့ အလွန်ကို မျှော်လင့်တောင့်တခဲ့ရတယ်။ အထဲမှာ အရင်ကနဲ့အခုဘယ်လိုများ ကွာခြားနေပြီလဲဆိုတာ သိချင်လိုက်တာဆိုပြီး ဒစ္စနေလန်းကို အလွန်သွားရောက်လည်ပတ်ချင်နေတဲ့ ကစ်တီက ပြောပါတယ်။

သို့သော်လည်း ဝူဟန်မှာ လူတစ်ဦး ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိကြောင်း အတည်ပြုခဲ့တဲ့ မေ ၁၀ ရက်နေ့သတင်းဟာ သွားရောက်လည်ပတ်ချင်နေတဲ့သူတွေကို စိတ်အနှောင့်အယှက်ဖြစ်စေခဲ့ပါတယ်။ မေ ၁၁ ရက်မှာတော့ ကိုရိုနာဗိုင်းရပ်စ်ပိုး ထပ်မံတွေ့ရှိသူ ငါးဦးအထိရှိလာခဲ့ပါတယ်။ ဒေသတွင်းကျန်းမာရေးအရာရှိတွေ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အသစ်ထပ်မံတွေ့ရှိခဲ့တာကတော့ ဝူဟန်ရဲ့ လူနေအဆောက်အအုံတစ်နေရာတည်းမှာ အတူနေထိုင်တဲ့ သူတွေဖြစ်ပြီး သူတို့အားလုံးဟာ အသက်ကြီးသူတွေဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

### လိုက်လံစိစစ်နေ

တောင်ကိုရီးယားအရာရှိတွေက မေလအစောပိုင်းက နေရာငါးနေရာကို သွားခဲ့သူတစ်ဦး ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိခဲ့ရာမှ နိုက်ကလပ်တွေနဲ့ဘားတွေကို ပိတ်ထားဖို့ အမိန့် ထုတ်ပြန်လိုက်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူ ၈၅ ဦးနဲ့တွေ့ဆုံခဲ့တဲ့ အသက် ၂၉ နှစ်အရွယ် လူတစ်ဦးနဲ့ထိတွေ့ဆက်သွယ်မှုလုပ်ခဲ့သူတွေအားလုံးကို အာဏာပိုင်တွေက လိုက်လံစိစစ်နေပါတယ်။

သို့သော်လည်း အာရှတစ်လွှားစီးပွားရေးလုပ်ငန်းတွေပြန်လည်ဖွင့်ဖို့ သတိကြီးကြီးနဲ့ လုပ်ကိုင်ဆောင်ရွက်နေသလို ကမ္ဘာ့အကြီးဆုံး ရထားကွန်ရက်ကြီးရှိရာ အိန္ဒိယကလည်း အသွားအလာ ကန့်သတ်မှုတွေ လျှော့ချလာပြီးနောက်မှာ အင်္ဂါနေ့မှစပြီး သူ့ရဲ့ရထားကွန်ရက်ကြီးကို တဖြည်းဖြည်း ပြန်လည်လုပ်ကိုင်ဆောင်ရွက်သွားတော့မှာ ဖြစ်ပါတယ်။

တစ်နေ့ကို ခရီးသည်ပေါင်း သန်း၂၀ လောက်အသုံးပြုနေတဲ့ အကြီးဆုံး ရထားလမ်းကွန်ရက်ကြီးဟာ မတ်လ နှောင်းပိုင်းမှာ ရပ်နားခဲ့ပါတယ်။ အဲဒီလိုရပ်နားခဲ့တဲ့အတွက် ဒေသတွင်းရွှေ့ပြောင်းအလုပ်သမားတွေဟာ သူတို့ရဲ့ ဒေသတွေကို ပြန်လို့မရနိုင်တော့သလို အလုပ်အကိုင်တွေလည်း ဆုံးရှုံးခဲ့ရပါတယ်။

### အိမ်ဖြူတော်ရဲ့ အဝန်းအဝိုင်းအထိရောက်ရှိ

ဒုတိယသမ္မတ မိုက်ပန့်စ်ရဲ့ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးနဲ့ သမ္မတဒေါ်နယ်ထရမ့်ရဲ့ အပါးတော်မြဲတစ်ယောက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုနဲ့အတူ အမေရိကန်ပြည်ထောင်စုမှာလည်း ကိုရိုနာဗိုင်းရပ်စ်ဟာ အိမ်ဖြူတော်ရဲ့ အတွင်းပိုင်းအဝန်းအဝိုင်းအထိ ပျံ့နှံ့ရောက်ရှိလို့ လာခဲ့ပါပြီ။ သို့သော်လည်း သမ္မတထရမ့်ရဲ့ အကြံပေးတွေကတော့ အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေကို ဖယ်ရှားပေးဖို့ ပြောနေကြပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ ပြည်နယ်အတော်များများမှာလည်း အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေကို ဖယ်ရှားဖို့ ဆန္ဒပြမှုသေးသေးလေးတွေ လုပ်နေကြပါတယ်။ ဆန္ဒဖော်ထုတ်သူအချို့ကတော့ အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေဟာ သူတို့ရဲ့ အခွင့်အရေးကို ချိုးဖောက်နေတယ်လို့ ပြောဆိုကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် စီးပွားရေးပြန်လည်ဖွင့်လှစ်ဖို့ ကြိုးစားဆောင်ရွက်မှုနဲ့အတူ ကိုရိုနာဗိုင်းရပ်စ်ဒုတိယလှိုင်းထပ်မံရိုက်ခတ်လာမှာကိုတော့ ဥရောပနိုင်ငံတွေသာမက အာရှနိုင်ငံတွေကလည်း စိုးရိမ်ထိတ်လန့်လျက်ရှိဆဲပါ။ ။

**ကိုးကား – အေအက်ဖ်ပီ**



တရုတ်နိုင်ငံ ဝူဟန်မြို့ရှိ ကျောင်းတစ်ကျောင်း၏ စာသင်ခန်းထဲတွင် ကျောင်းသားကျောင်းသူများ စာသင်နေသည်ကို တွေ့ရစဉ်။

**နိုင်ငံတကာသတင်းတိုထွာ**

## ပြင်သစ်နိုင်ငံ ပါရီမြို့ ဆင်ခြေဖုံးရပ်တွင် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

ပါရီ မေ ၁၁

ပြင်သစ်နိုင်ငံ ဆင်ခြေဖုံးရပ်တွင် နှာခေါင်းစည်း ၈၀၀၀၀ ခန့် အခမဲ့ဖြန့်ဝေခဲ့သည်ဟု သိရသည်။ ပြင်သစ်နိုင်ငံတွင် မေ ၁၁ ရက်မှစတင်ကာ အများပြည်သူသယ်ယူပို့ဆောင်ရေးနေရာများတွင် နှာခေါင်းစည်းကို မဖြစ်မနေတပ်ဆင်ရမည်ဖြစ်သည်။

မေ ၉ ရက်က ဒေသခံများသည် Issy-les-Moulineaux ရှိ အားကစားရုံသို့ သွားရောက်ကာ နှာခေါင်းစည်းများ သွားယူခဲ့ကြသည်။ ဒေသခံများသည် အိမ်ရှိ အိမ်သားအရေအတွက်ကို ဖော်ပြပေးရန် လိုအပ်ပြီး လူတစ်ဦးလျှင် နှာခေါင်းစည်းနှစ်ခုစီ ရရှိမည်ဖြစ်သည်။

လူစုလူဝေးဖြစ်ခြင်းမှ ရှောင်ရှားနိုင်ရေး ဒေသခံများသည် အချိန်အပိုင်းအခြားဖြင့် လာရောက်ကာ လူအချင်းချင်း ခပ်ခွာခွာနေခြင်းကို ကျင့်သုံးခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

## ကိုရိုနာဗိုင်းရပ်စ်ကို သတိမပြတ်ဆက်လက်တိုက်ထုတ်ရန် တောင်ကိုရီးယားသမ္မတ တိုက်တွန်း

ဆိုးလ် မေ ၁၁

နိုင်ငံတွင်း ကူးစက်မှုအသစ်များလျော့ကျနေသော်လည်း သတိမပြတ်ထားပြီး ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါတိုက်ဖျက်ရေးကို ဆက်လက်လုပ်ဆောင်သွားရန် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက ပြည်သူများအား တိုက်တွန်းပြောကြားလိုက်သည်။

သမ္မတရာထူးသုံးနှစ်ပြည့်သည့်အနေဖြင့် မေ ၁၀ ရက်က မွန်ဂျေအင်းက မိန့်ခွန်းပြောဆိုခဲ့သည်။ မြို့တော်ဆိုးလ်၏ ညကလပ်တစ်ခုတွင်လူတစ်စု ဗိုင်းရပ်စ်ပိုးကူးစက်ခံခဲ့ကြသည်ဆိုသည့်သတင်းထွက်ပေါ်လာပြီးနောက် မွန်ဂျေအင်းက ယခုလို သတိပေးတိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကိုင်တွယ်ပုံနှင့်ပတ်သက်ပြီး နိုင်ငံတကာအသိုက်အဝန်းက ချီးကျူးခံခဲ့ရသည်ကို ထောက်ပြပြောဆိုခဲ့သည်။ တောင်ကိုရီးယားနိုင်ငံသည် ကပ်ရောဂါကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေးတွင် ကမ္ဘာ့ရှေ့ဆောင်နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ကြောင်းလည်း မွန်ဂျေအင်းက ပြောကြားလိုက်သည်။

ကိုရီးယားနိုင်ငံသည် ကိုဗစ်-၁၉ မဖြစ်ပွားခင်ပုံမှန်အခြေအနေကို ပြန်ရောက်သွားခြင်းမဟုတ်သေးကြောင်း၊ အခြေအနေတည်ငြိမ်သွားသည့်တိုင် လူများပြီး ပိတ်ကျပ်နေသည့်နေရာမျိုးတွင် အချိန်မရွေး၊ နေရာမရွေး လူမရွေး ကူးစက်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၁–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၁–၅–၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ဓာတ်ခွဲနမူနာ (၁၈၇) ခုနှင့် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲနမူနာ (၁၆၆) ခု၊ စုစုပေါင်း (၃၅၃) ခုကို စစ်ဆေးပြီးစီးခဲ့ရာ –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၁၁–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာ (၁၈၀) ဦးရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်းများ၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးရာ၌ (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ (၂) ဦး (Case – 30 နှင့် 97) ရှိသဖြင့် (၁၁–၅–၂၀၂၀) ရက်နေ့အထိ ရောဂါပိုးကင်းစင်လာသူ စုစုပေါင်း (၇၄) ဦးရှိပါသည်။ ၎င်းတို့အနက် (၅၉) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၀–၅–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၁–၅–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၈၁) ဦး ရှိပါသည်။

၆။ ယနေ့အတွက် ဓာတ်ခွဲအဖြေသတင်းများ ထပ်မံထုတ်ပြန်ရန် မရှိတော့ပါ။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၁–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၁–၅–၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆၆) ခု |
| (၁၁–၅–၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၇) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိရသည့် ဓာတ်ခွဲအတည်ပြုလူနာသစ် | (၀) ဦး |

**(ယခုသတင်းထုတ်ပြန်ချိန်အထိ) COVID–19 လူနာများအခြေအနေ**

**(၁၁–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (confirmed) | (၀) ဦး | (၁၈၀) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၇၄) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး ဟားခါးမြို့အဝင် စစ်ဆေးရေးဂိတ်၌ နေ့စဉ်စစ်ဆေးလျက်ရှိ

ဟားခါး မေ ၁၁

ချင်းပြည်နယ် ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေးအတွက် ဟားခါးမြို့သို့ ဝင်ရောက်လာသူများအားလုံးကို ဟားခါး–ဂန့်ဂေါလမ်းရှိ လုံခြုံရေးစစ်ဆေးရေးဂိတ်၊ ဟားခါး–ဖလမ်းလမ်းပေါ်ရှိ ဟားခါးထာရ် စစ်ဆေးရေးဂိတ်နှင့် ဟားခါး–ထန်တလန် လမ်းပေါ်ရှိ လုံခြုံရေး စစ်ဆေးရေးဂိတ် (၃) နေရာတွင် အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၀ နာရီက မြို့နယ် ရဲတပ်ဖွဲ့၊ မြို့မစခန်းမှူး ဒုတိယရဲမှူး မျိုးဝင်းလှိုင်နှင့် ရဲတပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ ဟားခါး–ဂန့်ဂေါလမ်း တန်ပို စစ်ဆေးရေးဂိတ်အနီး လုံခြုံရေးဂိတ်မှနေ၍ ဝင်ရောက်လာသူများအားလုံးကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ချင်းပြည်နယ် ဟားခါးမြို့တွင် ဆောက်လုပ်ရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ ရပ်တန့်မှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများ၊ ဆောက်လုပ်ရေးကုမ္ပဏီများက ပြည်နယ်ပြင်ပမှ အလုပ်သမားများဖြင့် အချိန်မီ ပြီးစီးရေးဆောင်ရွက်လျက်ရှိရာ ဟားခါးမြို့သို့ ဝင်ရောက်လာသည့် သူများကို မြို့အဝင်ဂိတ်များတွင် စနစ်တကျ စစ်ဆေးလျက်ရှိပြီး ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့်လည်း မိမိအလုပ်သမားများအား စနစ်တကျ ထားရှိဆောင်ရွက်နိုင်ရေး ချင်းပြည်နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက မှာကြားထားကြောင်း သိရသည်။

"ဟားခါးမြို့အတွင်းကို မော်တော်ဆိုင်ကယ်၊ မော်တော်ကားတွေနဲ့ ဝင်လာတဲ့သူအားလုံးကို အမည်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေယူပြီး ကျန်းမာရေးဌာနက တာဝန်ကျဝန်ထမ်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ကျန်းမာရေးစစ်ဆေးတာတွေ ပြုလုပ်ပါတယ်။ နိုင်ငံရပ်ခြားက ပြန်လည်ဝင်ရောက်လာတဲ့သူတွေကိုတော့ စနစ်တကျစစ်ဆေးလက်ခံပြီး အသွားအလာကန့်သတ်စောင့်ကြည့်ရေးနေရာမှာ ထားနိုင်ဖို့ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်" ဟု မြို့မစခန်းမှူး ဒုတိယရဲမှူး မျိုးဝင်းလှိုင်က ပြောသည်။

**အောင်ခိုင်ရှိန်း(ပြန်/ဆက်)**





ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ ကိုဗစ် – ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို မေ ၁၁ ရက်က ဆီဆိုင်မြို့အဝင်ဂိတ်၌ ဖြတ်သန်းသွားလာသူများအား လက်ဆေးကန်ထားရှိပြီး လက်ဆေးစေခြင်း၊ ကိုယ်အပူချိန်တိုင်းပေးခြင်းများ ဆောင်ရွက်ပေးစဉ်။

ခွန်ရဲထွေး (ဆီဆိုင်)

## ဒေသန္တရအမိန့်ဖောက်ဖျက်သူ ခြောက်ဦးတို့ကို ဥပဒေအရ ထောင်ဒဏ်သုံးလစီနှင့် ငွေဒဏ်အမိန့်ချမှတ်

မင်းကင်း မေ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ညမထွက်ရ ဒေသန္တရအမိန့်ကို မေ ၁၁ ရက် ညပိုင်းတွင် ဖောက်ဖျက်ခဲ့သူ ခြောက်ဦးတို့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက ဥပဒေအရ ထောင်သုံးလစီနှင့် ၁၅ နှစ်အရွယ် အမျိုးသမီးငယ်ကို ငွေဒဏ် တစ်သိန်းပေးဆောင်ရန် အမိန့်ချမှတ်လိုက်ကြောင်း မင်းကင်းမြို့မရဲစခန်းမှ သိရသည်။

ထိုသို့ပြစ်ဒဏ်များချမှတ်ဆောင်ရွက်ရာတွင် မင်းကင်းမြို့ အမှတ်(၃)ရပ်ကွက်နေ သက်လွင်အောင်၊ ကျွန်းတောအနောက် ကျေးရွာနေ ချမ်းသာအောင်၊ ကန့်ဘလူမြို့နယ် ကာဘိုးရွာနေ ဇော်မင်းခိုင်၊ မင်းကင်းမြို့နယ် ကျေးတောင်ဦးရွာနေ လှဖြိုးအောင်နှင့် ရန်နိုင်စပ်တို့ကို ထောင်ဒဏ် သုံးလစီကျခံရန်နှင့် မင်းကင်းမြို့နယ် အမှတ်(၂)ရပ်ကွက်နေ မအေးငြိမ်းသူကို ဒဏ်ငွေကျပ်တစ်သိန်း ချမှတ်ခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား**

# ပဲခူးတိုင်းဒေသကြီး ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးကျင်းပ

**ပဲခူး မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ အစည်းအဝေးကို မေ ၁၁ ရက်က ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသ ကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အသွားအလာ ကန့်သတ်စောင့်ကြည့် ရေး နေရာစခန်းများနှင့် စာရင်းဇယား များ မှန်ကန်မှုရှိစေရန်၊ စေတနာ့ ဝန်ထမ်းစာရင်းများ ပြုစုတင်ပြရန်၊ ပုဒ်မ (၁၄၄) ထုတ်ပြန်ထားရှိသည့် ကိစ္စအား တရားဥပဒေနှင့်အညီ တိကျစွာ အရေးယူဆောင်ရွက်ရန်၊ မကြာမီ မိုးရာသီရောက်ရှိလာမည် ဖြစ်၍ သဘာဝဘေးအန္တရာယ် ဆိုင်ရာ ကိစ္စရပ်များအတွက် ကြိုတင် စီမံထားရှိရန်နှင့် အထူးသဖြင့် ဆည်/တမံများ၏ ကြံ့ခိုင်ရေးများ သက်ဆိုင်ရာ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ် စစ်ဆေးရန် တို့အား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ အတွင်းရေးမှူး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေက ပြည်ပနိုင်ငံ များမှ ပြန်လာသူများအား နယ်စပ် ဝင်ပေါက်မှတစ်ဆင့် ပြည်နယ်/ တိုင်းဒေသကြီးများနှင့် ချိတ်ဆက်၍ စနစ်တကျ သယ်ယူ/ပို့ဆောင်ပေးနေမှု အခြေအနေများနှင့် တရားဥပဒေ စိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နေမှု အခြေအနေ များကိုလည်းကောင်း၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီး ဦးထွန်းထွန်းဦး က စက်ရုံ/ အလုပ်ရုံများအား ကျန်းမာ ရေး စိစစ်ချက် (၁၀) ချက်နှင့်အညီ စိစစ် ဆောင်ရွက်ထားရှိမှု အခြေ အနေများကိုလည်းကောင်း၊ ကရင် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါ်နော်ပွယ်စေးက ကျန်းမာရေး အသိပညာပေးခြင်း ဆောင်ရွက်နေမှု အခြေအနေများနှင့် စေတနာ့ဝန်ထမ်း စာရင်းများ ကောက်ယူနေမှု အခြေ အနေများကို လည်းကောင်း၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်ဦးက ကိုဗစ်-၁၉ ကာလအတွင်း ဥပဒေမဲ့ ဆောင်ရွက်ခဲ့သည့် ပြစ်မှု ကျူးလွန်သူများအား တရားစွဲဆို ဆောင်ရွက်နေမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေ များကိုလည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ဟိန်းကျော်က သက်ဆိုင်ရာ မြို့နယ်အလိုက် ကိုဗစ်-၁၉ ထိန်းချုပ် ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီများနှင့် ချိတ်ဆက်၍ စာရင်းဇယားပြုစု ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း တင်ပြဆွေးနွေးခဲ့သည်။

**တင်စိုး (ပဲခူး)**





ကိုဗစ် - ၁၉ ရောဂါ လုပ်ငန်းများအတွက် အလှူငွေများလှူဒါန်းရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် လက်ခံရယူစဉ်။

# ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုပေးနိုင်ရေး နေပြည်တော်ကောင်စီသို့ အလှူငွေများလှူဒါန်း

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုပေးနိုင်ရေးလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိရာ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင်အသုံးပြုနိုင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံး ညှိနှိုင်းခန်းမ၌ ကျင်းပ သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးတင်ထွန်း၊ ပုဗ္ဗသီရိ မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် တာဝန်ရှိ သူများ တက်ရောက်သည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်က နေပြည်တော်ကောင်စီအနေဖြင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့်ပေါင်းစပ်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေးနှင့် ကာကွယ်ထိန်းချုပ်ကုသမှုပေးနိုင်ရေး လုပ်ငန်းများ စီမံဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

လှူဒါန်းပွဲတွင် After You ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းအောင်ကျော်နှင့် တာဝန်ရှိ သူများက အလှူငွေကျပ် သိန်း ၃၀၀ ကို ပေးအပ်လှူဒါန်း ကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင် နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်း ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေးနှင့် ကာကွယ်ထိန်းချုပ် ကုသမှုပေးနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်စွာအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းလွင်(ပြန်/ဆက်)**

# ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ IDP စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင် စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူ များအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင် ပြည်နယ် မိုးကောင်း၊ နမ္မတီးမြို့နယ်ရှိ လန်ဘာရော့ယန်၊ စိန့်ပေါလ်ကက်သလစ်၊ မြို့ဦးစိန့်ဒေါ်မနစ်၊ ကံလှမော နွေလ IDP စခန်းများနှင့် ဖားကန့်မြို့နယ်ရှိ မော်ဝမ်းမူရင်း နှစ်ခြင်း၊ မော်ဝမ်းမူရင်းအေဂျီ၊ လုံးခင်းလယ်ပြင် ကုဋ္ဌေ၊ လုံးခင်း ငြိမ်းချမ်းသာယာ COC၊ လုံးခင်းငြိမ်းချမ်းသာယာ လီဆူး၊ လုံးခင်းရပ်ကွက် (၅) ကာသလစ်၊ လုံးခင်းမှော် စီစာနှစ်ခြင်း၊ လုံးခင်းမှော်စီစာအေဂျီ IDP စခန်း စုစုပေါင်း IDP စခန်း ၁၂ ခုသို့ အဝတ်နှာခေါင်းစည်း ၆၄၉၈ ခု၊ လက်သန့်ဆေးရည် ၈၅၇ ဘူး၊ ထုံးအိတ် ၄၀၊ အပူချိန်တိုင်းကိရိယာ ၁၆ ခု၊ Hand Speaker ၁၂ ခု၊ ကိုဗစ်-၁၉ အသိပညာပေးအသံဖိုင် ထည့်သွင်း ထားသော Memory Stick ၁၂ ခု၊ ဆပ်ပြာ ၁၁၀၀ ခဲ၊ လက်ဆေးစင် ၁၇ ခုနှင့် ဗီနိုင်း ၁၂ ခု တို့ကို ထောက်ပံ့ ခဲ့သည်။



အလားတူ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ အေးလင်းမြတ်ရှင် IDP စခန်းနှင့် မြတ်ပန်းဝတ်မှုံ IDP စခန်းသို့ သွားရောက်၍ အဝတ်နှာခေါင်းစည်း ၁၀၆၀၀ ခု၊ လက်သန့်ဆေးရည် ဘူး ၁၇၅၀၊ ထုံးအိတ် ၃၀ နှင့် Hand Speaker နှစ်ခု၊ ကိုဗစ်-၁၉ အသိပညာပေး အသံဖိုင် ထည့်သွင်းထားသော Memory Stick နှစ်ခုတို့ကို ထောက်ပံ့ခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်ရှိ ပန်ကူ IDP စခန်းသို့ သွားရောက်၍ ထုံး ၁၀ အိတ်၊ အပူချိန် တိုင်းကိရိယာ တစ်ခုနှင့် ဆပ်ပြာ ၁၂၇၂ ခဲတို့အား ထောက်ပံ့ပေးခဲ့သည်။

ထို့အတူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ သက္ကယ်ပြင်၊ မော်သီးညာ၊ အုန်းတောကြီး(မြောက်)၊ အုန်းတောကြီး (တောင်) IDP စခန်းများနှင့် ဘူးသီး တောင် မြို့နယ်အတွင်းရှိ တောင်ရပ်ကွက်၊ ရန်အောင်မြေ ကျောင်း၊ မြို့မရပ်ကွက်၊ လမ်းမကျောင်း၊ ဂန္ဓာရိပရဟိတ ကျောင်း၊ မြတောင်ဘုန်းတော်ကြီးကျောင်း၊ သေကံခွဆုံ စခန်း နှစ်ခုနှင့် ဘုရားပြင်အောင်ပ တိုက်ပွဲရှောင်စခန်း များသို့ သွားရောက်၍ အဝတ်နှာခေါင်းစည်း ၆၃၇၁၄ ခု၊ လက်သန့်ဆေးရည် ၁၂၈၆ ဘူး၊ ထုံးအိတ် ၄၇ အိတ်၊ အပူချိန်တိုင်းကိရိယာ ခုနစ်ခု၊ ဆပ်ပြာ ၁၁၄၉ တောင့်၊ လက်ဆေးစင် ခြောက်ခုနှင့် ဗီနိုင်း ခြောက်ခုတို့အား ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်း များ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ် ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကို နေပြည်တော် ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်


**နေပြည်တော် မေ ၁၁**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မေ ၆ ရက်က ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၆၂ မြို့နယ်ရှိ နေရာ ၁၂၉ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ဂါလန် ၉၉ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၄၈ ကီလိုဂရမ်၊ ရေဂါလန် ၈၈၂၀ ဂါလန် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**



၆-၅-၂၀၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



၆-၅-၂၀၂၀ ရက်က ချင်းပြည်နယ် ဟားခါးမြို့ ခရိုင်/မြို့နယ်စုပေါင်းရုံးများတွင် COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



၆-၅-၂၀၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



၆-၅-၂၀၂၀ ရက်က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်တွင် COVID-19 ကာကွယ်ဆေးဖျန်းစဉ်။




၆-၅-၂၀၂၀ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဇီဝိတသံဃာဆေးရုံတွင် COVID-19 ကာကွယ်ဆေးဖျန်းစဉ်။




၆-၅-၂၀၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



၆-၅-၂၀၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



၆-၅-၂၀၂၀ ရက်က မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ရှိ ရဲစခန်းတွင် COVID-19 ကာကွယ်ဆေးဖျန်းစဉ်။

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်**"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနသို့ ကိုဗစ်-၁၉ ဆေးဖျန်းစက် နှစ်လုံးလှူဒါန်း

**မန္တလေး မေ ၁၁**

မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသို့ ကိုဗစ်–၁၉ ဆေးဖျန်းစက်နှစ်လုံး လှူဒါန်းခြင်းကို မေ ၁၀ ရက်က မန္တလေးမြို့ ၂၇ လမ်းနှင့် ၇၀ လမ်းထောင့်ရှိ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ရုံး၌ ကျင်းပသည်။

ထိုသို့လှူဒါန်းရာတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်၊ ပြည်ကြီးတံခွန် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာနှင်းဇော်သိန်းနှင့် အလှူရှင် မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးနေဝင်းတို့က ကိုဗစ်–၁၉ ဆေးဖျန်းစက်နှစ်လုံး သွားရောက်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာသန်းသန်းမြင့်နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

အဆိုပါ ဆေးဖျန်းစက်နှစ်လုံး၏ တန်ဖိုးမှာ ငွေကျပ် ၁၅ သိန်း ဖြစ်ကြောင်း သိရပြီး တစ်လုံးကို သံဃာ့ဆေးရုံ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာတွင် အသုံးပြုရန်ထားရှိသွားမည်ဖြစ်ပြီး ကျန်တစ်လုံးကို လိုအပ်သောနေရာတွင် ထားရှိသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**သန်းဇော်မင်း**
**(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံများနှင့် လိုအပ်သည်များ အသုံးပြုရန်အတွက် ပစ္စည်းများ လာရောက်လှူဒါန်း

**ရန်ကုန် မေ ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရန် လိုအပ်သည်များ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံနှင့် ပစ္စည်းများကို ယမန်နေ့က အင်းစိန် (GTI) အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာတွင် လာရောက်လှူဒါန်းသည်။

ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် လိုအပ်သည့်နေရာများ သုံးစွဲနိုင်ရန်အတွက် ကျော်ခန့်ငြား (Kyaw Khant Nyar) Software Developer Covermymeds Inc မှ တစ်ကိုယ်ရေကာကွယ်ရေးဝမ်းဆက်အစုံ ၂၀၊ ဆေးရုံသုံးနှာခေါင်းစည်း ၁၀၀၀၊ မျက်နှာအုပ်အကာ ၁၀၀၊ ဆေးရုံသုံးလက်အိတ် ၃၀၀၊ ပိုးသတ်ဆေး ၂၅ ဂါလန်တို့ကို လာရောက်လှူဒါန်းရာ အင်းစိန်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဦးခင်မောင်ဌေး၊ တိုင်းဒေသကြီး (၂)လွှတ်တော်ကိုယ်စားလှယ်ဦးဝေဖြိုးဟန်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။ အင်းစိန်မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီက ရောဂါကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖွဲ့ထက်ကို (ပြန်/ဆက်)**

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၁၁**

ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Centerအား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**



# အင်းလေးခရမ်းချဉ်သီးများကို မြို့အနှံ့အပြားသို့ ကုန်ပိသာချိန်နှစ်သိန်းခန့် နေ့စဉ်တင်ပို့ရောင်းချလျက်ရှိ




**ညောင်ရွှေ မေ ၁၁**

အင်းလေးဒေသမှ စိုက်ပျိုးထွက်ရှိသည့် ခရမ်းချဉ်သီးများကို မြန်မာပြည် အနှံ့ အပြားရှိမြို့ကြီးများသို့ ကုန်ပိသာချိန် နှစ်သိန်းခန့် နေ့စဉ် တင်ပို့ရောင်းချ လျက်ရှိကြောင်း ညောင်ရွှေမြို့ရှိ အောင်မြန်မာ ခရမ်းချဉ်သီးပွဲရုံက သိရသည်။

အင်းလေးဒေသ၏ အဓိက စိုက်ပျိုးသီးနှံဖြစ်သည့် ခရမ်းချဉ်သီးကို လမ်းကြောင်းကြီးသုံးခုဖြင့် အဓိက ထား၍ တင်ပို့လျက်ရှိကြောင်း၊ အများဆုံးတင်ပို့မှုမှာ မန္တလေးဖြစ်ကြောင်း၊ ထို့အပြင် မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ မကွေး၊ မင်းဘူး၊ ပြည်၊ ပျော်ဘွယ်၊ ပဲခူး၊ မော်လမြိုင်၊ မြိတ်၊ ထားဝယ်၊ ရန်ကုန်၊ ပြည်၊ ပုသိမ်၊ စစ်ကိုင်း၊ မုံရွာ၊ မြစ်ကြီးနား၊ လားရှိုး၊ မူဆယ်မြို့များသို့ အဓိကထား တင်ပို့ကြောင်း၊ ခရမ်းချဉ်ခူးဆွတ်ရောင်းချမှု၏ ရာသီအစဖြစ်သည့် ဧပြီလတွင် ကိုဗစ်-၁၉ ကြောင့် ဈေးနှုန်းကျဆင်းမှု ရှိသော်လည်း ကုန်စည်စီးဆင်းမှု ပုံမှန် လည်ပတ်နေသောကြောင့် ဈေးနှုန်းအနည်းငယ် တက်လာသဖြင့် စိုက်ပျိုးတောင်သူအတွက် သာမက ရောင်းချသူအတွက်ပါ အဆင်ပြေခဲ့ကြောင်း၊ ဝယ်ဈေးအနေဖြင့် ခရမ်းချဉ်အစိမ်း တစ်ပိသာလျှင် ငွေကျပ် ၁၅၀ မှ ၂၅၀ အတွင်း ရှိကြောင်း၊ ရောင်းဈေးအနေဖြင့် ခရမ်းချဉ်သီးအမှည့် ငွေကျပ် ၃၀၀ မှ ၃၅၀ အတွင်းရှိကြောင်း၊ ခရမ်းချဉ်သီး၏ အရွယ်အစား ခွဲခြားမှုပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှု ရှိကြောင်း အောင်မြန်မာပွဲရုံ လုပ်ငန်းရှင် ကိုအောင်အောင်က ပြောသည်။

အင်းလေးဒေသတွင် ခရမ်းချဉ်သီးကို ရေပေါ်ကျွန်းမျောများ၌ အဓိက စိုက်ပျိုးသီးနှံအဖြစ် အများအပြား စိုက်ပျိုးလျက်ရှိပြီး နှစ်စဉ် ဧပြီလမှ ဒီဇင်ဘာလအတွင်း အများဆုံးတင်ပို့ရောင်းချကြောင်း သိရသည်။

**နေမျိုးသူရိန်**



## အကြမ်းမဖက်ရ၊ မခြိမ်းခြောက်ရ။

လုံခြုံရေးသည် ကျွန်ုပ်တို့ Facebook ၏ အဓိကဦးစားပေးတာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု သို့မဟုတ် အများပြည်သူ၏ လုံခြုံမှုကို ထိခိုက်နိုင်သည်ဟု ယူဆရသော အကြောင်းအရာကို ဖယ်ရှားပြီး လိုအပ်ပါက သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၅ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၈၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၁၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၈၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၁၄၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၂၀/၄၈၀ | ကျပ် | ၄၅၀/၄၇၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၃၀/၄၉၀ | ကျပ် | ၄၆၅/၄၈၅ | ကျပ် |
| အောက်တိန်း ၉၂ | ၃၁၀/၃၄၅ | ကျပ် | ၃၇၀/၃၉၅ | ကျပ် |
| အောက်တိန်း ၉၅ | ၄၅၀/၅၀၀ | ကျပ် | ၅၂၅/၅၄၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၇ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၁၁ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၇ . ၈၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၉ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၃ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၀ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၂၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၄၇၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၂၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၂ . ၅၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၄၆၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၅၀၀ | ၁၅၂ | ၁၅၇၂၅၀၀ |
| MTSH | ၃၆၅၀ | ၃၆၅၀ | ၁၂၆၆ | ၄၅၆၂၉၀၀ |
| MCB | ၈၅၀၀ | ၈၃၀၀ | ၅၁ | ၄၂၈၉၀၀ |
| FPB | ၂၃၅၀၀ | ၂၃၅၀၀ | ၁၂၈ | ၃၀၀၈၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၂၁ | ၃၃၂၇၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

# ဝက်လက်မြို့နယ်၌ နွေနှမ်းသီးနှံကို မြေအောက်ရေဖြင့် စိုက်ပျိုး

**ဝက်လက် မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် နှစ်စဉ်နွေရာသီ၌ သဖန်းဆိပ်ရေလှောင်တမံမှ စိုက်ပျိုးရေဖြင့် နွေစပါးကေ သုံးသောင်းကျော်နှင့် နွေနှမ်းကေ ခြောက်သောင်းကျော် စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးသောကြောင့် သဖန်းဆိပ်ရေလှောင်တမံမှ နွေရာသီ၌ စိုက်ပျိုးရေပေးဝေနိုင်ခြင်း မရှိသော်လည်း တောင်သူများက မြေအောက်ရေတွင်းများ အသစ်တူးဖော်ခြင်း၊ ရှိပြီးသား မြေအောက်ရေတွင်းများကိုလည်း ပြန်လည် ပြုပြင်ပြီး နွေနှမ်းသီးနှံကို အင်တိုက်အားတိုက် စိုက်ပျိုးကြရာ ၅၃၇၅၄ ကေအထိ စိုက်ပျိုးနိုင်ပြီး ပိုးမွှားရောဂါကင်းစင်ကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးလှမိုးကျော်နှင့် စိုက်ပျိုးရေး ဝန်ထမ်းများကလည်း နွေနှမ်းစိုက်ခင်းများ အထွက်နှုန်းနှင့် အရည်အသွေး မြင့်မားရေးအတွက် လိုအပ်သောနည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်ရေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး **(အောက်ပုံ)** ဝက်လက်မြို့ရှိ သီးနှံပွဲရုံတွင် နှမ်းနက်တစ်တင်း ငွေကျပ် ၇၂၀၀၀ ခန့်ဖြင့် ရောင်းချရ၍ တောင်သူများ ဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# Home Quarantine ကာလကို ဘယ်လိုဖြတ်သန်းသွားမလဲ

မောင်သောင်းဝင်း (တမန်ဟောင်း)

**၂၀၂၀ ပြည့်နှစ် မေလ ၄ ရက်နေ့တွင် စာရေးသူနဲ့ နီးစပ်ရာနေရာ၌ ကိုဗစ်- ၁၉ ရောဂါအတည်ပြု လူနာတစ်ဦးတွေ့ရှိခဲ့သဖြင့် ဆေးစစ်ခံခဲ့ရပြီး မေ ၅ ရက်မှစ၍ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမှု(Home Quarantine) ဝင်နေရပါတယ်။ အဲဒီနေ့မှစ၍ ရုံးမတက်ရတော့သလို အိမ်ပြင်ထွက်ခွင့်လည်း မရတော့ပေ။ စာရေးသူအနေနဲ့ ယခင်ကလည်း အပြင်ထွက်လေ့ထွက်ထ မရှိပါဘူး။ အားလပ်ချိန်ကို စာရေး၊ စာဖတ်ခြင်းဖြင့်သာ ဖြတ်သန်းလေ့ရှိပါတယ်။ အိမ်ပြင်ထွက်ခွင့်မရသဖြင့် စိတ်ဓာတ်တစ်စုံတစ်ရာ ကျဆင်းခြင်း မရှိပါဘူး။ ဒါပေမယ့် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် မိသားစုနဲ့အတူ အပြင်ထွက်ပြီး လမ်းလျှောက်နိုင်ခြင်း မရှိတော့တာကြောင့် ကျန်းမာရေး လေ့ကျင့်ခန်းကို အိမ်တွင်း၌ပင် လုပ်ဆောင်နေရပါတော့တယ်။**

**အလွန်အမင်းကြောက်လန့်နေရန်မလို**

အဲဒီလို **Home Quarantine** ဝင်နေရတာကြောင့် သက်ဆိုင်ရာကျန်းမာရေးဌာနမှ တာဝန်ရှိသူတွေက စာရေးသူတို့ မိသားစုအပါအဝင် အခြားဝန်ထမ်းတွေကိုလည်း နေ့စဉ် အဖျားလာတိုင်းလေ့ ရှိပါတယ်။ ထိုသို့ အဖျားလာတိုင်းတာကိုပင် အိမ်နီးနားချင်းတွေက အထူးအဆန်းလုပ်၍ ထွက်ကြည့်လေ့ ရှိကြပါတယ်။ ဆိုရလျှင် လုပ်ငန်းတာဝန် သဘောသဘာဝအရ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာနဲ့ ဆက်စပ်မှုရှိသူတွေကိုပင်လျှင် ကြောက်စရာ လူသားအဖြစ် ရှုမြင်နေကြပါတယ်။ အသိပညာဗဟုသုတနည်းပါးတဲ့ တချို့သော သူတွေအတွက် များစွာစိတ်မကောင်း ဖြစ်ရပါတယ်။ လူတစ်ဦးအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့်တိုင်အောင် ကုသလို့ ရပါတယ်။ အသက်အရွယ်ကြီးရင့်သူတွေ၊ မူလရောဂါ ခံရှိသူတွေသာလျှင် စိုးရိမ်ပူပန် ရပါတယ်။ ကိုယ်ခံအားစနစ် ကောင်းမွန်သူတွေ၊ လက်မှန်မှန်ဆေးကြောတဲ့သူတွေ၊ ပါးစပ်နဲ့ နှာခေါင်းစည်းတပ်ဆင်သူတွေ၊ အိမ်ထဲမှာသာနေထိုင်သူတွေအနေနဲ့ အလွန်အမင်း ကြောက်လန့်နေဖို့ မလိုပါဘူး။ ဆင်ခြင်တုံတရားသာရှိမယ်ဆိုရင် သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းနေထိုင်သွားနိုင်ပါတယ်။

**အထူးအဆန်းမဟုတ်**

ဒီနေရာမှာ **Home Quarantine** ကာလအတွင်း စာရေးသူတို့ မိသားစုရဲ့ နေ့စဉ်ဖြတ်သန်းမှုအချိန်ဇယားကို အနည်းငယ်မျှဝေသွားလိုပါတယ်။ မိသားစုမှာ စာရေးသူ၊ ဇနီးဖြစ်သူ၊ တက္ကသိုလ်ဝင်တန်း ဖြေဆိုထားတဲ့သမီးကြီးနဲ့ Grade VI ဖြေဆိုထားတဲ့ သမီးငယ် စုစုပေါင်း မိသားစုဝင်လေးဦးသာ ရှိပါတယ်။ မိသားစုဝင်အားလုံးရဲ့ တူညီသောအလုပ်ကတော့ နေ့စဉ် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် မြတ်စွာဘုရားအား ဆွမ်း၊ ရေချမ်း၊ ဆီမီးကပ်လှူ၊ ဘုရားရှိခိုး၊ မဟာသမယသုတ်၊ ပဋ္ဌာန်းနဲ့ပရိတ်တော်များ ရွတ်ဖတ်ပူဇော်၊ ပုတီးစိပ်၊ တရားထိုင်ပြီး အရပ်ဆယ်မျက်နှာရှိ သတ္တဝါအားလုံးကို မေတ္တာပို့အမျှပေးဝေခြင်းတို့ကို မပျက်မကွက် လုပ်ဆောင်ဖြစ်ပါတယ်။

ဇနီးဖြစ်သူကတော့ နေ့စဉ် ချက်ပြုတ်၊ ကြော်လှော်၊ လျှော်ဖွပ်၊ မီးပူတိုက် စတဲ့အိမ်မှုကိစ္စတွေနဲ့ အလုပ်ရှုပ်နေလေ့ ရှိပါတယ်။ သမီးကြီးကတော့ Grade VII တက်မယ့် ညီမဖြစ်သူကို အင်္ဂလိပ်စာနဲ့ သင်္ချာသင်၊ သုတရသစာအုပ်တွေဖတ်၊ ဂိမ်းကစား၊ ကာတွန်းဇာတ်လမ်းတွဲကြည့်၊ မိခင်ဖြစ်သူကို ကူညီလုပ်ကိုင်ခြင်းဖြင့် ဖြတ်သန်းပါတယ်။ သမီးငယ်ကတော့ Grade VII အတွက် အင်္ဂလိပ်စာ သဒ္ဒါလေ့ကျင့်၊ ဝေါဟာရရေတွက်ကျက်မှတ်၊ သင်္ချာပုစ္ဆာတွေတွက်၊ ကာတွန်းဇာတ်လမ်းတွဲကြည့်၊ မိခင်ကို ကူညီလုပ်ကိုင်ခြင်းဖြင့် ဖြတ်သန်းပါတယ်။ စင်စစ်အားဖြင့် စာရေးသူရဲ့ ကလေးတွေဟာ ကျန်းမာရေးအတွက် လမ်းလျှောက်ထွက်ရုံကလွဲရင် ယခင်ကလည်းအပြင်ထွက်ပြီး အချိန်ဖြုန်းလေ့ဖြုန်းထမရှိတာကြောင့် **Home Quarantine** ကာလဟာ သူတို့အတွက် အထူးအဆန်း မဟုတ်ပါဘူး။ အိမ်ထဲမှာ နေရလို့ဆိုပြီး စိတ်ဓာတ်ကျဆင်းတာမျိုးလည်း မရှိပါဘူး။ အစားအသောက်အနေအထိုင် မပျက်ဘဲ ပုံမှန်အတိုင်း ပျော်ရွှင်စွာ ဖြတ်သန်းနေကြပါတယ်။

**မိသားစုနဲ့အတူနေခွင့်ရ**

ဘာပဲဖြစ်ဖြစ် စာရေးသူတို့လို နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ **Home Quarantine** ကာလအတွင်းမှာ မိသားစုနဲ့အတူ နေ့လယ်စာ ထမင်းလက်ဆုံစားခွင့် ရရှိပါတယ်။ မိသားစုနဲ့ အတူနေခွင့်ရပြီး အိမ်မှုကိစ္စတွေကိုလည်း ပိုမိုလုပ်ဆောင်လာနိုင်ပါတယ်။ အထူးသဖြင့် သား၊ သမီးတွေနဲ့ ပိုမိုထိတွေ့ခွင့်ရရှိတာကြောင့် မိသားစုဆက်ဆံရေးဟာ ပိုမိုနွေးထွေးလာပါတယ်။ ဆိုရလျှင် တချို့သော ဝန်ထမ်းတွေဟာ စာရင်းဇယားတွေနဲ့ ရုံးမှာပဲ မိုးလင်းမိုးချုပ် အချိန်ကုန်နေရပြီး ညပိုင်းလောက်မှသာ မိသားစုနဲ့ တွေ့ရပါတယ်။ အဲဒီလို တွေ့ရချိန်မှာလည်း ပင်ပန်းနေတာကြောင့် သား၊ သမီးတွေနဲ့ စကားမပြောနိုင်တော့ဘဲ အိပ်ရာထဲစောစောဝင်သွားကြရပါတယ်။ တချို့သော ဝန်ထမ်းတွေဟာ စနေ၊ တနင်္ဂနွေလို ရုံးပိတ်ရက်တွေမှာပင်လျှင် အချိန်ပို တက်ကြရပါတယ်။

> **“အမှန်တော့ လူတစ်ဦးဟာ မည်သည့်နေရာတွင် နေထိုင်ရသည်ဖြစ်စေ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းပြီး အကျိုးရှိမယ့် အရာတွေကိုသာ လုပ်ဆောင်နေမယ်ဆိုလျှင် စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်၊ လတွေ ဘယ်လိုကုန်ဆုံးသွားသလဲဆိုတာကိုပင် သတိပြုနိုင်လိမ့်မည်မဟုတ်ပေ”**

**Home Quarantine ကာလကို ဘယ်လိုဖြတ်သန်းသွားမလဲ**

စာရေးသူအနေနဲ့ကတော့ **Home Quarantine** ကာလအတွင်း ရုံးမတက်ဘဲ နိုင်ငံတော်လစာယူရလို့ လိပ်ပြာမလုံတာကလွဲရင် ကျန်တာကတော့ အကောင်းချည်းပါပဲ။ ရုံးမှာဆိုရင် လုပ်ဖော်ကိုင်ဖက်တွေ ရှိနေတာရယ်၊ အလုပ်တွေရယ်ကြောင့် စာရေး၊ စာဖတ်တာကို ထဲထဲဝင်ဝင် မလုပ်နိုင်ပါဘူး။ ဆိုရရင် အရင်က စာရေး၊ စာဖတ်တာကို စနေ၊ တနင်္ဂနွေလို ရုံးပိတ်ရက်မှသာ အချိန်ပြည့် လုပ်နိုင်ပါတယ်။ အခုဆိုရင် စာရေး၊ စာဖတ်ဖို့ အချိန်ပိုမိုရရှိပါတယ်။ အထူးသဖြင့် လူထုဒေါ်အမာနဲ့ ဆရာသိန်းဖေမြင့်တို့ ရေးထားတဲ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ အတ္ထုပ္ပတ္တိတွေ၊ ဒ့ါအပြင် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွေ၊ ဆရာကြီး ဦးဖိုးကျား၊ ဆရာသိပ္ပံမောင်ဝ၊ ဆရာနန္ဒသိန်းဇံ၊ ဆရာကြီးအောင်သင်းတို့ရဲ့ သုတ၊ ရသ စာအုပ်တွေကို အချိန်ပေးပြီး ဖတ်ခွင့်ရရှိပါတယ်။ အိမ်စာကြည့်တိုက်ရှိ အရင်ဖတ်ပြီးသား စာအုပ်တွေထဲက ကောင်းနိုးရာရာ အကြောင်းအရာတွေကိုလည်း ပြန်လည်ဖတ်ရှုခွင့် ရရှိပါတယ်။

ဆိုရလျှင် စာရေးသူအဖို့တော့ **Home Quarantine** ဝင်ရတာ များစွာကံကောင်းတယ်လို့ပင် ဆိုချင်ပါတယ်။ သုတရသဆောင်းပါးတွေနဲ့ ဘာသာပြန် ဆောင်းပါးတွေ ရေးခွင့်ရရှိပါတယ်။ မိသားစုနဲ့အတူ ထမင်းလက်ဆုံစားခွင့်ရရှိပါတယ်။ ဇနီးဖြစ်သူကို တတ်နိုင်သမျှ ကူညီလုပ်ကိုင်ခွင့်ရရှိပါတယ်။ ကလေးတွေနဲ့လည်း နွေးထွေးစွာနေထိုင်ခွင့် ရရှိပါတယ်။ ဒ့ါအပြင် Buddha Channel က ထုတ်လွှင့်တဲ့ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးတွေရဲ့ တရားတော်တွေကိုလည်း နာယူခွင့် ရရှိပါတယ်။ ရယ်စရာဇာတ်လမ်းတွဲတွေလည်း ကြည့်ဖြစ်ပါတယ်။ အထူးသဖြင့် စတုတ္ထမြောက် ဆောင်းပါးပေါင်းချုပ်ထုတ်နိုင်ရေးအတွက် ပြင်ဆင်ရန် အချိန်များစွာ ရရှိခဲ့ပါတယ်။ အဖိုးမဖြတ်နိုင်တဲ့ အချိန်ကာလတွေပဲ ဖြစ်ပါတယ်။

အမှန်တော့ လူတစ်ဦးဟာ မည်သည့်နေရာတွင် နေထိုင်ရသည်ဖြစ်စေ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းပြီး အကျိုးရှိမယ့်အရာတွေကိုသာ လုပ်ဆောင်နေမယ်ဆိုလျှင် စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်၊ လတွေ ဘယ်လို ကုန်ဆုံးသွားသလဲ ဆိုတာကိုပင် သတိပြုနိုင်လိမ့်မည် မဟုတ်ပေ။ ။

## Facility Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက် ဆောင်ရွက်သွားရေး လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ လာရောက်သည့်ခရီးသည်များနှင့် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ် ထိတွေ့သူများထံမှ အခြားသူများသို့ ရောဂါကူးစက်မှု မရှိစေရေးအတွက် လက်ရှိတွင် Facility Quarantine (၁၄)ရက်အား ထားရှိပြီးပါက မိမိနေအိမ်သို့ ပြန်လည်သွားရောက်မည့်သူများအတွက် နောက်ထပ်(၁၄)ရက် နေအိမ်တွင်သီးခြားနေထိုင်ရန် အကြံပြုတိုက်တွန်းချက်များ ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

၂။ COVID-19 ရောဂါရှိသူများမှ ရောဂါပိုးစွန့်ထုတ်သည့်ကာလမှာ ရောဂါလက္ခဏာမပြမီ (၂) ရက်မှ ရောဂါလက္ခဏာပြပြီး (၂၈)ရက် အထိရှိကြောင်းနှင့် အဆိုပါကာလအတွင်း အခြားသူများသို့ ရောဂါကူးစက်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သုတေသနစာတမ်းများအရ Quarantine (၂၁) ရက် တိတိကျကျနှင့် စနစ်တကျထားရှိပါက ရောဂါကူးစက်မှုအား (၉၈.၇%)အထိ ထိန်းချုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည့်အပြင် ဒေသတွင်း နိုင်ငံအချို့တွင်လည်း Quarantine ကာလအား ဆေးရုံ/ သတ်မှတ်နေရာများတွင် နေထိုင်ရမည့် ကာလနှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း ကာလစုစုပေါင်းအား (၂၈)ရက်အထိ သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် အထက်ပါ Quarantine (၂၈)ရက်ထားရှိမှုများအား ဓာတ်ခွဲစစ်ဆေးမှု အကန့်အသတ်ဖြင့် ဆောင်ရွက်နိုင်သည့် နိုင်ငံများတွင် ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

၃။ လက်ရှိအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၂၈) ဦးအနက် နိုင်ငံတကာမှ ပြန်လည်ရောက်ရှိလာသည့် ခရီးသွားများ (Imported cases) များ၊ ၎င်းတို့နှင့် အနီးကပ် ထိတွေ့သူများတွင်သာ အဓိကကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးချက်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် Contact Tracing ဆောင်ရွက်ခဲ့သည့် တွေ့ရှိချက်များအရ အချို့သော Confirmed လူနာများနှင့် အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း ပြီးစီးသည့်နောက် (၁၄)ရက်ကျော်သည်အထိ လူအချို့တွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာ ရောဂါပိုးဆက်လက်တွေ့ရှိနေသေးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်၍ နိုင်ငံအတွင်း ရောဂါပျံ့နှံ့မှုအား ထိန်းချုပ်ရေးဆောင်ရွက်ရာတွင် သေချာမှုရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ယခင် Facility Quarantine အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း (၁၄)ရက်ကာလအစား ယခု Community Based Facility Quarantine/ Hotel Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက်၊ စုစုပေါင်း (၂၈)ရက် ဆောင်ရွက်သွားကြပါရန် အသိပေး ထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**



ကချင်ပြည်နယ် ရွှေကူမြို့ ပြည်သူ့ဆေးရုံ ကြီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး အတွက် Buy More ပရဟိတအဖွဲ့အစည်းက ရောဂါကာကွယ်ရေးဝတ်စုံနှစ်စုံနှင့် Test Kit နှစ်ခုကို ပေးအပ်လှူဒါန်းစဉ်။

ကျော်မျိုးအောင်(ပြန်/ဆက်)

# ဆွာချောင်းအရှေ့ဘက်ခြမ်းရှိ ကျေးရွာချင်းဆက်လမ်းများ မိုးမကျမီ အပြီးခင်းလျက်ရှိ

**ရေတာရှည် မေ ၁၁**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ရေတာရှည်မြို့နယ် ဆွာချောင်း အရှေ့ဘက်ခြမ်းဒေသ၌ ရာသီမရွေး သွားလာနိုင်သော ကျေးရွာချင်းဆက် လမ်းများ ဆက်လက်ဖောက်လုပ်လျက်ရှိရာ မိုးမကျမီ ပြီးစီးမည်ဖြစ်၍ ဒေသခံပြည်သူများ အနေဖြင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး ကိစ္စရပ်များ အတွက်များစွာ အဆင်ပြေကြပြီ ဖြစ်သည်။

ဆွာမင်းလမ်း- တံတားကြီး- ရေနီးကျေးရွာလမ်းပိုင်း၊ ရေနီး- ခင်တန်းလေး ကျေးရွာလမ်းပိုင်းနှင့် ကညင်အိုင်- အေးသာယာလမ်းပိုင်း တို့ကို ကျောက်ရောမြေသားလမ်း အဖြစ် ဆောင်ရွက်နေခြင်းဖြစ်ပြီး ကနဦး ရှေ့ပြေးလုပ်ငန်းများ ပြီးစီးလုရှိနေပြီး လမ်းအချောသပ်ပိုင်း ကျောက်ရောမြေသား ခင်းခြင်း လုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။ **(အောက်ပုံ)**

"အခုလိုလမ်းတွေ ကောင်းလာတော့ တကယ်လို့ မိုးရာသီကာလ မှာ ဆွာချောင်း ရေကြီးရေလျှံမှုဖြစ်ရင် အမြန်ဆုံး ရွှေ့လို့ပြောင်းလို့ရမယ်။ ကျန်းမာရေးဘက်က ကြည့်ရင်လည်း အရေးပေါ် နေထိုင်မကောင်းဖြစ်ရင် လူနာတင်ယာဉ်ကို အိမ်ရှေ့အထိ ခေါ်လို့ရပြီ။ မီးဘေးအန္တရာယ် ကျရောက်ရင်လည်း မီးသတ်ကားတွေ အမြန်ဆုံး ဝင်လာနိုင်ပြီဖြစ်လို့ ကျွန်တော်တို့ ကျေးလက်ဒေသတွေဟာ မြို့ပြဒေသနဲ့ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်တွေ ကျဉ်းမြောင်းလာပါပြီ" ဟု ဒေသခံတစ်ဦးက ပြောသည်။

ဆွာမြို့နှင့် အဓိကဆက်သွယ်သွားလာနေကြရသည့် ချောင်းတစ်ဖက်ကမ်းရှိ ကျေးရွာပေါင်း ၂၅ ရွာခန့်ရှိပြီး စစ်တောင်းမြစ် အနောက်ဘက်ကမ်း ဒေသတစ်လျှောက် မြစ်ကမ်းထိန်းတာပေါင်လမ်းများမှ တစ်ဆင့် ရေတာရှည်မြို့ဘက်သို့လည်းကောင်း၊ ဆွာမြို့ဘက်သို့လည်းကောင်း နေ့စဉ် သွားလာနေကြရခြင်းဖြစ်ရာ ယခုကဲ့သို့ ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်လာသည့်အတွက် တစ်ရွာနှင့်တစ်ရွာ အလွယ်တကူ သွားလာနိုင်ကြခြင်း အပြင် ကျေးလက်ဒေသထွက်ကုန်များ ဖြစ်သော စပါး၊ နှမ်း၊ ပြောင်း၊ ကြံနှင့် ပဲအမျိုးမျိုးတို့ကို မြို့ဈေးကွက်သို့ တင်ပို့ရာတွင် ကုန်ထုတ်လမ်းအဖြစ်ပါ အသုံးပြုနိုင်ခြင်းကြောင့် တောင်သူများအတွက်ပါ အဆင်ပြေနိုင်သည်။

"လမ်းတွေကလည်း ကောင်းနေပြီ။ လျှပ်စစ်မီးတွေကလည်း ရွာတိုင်းလိုလို အဆင်သင့်ဆင်ထားပြီးသား ဖြစ်နေပြီ။ မီတာကျဖို့ပဲ လိုတော့တယ်။ မီတာရပြီဆိုရင် မီးတွေလည်း လင်းပြီဆိုတော့ တောရွာတွေ ဆိုပေမယ့် မြို့ပြနဲ့ မခြားဘဲ ဆောင်ရွက်ပေးကြတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးလည်း တင်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

**သန်းလွင်**





## လိုင်လင်းပီမြို့၌ တည်ဆောက်လျက်ရှိသည့် နာရီစင် ၁၀၀ ရာခိုင်နှုန်းပြီးစီး

**လိုင်လင်းပီ မေ ၁၁**

ချင်းပြည်နယ် လိုင်လင်းပီမြို့ အမှတ်(၁)ရပ်ကွက်၌ ပြည်နယ်စည်ပင်သာယာအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် နာရီစင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါနာရီစင်ကို လောင်စိန်တောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် ချင်းရိုးရာ အမှတ်အသားများ ရေးထွင်းရန် နှင့်အလှပန်းပင်များ စိုက်ပျိုးရန် ကျန်ရှိနေသေးကြောင်း သိရသည်။

အဆိုပါနာရီစင်တွင် ညအချိန်များ၌ မီးထွန်းလင်းနိုင်ရေးအတွက် ဆိုလာစနစ်ဖြင့် ဆောင်ရွက်ထားရှိကြောင်းနှင့် ယင်းနာရီစင် ပြီးမြောက်သည့်အချိန်တွင် မြို့၏ပြယုဂ်တစ်ခု ဖြစ်လာမည့်အပြင် အများပြည်သူ အပန်းဖြေရန်နေရာတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**ကိုလိန်း(ပြန်/ဆက်)**

# တောင်သူဦးကြီးများသို့ အသိပေးကြေညာချက်

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ၂၀၂၀ ပြည့်နှစ် မေလ ၁၅ ရက်နေ့မှစ၍ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ် ဘဏ်ခွဲများတွင် ထုတ်ချေးပေးသွားမည်ဖြစ်ပါသည်။ ယင်းသို့ ထုတ်ချေးရာတွင် ၁ ဧက ချေးငွေနှုန်းထားမှာ ယခင်နှစ်အတိုင်း ၁ ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်း ဖြစ်ပါသည်။ တောင်သူများ အတိုးနှုန်း သက်သာစွာရရှိခံစားနိုင်စေရန် ယခင်နှစ် ချေးငွေအတိုးနှုန်း ၁ နှစ် ၈% (အစား) ယခု ချေးငွေမှစ၍ ၁ နှစ် ၅% သာ သတ်မှတ်ပါသည်။ ချေးငွေဟောင်းပေးဆပ်ပြီးသူများကိုသာ ချေးငွေသစ် ထုတ်ချေးမည်ဖြစ်ပါသည်။

၂။ COVID-19 ကပ်ရောဂါ ထိန်းချုပ်ကာကွယ်နေသည့်ကာလဖြစ်၍ ချေးငွေပေးဆပ်သူ တောင်သူများအဆင်ပြေစေရန် ၂၀၁၉ မိုးချေးငွေ ပေးဆပ်မှုကိုလည်း ၂၀၂၀ ပြည့်နှစ် မေလကုန်အထိ တိုးမြှင့်လက်ခံမည်ဖြစ်ပြီး မေလကုန်ထိ ပေးဆပ်သူတောင်သူများကို ဒဏ်တိုးကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ချေးငွေများ စနစ်တကျ ထုတ်ချေးနိုင်ရေးအတွက် တိုင်း၊ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ထားပါသည်-

(က) ဧရိယာကျယ်ဝန်းသော ဘဏ်ခွဲများတွင် သက်ဆိုင်ရာ ဘဏ်ခွဲများ၌ ထုတ်ချေးပါမည်။ ဧရိယာကျဉ်းသောဘဏ်ခွဲများတွင် မြို့နယ်ခန်းမ၊ စာသင်ကျောင်းစသည့် သင့်လျော်သည့်နေရာများတွင် ထုတ်ချေးမည် ဖြစ်ပါသည်။

(ခ) သွားလာရန် ကန့်သတ်ထားသောဒေသများတွင် ဒေသအုပ်ချုပ်ရေးအဖွဲ့နှင့် ညှိနှိုင်း၍ မြို့နယ်ခွဲနှင့်တိုက်နယ်အထိ ကွင်းဆင်းထုတ်ချေးရန်လိုအပ်က ထုတ်ချေးပါမည်။

(ဂ) ချေးငွေလာရောက်ထုတ်ယူသူ တောင်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိနှင့် အများပြည်သူ၏ ကျန်းမာရေးကို ကူညီစောင့်ရှောက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၄။ တောင်သူများအနေဖြင့် Mobile Payment စနစ်ကို အသုံးပြု၍ ချေးငွေရယူလိုပါက နယ်မြေဒေသအခြေအနေအရ Mobile Financial Services ကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ တောင်သူဦးကြီးများအနေဖြင့် သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများသို့ အချိန်မီဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

# လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

**နေပြည်တော် မေ ၉**

ဧရာဝတီတိုင်းဒေသကြီးတွင် အဆင့်မြင့်လယ်ယာများ ဖော်ထုတ်၍ နွေစပါး၊ မိုးစပါးများ အလှည့်ကျ စိုက်ပျိုးရန် မြေသားပြုပြင်ခြင်း (Land Preparation)၊ တမန်းနိုးခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းနှင့် ထွက်ရှိလာသော သီးနှံများကို ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်(ပုသိမ်)၊ မြို့နယ် ၂၃ မြို့နယ်ရှိ အသင်းစုများနှင့် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသအတွင်းရှိ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာမြေများကို ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများ ပြုလုပ်ခြင်း၊ အလေအလွင့်အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းများ ပြုလုပ်လိုလျှင် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများက သင့်လျော်သည့် ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့်

| | | |
|---|---|---|
| အသင်းစုချုပ်(ပုသိမ်) | - ဒေါ်ကြူကြူမြိုင် (ဒါရိုက်တာအဖွဲ့ဝင်) | - ဖုန်း ၀၉-၇၉၅၀၈၇၄၄၀၊ |
| ပုသိမ် | - ဒေါ်သန်းသန်းလှ (တွဲဖက်အတွင်းရေးမှူး) | - ၀၉-၂၅၀၄၃၈၈၇၃၊ |
| ကန်ကြီးထောင့် | - ဒေါ်သန်းသန်း (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၄၂-၂၁၂၄၀ |
| သာပေါင်း | - ဦးမောင်မောင်စိုး (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၂၅၀၄၄၆၇၁၁ |
| ငပုတော | - ဦးမောင်ပြုံး (အတွင်းရေးမှူး) | - ၀၉-၂၅၀၉၉၅၆၁၀ |
| ကျုံပျော် | - ဒေါ်ယုယုခင် (အတွင်းရေးမှူး) | - ၀၉-၂၅၀၅၈၈၈၄၄ |
| ကျောင်းကုန်း | - ဦးကိုဝင်း (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၇၉၂၀၃၀၆၀၇ |
| ဟင်္သာတ | - ဒေါ်သန်းသန်းဌေး (မန်နေဂျာ) | - ၀၄၄-၂၁၁၂၈ |
| ဇလွန် | - ဦးစောဝင်း(ဥက္ကဋ္ဌ) | - ၀၉-၄၂၂၅၄၇၇၀၅ |
| လေးမျက်နှာ | - ဦးသန်းထိုက် (စာရေး-၁) | - ၀၉-၂၅၀၁၁၉၄၉၄ |
| ကြံခင်း | - ဦးသိန်းဝင်း(ဥက္ကဋ္ဌ) | - ၀၉-၄၅၅၃၅၉၉၃၈ |
| အင်္ဂပူ | - ဒေါ်ခင်မိုးသူ (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၄၂၁၁၅၁၄၂၅ |
| မြောင်းမြ | - ဒေါ်မြင့်မြင့်ဦး (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၄၂၂၄၆၈၂၀၂ |
| အိမ်မဲ | - ဦးမင်းမင်းစိုး (အမှုဆောင်အဖွဲ့ဝင်) | - ၀၉-၇၆၇၁၇၅၅၉၄ |
| ဝါးခယ်မ | - ဦးခင်စိုး (အတွင်းရေးမှူး) | - ၀၉-၉၆၁၉၄၅၇၄၁ |
| လပွတ္တာ | - ဦးအောင်မိုး (မန်နေဂျာ) | - ၀၉-၂၅၄၂၉၉၅၆၃ |
| မော်လမြိုင်ကျွန်း | - ဦးကျော်ကျော်(ဥက္ကဋ္ဌ) | - ၀၉-၆၇၁၁၂၀၆၆၈ |
| မအူပင် | - ဦးသန်းလွင် (အတွင်းရေးမှူး) | - ၀၉-၄၂၈၆၀၂၅၇၁ |
| ပန်းတနော် | - ဦးလူရွှေ(ဥက္ကဋ္ဌ) | - ၀၉-၄၂၂၄၅၆၄၃၈ |
| ညောင်တုန်း | - ဒေါ်ဝင်းပပစိုး (ငယ်/ရေး) | - ၀၉-၇၉၁၈၀၈၅၁၅ |
| ဓနုဖြူ | - ဦးခင်မောင်မြင့် (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၇၇၈၄၄၉၃၃၄ |
| ဖျာပုံ | - ဦးမျိုးအောင် (အတွင်းရေးမှူး) | - ၀၉-၄၂၂၄၈၅၅၅၄ |
| ဒေးဒရဲ | - ဦးသက်ဝေလင်း (စာရင်းကိုင်) | - ၀၉-၄၅၄၁၆၉၁၇၇ |

တို့သို့ ဆက်သွယ်နိုင်ပါကြောင်း သမဝါယမဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မြင်းမူမြို့နယ် စိုင်ပြစ်ကျေးရွာရှိ မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**မုံရွာ မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်သည် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးတို့နှင့်အတူ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းတည့် ၁၂ နာရီက မြင်းမူမြို့နယ် စိုင်ပြစ်ကျေးရွာရှိ အခြေခံပညာ မူလတန်း ကျောင်းသို့ရောက်ရှိပြီး မေ ၈ ရက်တွင် မီးလောင်မှုကြောင့် မီးဘေးသင့်အိမ်ထောင်စုများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားကာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၅၂ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မီးဘေးသင့်အိမ်ထောင်စုများအတွက် အိမ်ဆောက်စရိတ်နှင့် စားရိက္ခာဖိုးငွေ ဖ၁၈၀၁၀၀ ကျပ်နှင့် ထောက်ပံ့ပစ္စည်းမျိုးစုံတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးရွာသောက်သုံးရေအတွက် လိုအပ်လျက်ရှိသော စက်ရေတွင်းနှင့် ဆက်စပ်ပစ္စည်းများကိုပါ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျေးရွာသားများအတွက် နှာခေါင်းစည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ မေ ၉ ရက်က မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော ရွှေဘိုမြို့နယ် ဘုန်းဘွဲ့ကျေးရွာမှ အိမ် နှစ်အိမ်အတွက် တစ်အိမ်လျှင် ငွေကျပ်တစ်သိန်းနှုန်းနှင့် သေဆုံးသူတစ်ဦးအား ငွေကျပ်သုံးသိန်းခွဲနှင့် ဘုတလင်မြို့နယ် စီပါကျေးရွာမှ အိမ်ငါးအိမ်အတွက် စုစုပေါင်း ငွေကျပ်ငါးသိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**



# ကိုဗစ်-၁၉ နှင့်ပတ်သက်၍ သိရှိလိုသည့်မေးခွန်းများကို မကြာမီ တိုင်းရင်းသားဘာသာစကား ခုနစ်မျိုးဖြင့် ဆက်သွယ်မေးမြန်းနိုင်မည်

**ရန်ကုန် မေ ၁၁**

ကိုဗစ် – ၁၉ နှင့်ပတ်သက်၍ ပြည်သူများသိရှိလိုသည့် မေးမြန်းမှုများကို ဧပြီ ၉ ရက်က စတင်ဖွင့်လှစ်ခဲ့သည့် National Call Centre သို့ မြန်မာဘာသာစကားဖြင့် ဆက်သွယ်မေးမြန်းဖြေကြားမှုများကို မကြာမီ တိုင်းရင်းသား ဘာသာစကား ခုနစ်မျိုးဖြင့်လည်း မေးမြန်းနိုင်မည်ဖြစ်ကြောင်း Blue Ocean Investment Limited ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်ထံမှ သိရသည်။

COVID – 19 Call Centre အား ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် – ၁၉ ဖြစ်ပွားမှုအခြေအနေ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်း၊ ရောဂါကာကွယ်ရန် ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်း၊ လူနာများ ရှာဖွေကုသခြင်း စသည့်လုပ်ငန်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ပြည်သူလူထုမှ ဆက်သွယ်မေးမြန်း သိရှိနိုင်စေရေးအတွက် ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်သည်။

အဆိုပါ Call Centre သို့ ဧပြီ ၉ ရက်မှ လက္ကန် အထိ ပြည်တွင်းအော်ပရေတာများမှတစ်ဆင့် အခမဲ့ ခေါ်ဆိုမေးမြန်းမှု ငါးသန်းရှိသည်။ နယ်များမှ ခေါ်ဆိုမှုများ၊ ကျေးရွာများမှ ခေါ်ဆိုမှုများရှိပြီး အချို့တိုင်းရင်းသားများ နားလည်ရန် တိုင်းရင်းသားဘာသာစကား ခုနစ်မျိုးဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း ဘာသာစကားများဖြင့် မေးမြန်းမှုများကို အလိုအလျောက် ဖြေကြားနိုင်ရန် စီစဉ်တည်းဖြတ်မှုများ လုပ်ဆောင်နေပြီး မကြာမီရက်ပိုင်းအတွင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က ပြောကြားသည်။

ကိုဗစ် – ၁၉ ရောဂါနှင့်ပတ်သက်၍ ဆရာဝန်များနှင့် တိုက်ရိုက်ဆွေးနွေးလိုပါက 2019 ကိုခေါ်ဆိုကာ လိုင်းခွဲ (၀) ကို ခေါ်ဆိုမေးမြန်းနိုင်သည့် မေးမြန်းမှု များပြားသည့်အတွက် တစ်ဦးလျှင် အချိန် ခြောက်မိနစ်ခန့်သာ မေးမြန်းရမည်ဖြစ်သည်။ 2019 ၏ လိုင်းခွဲ ၁ တွင် ရောဂါ လက္ခဏာများအကြောင်း၊ လိုင်းခွဲ ၂ တွင် ကူးစက်နိုင်သည့် နည်းလမ်းများအကြောင်း၊ လိုင်းခွဲ ၃ တွင် ကာကွယ်နိုင်သည့်နည်းလမ်းများ၊ လိုင်းခွဲ ၄ တွင် အသွားအလာကန့်သတ်ခြင်းအကြောင်း၊ လိုင်းခွဲ ၅ တွင် နောက်ဆုံးရ ကိုဗစ် – ၁၉ ပိုးတွေ့လူနာအရေအတွက် အကြောင်းတို့ကို ဖော်ပြပါလိုင်းခွဲငါးခုမှ အလိုအလျောက်စနစ်ဖြင့် ဖြေကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

**အောင်သူရ**

## အင်းတော်မြို့တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ မပြန့်ပွားရေး နေ့စဉ်အသိပေးဆောင်ရွက်

**အင်းတော် မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်စည်ပင်သာယာမှ ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်၊ ထိန်းချုပ်ရေးအတွက် အဖွဲ့ပိုင်ဈေးအတွင်း၌ အပူချိန်တိုင်းစစ်ဆေးခြင်း၊ သတ်မှတ်နေရာများမှသာ ရောင်းဝယ်ခြင်းပြုရန်၊ ဈေးရောင်း၊ ဈေးဝယ်သူအားလုံး နှာခေါင်းစည်း တပ်ဆင်ကြရန်၊ လက်ဆေးရန် ကြပ်မတ်ခြင်း၊ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းများနှင့် ကျန်းမာရေးအသိပညာပေး ညွှန်ကြားချက်များအား နေ့စဉ်အသိပေးဆောင်ရွက်နေကြောင်း သိရသည်။

အကယ်၍ စည်းကမ်းလိုက်နာမှုနည်းပါးနေပါက ကိုဗစ်–၁၉ ရောဂါ ကြီးကြပ်မှုကော်မတီမှ ခေါ်ယူဆွေးနွေးပြီး ပညာပေးသဘောမျိုး ဆောင်ရွက်နေသဖြင့် အောင်မြင်မှုရှိကြောင်း ကိုဗစ်–၁၉ ကူးစက်ရောဂါကာကွယ်ရေးကော်မတီအဖွဲ့မှ သိရသည်။

**လှအောင်(ကသာ)**

## မိုးထစ်ချုန်း ရွာနိုင်

**နေပြည်တော် မေ ၁၁–** နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# လယ်ယာလုပ်ငန်းများတွင် တောင်သူလယ်သမားများ ဘေးကင်းလုံခြုံစွာ ဆောင်ရွက်နိုင်ရေး နှိုးဆော်ချက်

၁။ မကြာမီ မုတ်သုံကာလသို့ ကျရောက်တော့မည်ဖြစ်ပါသည်။ တောင်သူကြီးများအနေဖြင့် မိုးသီးနှံများ စိုက်ပျိုးရန် လယ်ယာလုပ်ငန်းခွင်သို့ စတင်ဝင်ရောက်သည့်နည်းတူ နွေသီးနှံများ ရိတ်သိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြပါသည်။ ယခုကဲ့သို့ ကမ္ဘာ့ကပ်ရောဂါကိုဗစ် ဖြစ်ပွားနေချိန်ကာလအတွင်း တောင်သူလယ်သမားများနှင့် မိသားစုဝင်များအားလုံး ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေး နေထိုင်ဆောင်ရွက်ကြရန် အလွန်အရေးကြီးပါသည်။

၂။ သို့ဖြစ်ပါ၍ တောင်သူဦးကြီးများအနေဖြင့် လယ်ယာလုပ်ငန်းခွင်သို့ ဝင်ရောက်ချိန်တွင် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(က) လယ်ယာလုပ်ငန်းခွင်သို့ သွားရောက်ရာတွင်လည်းကောင်း၊ လယ်ယာလုပ်ငန်းဆောင်ရွက်ရာတွင်လည်းကောင်း၊ အစားအစာ စားသောက်ရာတွင်လည်းကောင်း တစ်ဦးနှင့်တစ်ဦး လုံလောက်သော အကွာအဝေးဖြင့် နေထိုင်၊ လုပ်ကိုင်၊ စားသောက်ကြရန်၊

(ခ) လက်ဆေးနိုင်ရန် ဆပ်ပြာကို ဆောင်သွားရန်၊

(ဂ) လယ်ယာသုံးကိရိယာများကို မသုံးစွဲမီ သန့်ရှင်းရေးပြုလုပ်ရန်၊

(ဃ) လယ်ယာသုံးစက်ကိရိယာများကို ကိုင်တွယ်မသုံးစွဲမီနှင့် သုံးစွဲပြီးတိုင်း၊ အစာမစားမီ နှင့် အစာစားပြီးတိုင်း လက်ကို ဆပ်ပြာနှင့် စင်ကြယ်စွာဆေးကြောရန်၊

(င) မိုးရေစို၍ ဖျားနာခြင်းမဖြစ်စေရန် ခမောက်၊ မိုးကာ၊ ပက္ကလာ၊ လည်ရှည်ဖိနပ်များကို အသုံးပြုဝတ်ဆင်ရန်၊

(စ) ချောင်းဆိုး၊ နှာချေသည့်အခါတိုင်း တံတောင်ကွေးဖြင့် လုံခြုံစွာအုပ်၍ ပြုလုပ်ရန်၊ (သို့မဟုတ်) နှာခေါင်းစည်း တပ်ဆင်ထားရန်၊

၃။ တောင်သူဦးကြီးများအနေဖြင့် အထက်ပါလုပ်ငန်းစဉ်များအပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သော ကျန်းမာရေးဆိုင်ရာ ကျင့်သုံးရမည့် အချက်များအား လိုက်နာကြခြင်းဖြင့် မိမိတို့၏ လယ်ယာလုပ်ငန်းများတွင် ကျန်းမာပျော်ရွှင်စွာ စိုက်ပျိုးထုတ်လုပ်ကြရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ပြည်သူများရေပြတ်လပ်မှုမရှိစေရေး ကမ္ဘောဇဘဏ်က ရေသယ်ယာဉ်သစ်များ ဆက်လက်လှူဒါန်း

**ရန်ကုန် မေ ၁၁**

ပူပြင်းခြောက်သွေ့သော နွေရာသီတွင် ပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် စက်ရေတွင်းများ တူးဖော်လှူဒါန်းခြင်းနှင့် ရေသယ်ယာဉ်များလှူဒါန်းခြင်းကို ကမ္ဘောဇဘဏ်က ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်ရှိ ပြည်သူများအတွက် ရေသယ်ယာဉ်သစ်နှစ်စီးကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိထံ မေ ၈ ရက်တွင် ပေးအပ်လှူဒါန်းခဲ့သည်။ **(အောက်ပုံ)**

မွန်ပြည်နယ်ရှိ ပြည်သူများအတွက် စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၉၀၀ ရှိသော ဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်သစ်နှစ်စီးကို ပေးအပ်လှူဒါန်းခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ ပြည်သူများအတွက် ၅၂ စီးမြောက် လှူဒါန်းခြင်းဖြစ်သည်။ ကမ္ဘောဇဘဏ်သည် ဧပြီ ၁ ရက်က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ ပြည်သူများအတွက် အစီး ၅၀ ပြည့်ရေသယ်ယာဉ်သစ်ကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သို့ လှူဒါန်းခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိပြည်သူများအတွက် ရေပြတ်လပ်မှု မရှိစေရေးအတွက် We Love Yangon အဖွဲ့နှင့် ပူးပေါင်းကာ သောက်သုံးရေများဖြန့်ဝေလှူဒါန်းသွားမည်ဟု သိရသည်။

ထို့အတူ ကမ္ဘောဇဘဏ်သည် နိုင်ငံတစ်ဝန်းရှိ ပြည်သူများအတွက် အင်္ဂလန်နိုင်ငံထုတ် Dando Heavy–duty ရေတွင်းတူးစက်ကြီးနှစ်စီးဖြင့် စက်ရေတွင်းများ တူးဖော်လှူဒါန်းလျက်ရှိရာ မေ ၉ ရက်က ညောင်ဦးခရိုင် မန်ကျည်းစောက်ကျေးရွာတွင် တူးဖော်လှူဒါန်းခဲ့သည်။ ကမ္ဘောဇဘဏ်သည် Myanmar Airways International(MAI)၊ Air KBZ၊ KBZ MS General Insurance နှင့် KBZ Life တို့နှင့်လက်တွဲ၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ယနေ့အထိ ငွေကျပ်သိန်းပေါင်း ၃၃၉၁၄ ကို လှူဒါန်းခဲ့ပြီးဖြစ်သည်။

**ကိုကျော်**



## ဖလမ်းပြည်သူ့ဆေးရုံနှင့် တီးတိန်မြို့ ပြည်သူ့ဆေးရုံများသို့ ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

ဟားခါး မေ ၁၁

ချင်းပြည်နယ် ဟားခါးမြို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး သန့်ဇင်ဦးနှင့် တပ်ဖွဲ့ဝင်များသည် တပ်မတော်က ပေးအပ်လှူဒါန်းသည့် ဆေးရုံသုံးပစ္စည်းများကို ချင်းပြည်နယ်အတွင်းရှိ ဖလမ်းပြည်သူ့ဆေးရုံနှင့် တီးတိန်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက် လှူဒါန်းသည်။(ယာပုံ)

အဆိုပါအဖွဲ့သည် မေ ၉ ရက်တွင် ဖလမ်းပြည်သူ့ဆေးရုံနှင့် မေ ၁၀ ရက်တွင် တီးတိန်မြို့ ပြည်သူ့ဆေးရုံတို့သို့ရောက်ရှိပြီး Pulse Oxymeter Finger Tip နှစ်ခု၊ အပူချိန်တိုင်းကိရိယာ အခု ၂၀ နှင့် ဆေးရုံသုံးလက်အိတ် ၁၃၅၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ရာ သက်ဆိုင်ရာ မြို့နယ်ဆရာဝန်ကြီး များက လက်ခံယူခဲ့ကြောင်း သိရသည်။

မြင့်နိုင်စိုး(ပြန်/ဆက်)



## ကိုဗစ်-၁၉ ရောဂါကြောင့် ခေါင်လန်ဖူးမြို့နယ်၌ ဒေသခံပြည်သူများ စားနပ်ရိက္ခာ ပြတ်လပ်နေ

ခေါင်လန်ဖူး မေ ၁၁

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် နယ်စပ်ဂိတ် ၃၀၊ ၃၁ နှင့် ၃၅ တို့ရှိ တရုတ်နိုင်ငံလမ်းကြောင်းကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိတ်ထားသဖြင့် ဒေသခံပြည်သူများ အစားအသောက် ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည်။

၂၀၁၉ ခုနှစ်တွင် နှစ် ၅၀မှာ တစ်ကြိမ်သာ သီးသော ဝါးပင်တို့တွင် ကြွက်များအုံကြွကာ ထိုမှတစ်ဆင့် ဒေသခံပြည်သူများ၏ စိုက်ခင်းများကို ဖျက်ဆီးပစ်ခြင်းနှင့် တောင်ယာသီးနှံများစိုက်ပျိုးချိန်၌ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် မီးရှို့၍မရသဖြင့် စိုက်ပျိုး၍ မရနိုင်ခဲ့ကြောင်း၊ လှေကားထစ် စိုက်ပျိုးချိန်တွင်လည်း စိုက်ပျိုးရေမရရှိခြင်းတို့ကြောင့် သီးနှံများဖြစ်ထွန်းမှုမရှိကြောင်း၊ ကိုဗစ်-၁၉ရောဂါ ကြောင့် နယ်စပ် ဝင်/ထွက်ပေါက်များ ပိတ်လိုက်သည့်အချိန်မှစ၍ အခြေခံလူသုံးကုန်ပစ္စည်းများ၊ စားနပ်ရိက္ခာဝယ်ယူရာ၌ အခက်အခဲများကြုံတွေ့နေကြရပြီး အချို့နေရာများ၌ စားနပ်ရိက္ခာများသည် ဖေဖော်ဝါရီလကတည်းက စတင်ပြတ်လပ်လျက်ရှိကြောင်း၊ သစ်မြစ်သစ်ဖုများနှင့် တောထွက် အစားအသောက်များ ရှာဖွေစားသောက်နေကြရကြောင်း အမှတ် (၁) ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလေးက ပြောသည်။



အပေါ်ခွံကိုခွာ၍စားသုံးရသည့် ဒေသအခေါ် အထေးဟုခေါ်တွင်သော အပင်တစ်မျိုး။

အဆိုပါ စားနပ်ရိက္ခာပြတ်လပ်မှုနှင့်ပတ်သက်၍ ကူညီထောက်ပံ့မှုပေးနိုင်ရန် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ တင်ပြထားကြောင်း ၎င်းက ဆက်လက်ပြောသည်။

ခေါင်လန်ဖူးမြို့နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဘက်တွင်တည်ရှိပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်မှုများစွာလိုအပ်လျက်ရှိကြောင်း သိရသည်။

ဂျေဂျေ (ခေါင်လန်ဖူး)

## မိတ္ထီလာ၌ နှာခေါင်းစည်း မတပ်ဆင်ဘဲ သွားလာသူများအား အသိပညာပေးဆောင်ရွက်

မိတ္ထီလာ မေ ၁၁

မိတ္ထီလာ၌ နှာခေါင်းစည်းမတပ်ဆင်ဘဲ အပြင်ထွက် သွားလာသူများအား တစ်ဦးလျှင် နှာခေါင်းစည်းနှစ်ခု ကျပ် တစ်ထောင်နှုန်းနှင့် ဝယ်ယူတပ်ဆင်စေသည့် နည်းလမ်းဖြင့် အသိပညာပေးခြင်းကို စတင်ဆောင်ရွက်လျက်ရှိပြီး မေ ၁၆ ရက်အထိ လိုက်နာမှုမရှိသူများအနေဖြင့် နှာခေါင်းစည်းနှစ်ခုကို ငါးထောင်ကျပ်နှုန်းအထိ ဝယ်ယူတပ်ဆင်စေရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ရဲ့ ညွှန်ကြားချက်နဲ့အညီ မိတ္ထီလာမှာ နှာခေါင်းစည်းမတပ်ဆင်ဘဲ သွားလာသူတွေအနေနဲ့ တစ်ဦးကို နှာခေါင်းစည်းနှစ်ခု ကျပ် တစ်ထောင်နဲ့ ဝယ်ယူတပ်ဆင်စေတဲ့ နည်းလမ်းနဲ့ အသိပညာပေးတာကို မေ ၁၀ ရက်က ကျွန်တော်တို့ မိတ္ထီလာ-မလှိုင်ကားလမ်း ဝန်ဇင်းကန်ပေါင်မှာ စတင်ဆောင်ရွက်ပါတယ်။ မေ ၁၅ ရက်မှ အသိပညာပေးကာလနောက်ပိုင်း မေ ၁၆ရက်က စတင်ပြီး နှာခေါင်းစည်းမတပ်ဆင်ဘဲ အပြင်ထွက်သွားလာတဲ့သူတွေအနေနဲ့ နှာခေါင်းစည်းနှစ်ခုကို ကျပ် ငါးထောင်နှုန်းနဲ့ ဝယ်ယူတပ်ဆင်ရမှာဖြစ်ပါတယ်။ နှာခေါင်းစည်းတွေကို စနစ်တကျ လုံခြုံစွာနဲ့ တပ်ဆင်သွားလာခြင်းကို လိုက်နာဆောင်ရွက်ဖို့ ပျက်ကွက်တဲ့သူကို တည်ဆဲဥပဒေတွေနဲ့အညီ အရေးယူ ဆောင်ရွက်သွားမှာပါ" ဟု ဝန်ဇင်းရပ်ကွက်အုပ်ချုပ် ရေးမှူး ဦးကျော်ငြိမ်းက ပြောသည်။

မိတ္ထီလာမြို့နယ် အပါအဝင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်ဖြင့် မေ ၉ ရက်က စတင်ပြီး ပြည်သူများအနေဖြင့် မဖြစ်မနေ နေအိမ်အပြင်ထွက်သွားလာလျှင် နှာခေါင်းစည်းများ စနစ်တကျလုံခြုံစွာ တပ်ဆင်သွားလာရန်နှင့် လိုက်နာမှုမရှိပါက အထက်ပါနည်းလမ်းများဖြင့် အသိပညာပေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း မေ ၈ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့က အသိပေးကြေညာခဲ့ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)



# နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID–19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြား

### နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID–19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID–19 ကပ်ရောဂါ ကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID–19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID–19 ရောဂါကြောင့် လူစုလူဝေးများမဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများ ဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များ တူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot–Line ဖုန်းများဖြစ်သော ၀၆၇၃၄၀၄၆၆၆ နှင့် ၀၆၇၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသောနေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့် အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့် အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သော နေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသော နေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်း မပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID–19 ရောဂါ ကူးစက်ပျံ့နှံ့နေချိန် အရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာ နေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီး

ပြည်ကြီးတံခွန် မေ ၁၁

**ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စုအစိုးရဘတ်ဂျက်၊ တိုင်းဒေသကြီးဘတ်ဂျက်နှင့် အလှူရှင်များ၏ ပူးပေါင်းလှူဒါန်းမှုတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ပြည်ကြီးတံခွန်မြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်က ပြောသည်။**

လက်ရှိတွင် လမ်းပေါင်း ၁၄၇ လမ်း၊ တံတား ၁၃၀ ကျော်နှင့် ရေမြောင်း ၃၅ မြောင်းခန့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ လိုအပ်ချက်များလည်း ရှိနေသေးကြောင်း၊ မြို့နယ်အတွင်း၌ အဓိက မိန်းလမ်းတော်တော်များများမှာ လမ်းနှင့် တံတားများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သော်လည်း ဒူးကြားလမ်းတော်တော်များများ ဆောင်ရွက်ရန် ကျန်ရှိနေသေးကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကိုဗစ်- ၁၉ကြောင့် ခေတ္တရပ်နားခဲ့သော်လည်း ယခုအခါ သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ဆောင်ရွက်နေပြီဖြစ်ကြောင်း ၎င်းက ပြောသည်။

ပြည်ကြီးတံခွန် မြို့နယ်တွင် မူလက ၁၆ ရပ်ကွက်သာရှိပြီး ယခုနှစ်တွင် ရပ်ကွက်သစ်နှစ်ခုတိုးလာခြင်းကြောင့် အဆိုပါရပ်ကွက်များတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ချက်များစွာ ရှိနေသေးကြောင်း သိရသည်။

"ပြည်ကြီးတံခွန် မြို့နယ်မှာ ရပ်ကွက်နှစ်ခု ထပ်တိုးလာပါတယ်။ (ည)ရပ်ကွက်နဲ့(ဋ)ရပ်ကွက်ပါ။ (ည) ရပ်ကွက်က စက်မှုဇုန်(၂) နေရာအချို့နဲ့ အမရပူရနယ်မြေအချို့ပေါင်းပြီး ဖော်ဆောင်ထားတာဖြစ်ပါတယ်။ (ဋ) ရပ်ကွက်ကတော့ အများသိတဲ့ ကံကြီးကုန်း၊ ဇီးအုပ်နယ်မြေပါ။ ဒီတိုးလာတဲ့ ရပ်ကွက်တွေမှာ လမ်းတွေ၊ တံတားတွေ ဆောင်ရွက်ဖို့ များစွာလိုအပ်နေပါသေးတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ပြည်ကြီးတံခွန် မြို့နယ်တွင် ရပ်ကွက် ၁၈ ရပ်ကွက်ရှိပြီး အိမ်ခြေ ၃၀၀၂၇ အိမ်နှင့် အိမ်ထောင်စု ၃၆၀၇၁ စု ရှိကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ထားမှုကို တာဝန်ရှိသူများ စစ်ဆေးစဉ်။

# ဒလမြို့နယ်ရှိ ကျေးရွာရှစ်ရွာတွင် လျှပ်စစ်သုံးစွဲနိုင်ရေး ဓာတ်တိုင်များစတင်စိုက်ထူ

ဒလ မေ ၁၁

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဒလမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့ပေါ်ရပ်ကွက်များသာမက ကျေးရွာများပါမကျန် တစ်မြို့နယ်လုံး လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုနှစ်အတွင်း ကျေးလက်ဒေသမီးလင်းရေးအတွက် ကျေးရွာရှစ်ရွာတွင် လျှပ်စစ်ဓာတ်အားလိုင်း တိုးချဲ့တည်ဆောက်ရေး၏



လုပ်ငန်းစဉ်ပထမအဆင့်ဖြစ်သည့် ဓာတ်တိုင်များစိုက်ထူခြင်းလုပ်ငန်းများ စတင် ဆောင်ရွက်ပေးနေပြီဖြစ်သည်။

ဒလမြို့နယ် တံတားချောင်း ကျေးရွာတွင် မေ ၈ ရက် ညနေပိုင်းက မြို့နယ်လျှပ်စစ်ဓာတ်အားခွဲရုံမှ ဦးတင်အောင်မိုး ဦးဆောင်သော လျှပ်စစ်ကျွမ်းကျင်လုပ်သားဝန်ထမ်းများအဖွဲ့သည် အုံကြီးအရှေ့ရပ်ကွက်၊ ခနောင်လမ်းနှင့် တံတားချောင်းရွာလမ်းဆုံမှ ရွာအဝင်ဘုန်းတော်ကြီးကျောင်းအရှေ့အထိ လွန်တူးစက် တပ်ဆင်ထားသည့် စက်ယန္တရားယာဉ်တစ်စီးဖြင့် တွင်းများတူးဖော်ခြင်း၊ ကရိန်းယာဉ်တစ်စီးဖြင့် ဓာတ်တိုင်များစိုက်ထူခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြပြီး မေ ၉ ရက်တွင် အဆိုပါကျေးရွာအတွင်း၌ ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

"တံတားချောင်းရွာအတွက် လျှပ်စစ်ဓာတ်အားလိုင်းက နှစ်မိုင်အကွာအဝေးရှိပါတယ်။ ဓာတ်တိုင် တွေ က ၁၀ မီတာ အရှည်ရှိ စံမီကွန် ကရစ်တိုင်တွေပါ။ ဓာတ်တိုင် ၁၁၂ တိုင် စိုက်ထူရမှာဖြစ်ပါတယ်" ဟု အဖွဲ့ခေါင်းဆောင် ဦးတင်အောင်မိုးက ပြောသည်။

"ကျွန်တော်တို့ရွာမှာက ညနေ ၆ နာရီကနေ ည ၁၀ နာရီအထိ ကိုယ့်အားကိုယ်ကိုးပေးနေတဲ့ လျှပ်စစ်မီးပဲရှိပါတယ်။ အခုလို ဓာတ်အားပေးဖို့လုပ်နေတာမြင်ရတော့ အတိုင်းထက်အလွန် ဝမ်းသာမိပြီး မြို့နယ် လျှပ်စစ်ဝန်ထမ်းတွေနဲ့ တာဝန်ရှိသူတွေကိုလည်း အလွန်ကျေးဇူးတင်မိပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

ဒလမြို့နယ်တွင် ကုလားစု ကျေးရွာ၊ ခနိတော၊ ဆိပ်ကြီး၊ မင်းစု၊ ရဲချောင်းကြီး၊ တုံတင်ဂန်းနှင့် ခနောင် မီးခြစ်စက် ကျေးရွာတို့တွင်လည်း လျှပ်စစ်မီးလင်းရေးအတွက် ဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်များ တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမြရွှေထံက သိရသည်။

**သတင်း- သန်းငွေး(ဒလ)၊ ဓာတ်ပုံ-သဥ္ဇာ**

# မောက်မယ်မြို့နယ်၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ပျိုးပင်ပေါင်း ၅၀၀၀၀ ကျော် အခမဲ့ဖြန့်ဝေစိုက်ပျိုးမည်

**မောက်မယ် မေ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း မောက်မယ်မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့် ပျိုးပင်ပေါင်း ၅၀၀၀၀ ကျော်ကို ပျိုးထောင်ထားရှိပြီး အခမဲ့ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်သည်။

မောက်မယ်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ် မိုးရာသီကာလအတွင်း စိုက်ပျိုးနိုင်ရန် ဒေသနှင့်ကိုက်ညီသည့် ကျွန်း၊ ပျဉ်းကတိုး၊ မဲဇလီ၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ စိန်တံခွန်၊ ရေသင်းဝင်၊ ရေတမာ၊ လျှော်ဖြူ၊ ဗာဒံနှင့် နှစ်ရှည်သီးနှံစားပင်များဖြစ်သော သရက်၊ ပိန္နဲ၊ ထောပတ်၊ ဒန့်သလွန်၊ ကြောင်လျှာပင်များကို မောက်မယ်မြို့မ ပျိုးဥယျာဉ်နှင့် ဟိုနမ့်တိုက်နယ် ပျိုးဥယျာဉ်တို့တွင် ပျိုးပင်ပေါင်း ၅၀၀၀၀ ကျော် ပျိုးထောင်ထားရှိကြောင်းနှင့် လာမည့်ဇွန်၊ ဇူလိုင် မိုးရာသီကာလအတွင်း မြို့နယ်အတွင်းရှိ ကျေးရွာများ၊ လမ်းဘေး ဝဲ/ယာများ၊ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာရုံးများ၊ တပ်ရင်းတပ်ဖွဲ့များတွင် စိုက်ပျိုးနိုင်ရန် အခမဲ့ဖြန့်ဝေ စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ခံတောအုပ် ဦးဇော်ညိုက ပြောသည်။

**စိုင်းမျိုးသန့်( မောက်မယ်)**

# ကျိုင်းတုံမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**ကျိုင်းတုံ မေ ၁၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မရှိစေရေးအတွက် မြို့ဝင်/ ထွက် ဂိတ်များတွင် စစ်ဆေးရေးဂိတ်များ ထားရှိဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက စစ်ဆေးရေးဂိတ်တွင် ဖြတ်သန်းသွားလာကြသည့် ပြည်သူများအား သွားရောက်မည့် ခရီးစဉ်များ မေးမြန်းခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်းများ(အခမဲ့)ဖြန့်ဝေခြင်းနှင့် နှာခေါင်းစည်းများစနစ်တကျ တပ်ဆင်ရေး အသိပညာပေးခြင်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး နှာခေါင်းစည်းများ တပ်ဆင်ပြီးမှ သွားလာကြရန်၊ မကြာခဏ လက်ဆေးခြင်းများ ဆောင်ရွက်ကြရန် ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့် အညီ လိုက်နာဆောင်ရွက်ကြရန်နှင့် ကျန်းမာရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး မြို့ဝင်/ထွက် ဂိတ်တွင် ဖြတ်သန်းသွားလာကြသည့် ပြည်သူများအား ကိုယ်အပူချိန်များတိုင်း၍ ကျန်းမာရေး စစ်ဆေးပေးခြင်း၊ နှာခေါင်းစည်းမပါဘဲ ဖြတ်သန်းသွားလာသူများအား နှာခေါင်းစည်းများ အခမဲ့ ပေးအပ်လှူဒါန်းကာ စနစ်တကျ အသုံးပြုနည်းများနှင့် ကျန်းမာရေး အသိပညာပေးခြင်းများကို ပြည်နယ်/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**

# ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသ လုံခြုံရေးအတွက် နေ့ညမပြတ် ကင်းလှည့်စစ်ဆေး

**ညောင်ဦး မေ ၁၁**

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသရှိ ဘုရားပုထိုးများ၊ ရှေးဟောင်းအဆောက်အဦနေရာများ၊ မြို့ပေါ်ရပ်ကွက်/ ကျေးရွာများ လုံခြုံရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် အရပ်ဘက် အဖွဲ့အစည်းများက နေ့ညမပြတ် ကင်းလှည့်စစ်ဆေးလျက်ရှိသည်။ **(ယာပုံ)**



ကိုဗစ်- ၁၉ ကပ်ရောဂါကြောင့် အသွားအလာ ကန့်သတ်ချက်များရှိနေသည့် ကာလအတွင်း ရှေးဟောင်းသာသနိက အဆောက်အဦများ၊ ဘုရားပုထိုးများ ဖောက်ထွင်းမှုမဖြစ်စေရေးနှင့် ဒုစရိုက်မှုများ မဖြစ်ပွားစေရေး ရည်ရွယ်ကာ ညောင်ဦး မြို့မရဲစခန်းနှင့် ပုဂံနယ်မြေရဲစခန်းတို့မှ ရဲတပ်ဖွဲ့ဝင်များက အာနန္ဒာ၊ သဗ္ဗညု၊ လောကနန္ဒာ၊ ရွှေဆံတော် အစရှိသည့် ဘုရားပုထိုးများ၊ လမ်းဆုံလမ်းခွများ၊ ရပ်ကွက် ကျေးရွာများတွင် ညစဉ်ညတိုင်း မိမိတို့သက်ဆိုင်ရာ နယ်မြေအလိုက် လုံခြုံရေး ကင်းလှည့်ခြင်းကိုလည်းကောင်း၊ ပုဂံ-ညောင်ဦး ဧည့်လမ်းညွှန်များ အသင်းမှ တာဝန်သိပြည်သူများက ဘုရားပုထိုးများနှင့် ယဉ်ကျေးမှုအမွေအနှစ်နေရာများတွင် နေ့ဘက်ကင်းလှည့်ခြင်းများကိုလည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း ပုဂံနယ်မြေရဲစခန်းက သိရသည်။

**ဖေလိန်း(ပုဂံ)**

# တွံ့တေးမြို့နယ်မှ ရှေးဟောင်းစေတီ နှစ်ဆူ

မောင်သာ(ရှေးဟောင်းသုတေသန)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တွံ့တေးမြို့သည် တွံ့တေးတူးမြောင်းဘေးတွင် တည်ရှိကာ အိုးလုပ်ငန်းဖြင့် ထင်ရှားသော မြို့ဖြစ်သည်နှင့်အညီ ရန်ကုန်သို့ ရောက်ရှိလာကြသည့် ပြည်ပခရီးသွားများသည် တွံ့တေးမြို့သို့ သွားကာ အိုးလုပ်ငန်းများကို လေ့လာလေ့ရှိကြသည်။

တွံ့တေးသည် ရှေးအခါက မွန်လူမျိုးများ နေထိုင်ခဲ့သည့် ဒေသတစ်ခု ဖြစ်ခဲ့ကာ တွံ့တေးမြို့နယ် အနီးဝန်းကျင်မှ ဂဝံယဉ်ကျေးမှု အထောက်အထားများ၊ မြေမီးဖုတ်အုတ်ခွက်ဘုရားများ၊ ရုပ်တုဆင်းတုများ၊ စဉ့်ထည့် အပိုင်းအစများ၊ အဆင်တန်ဆာခြယ်ထားသည့် အိုးကွဲများကိုတွေ့ရှိခဲ့သဖြင့် ရှေးဟောင်းသုတေသနနှင့်သမိုင်းသုတေသီများသည် တွံ့တေးဒေသကို များစွာစိတ် ဝင်စားခဲ့ကြသည်။ ထို့အတူ ရှေးဟောင်းစေတီများသည် တွံ့တေးမြို့နယ်၌ ယခုတိုင် တည်ရှိနေကြရာ ယင်းတို့အနက် ရွှေဆံတော် စေတီ၊ မောင်းတီးစေတီနှင့် ရုပ်စုံစေတီသည် အထင်ရှားဆုံးဖြစ်ပေသည်။

## တွံ့တေးမြို့၏ သမိုင်းနောက်ခံ

တွံ့တေးမြို့သည် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်တွင်ပါဝင်ကာ ရန်ကုန်မြို့၏ အရှေ့တောင်ဘက်တွင် တည်ရှိ၍ ရန်ကုန်မြို့ တစ်ဖက်ကမ်း ဒလမြို့မှ မော်တော်ကားလမ်းအတိုင်း ၁၄ မိုင်ကွာဝေးသည်။ တွံ့တေးမြို့သို့ တွံ့တေး တူးမြောင်းအတိုင်း ရေလမ်းမှလည်း သွားရောက်နိုင်ကာ တွံ့တေးမြို့ သဘော်ဆိပ်သည် မိုင်တိုင်အမှတ် (၁၅)တွင် တည်ရှိသည်။

တွံ့တေးမြို့၏ တည်နေရာသည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၄ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၈ မိနစ်ဖြစ် သည်။၂၇၉ ဒသမ ၀၉ စတုရန်းမိုင်ကျယ်ဝန်းသည့် တွံ့တေးမြို့နယ်သည် ကြည့်မြင်တိုင်၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ ကော့မှူး၊ မအူပင်၊ ညောင်တုန်း၊ ထန်းတပင်၊ လှိုင်သာယာမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသည်။ တွံ့တေး၊ ဒလ၊ ကော့မှူးနှင့်ကွမ်းခြံကုန်း မြို့နယ်တို့တည်ရှိသည့် ၅၆၀ စတုရန်းမိုင်ကျယ်ဝန်းသော ကုန်းမြေကြီးကို ရန်ကုန်မြစ်၊ တိုးမြစ်၊ လှိုင်မြစ်နှင့်မုတ္တာမပင်လယ်အော်တို့က ဝန်းရံထားသည်။

ပြည်ထဲရေးဝန်ကြီးဌာန၏မှတ်တမ်းအရ လွန်ခဲ့သော နှစ် ၂၅၀၀ က သီဟိုဠ်ကျွန်းမှ ပြောင်းရွှေ့လာသူများ နေထိုင်သည့် ခပင်းသီဟိုဠ်ငယ်အမည်ရှိ ပင်လယ်ဆိပ်ကမ်းဒေသ၏ အနောက်ဘက် ခြောက်မိုင်၌ ကွမ်းဒေး(ကွာမ်ဒိုင်)ဟူသည့် အရပ်တစ်ခုရှိခဲ့သည်။ မွန်စကား ကွမ်းသည် ရွာဖြစ်၍ ဒေးသည် တောင်ကုန်းဖြစ်သဖြင့် ကွမ်းဒေးသည် တောင်ကုန်းရွာဟု ဆိုလိုပြီး ကာလရှည်ကြာလာချိန်တွင် ကွမ်းဒေးမှ တွံ့တေးဖြစ်လာခဲ့သည်ဟုဆိုသည်။

## ရွာသုံးရွာရှိခဲ့

မွန်ဘုရင်များ လက်ထက်တွင် တွံ့တေးဒေသသည် တွံ့တေးဒလဟု ထင်ရှားခဲ့ကာ တလဟုလည်း ခေါ်ဆိုခဲ့ကြသည်။ တွံ့တေးသည် ပေါက္ခရဝတီမြို့ကို စားခဲ့သည့် ဆူတွန်တေရ်မင်းသား၏အမည်မှ ဆင်းသက်လာသည်ဟုလည်း ယူဆချက်များရှိခဲ့သည်။ ရှေးအခါက တွံ့တေးမြို့အဝန်းအဝိုင်း၌ ရှမ်းစု၊ လက်ခုပ်ကွင်းနှင့်ညောင်တံခါးဟူသည့် ရွာသုံးရွာသာရှိခဲ့သည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် တွံ့တေးမြို့နယ်ရှိ ရှေးဟောင်းစဥ့်ဖိုသုံးဖို၊ ရွှေဆံတော်စေတီ၊ မောင်းတီးစေတီနှင့်ရုပ်စုံစေတီတို့ကို ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများဟု သတ်မှတ်ကာ ထိန်းသိမ်းစောင့်ရှောက်ထားသည်။ ယင်းတို့အနက် မောင်းတီးစေတီနှင့် ရုပ်စုံစေတီတို့သည် သုတေသီများအလွန်စိတ်ဝင်စားသည့် သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများဖြစ်ကြသည်။

ထို့အတူ တွံ့တေးမြို့ဝန်းကျင်ရှိ ခပင်း၊ လက်ခိုက်နှင့်တလမြို့ဟောင်းများသည် မွန်လူမျိုးများ တည်ထောင်ခဲ့သည့် မြို့များဟုယူဆရကာ တွံ့တေးတောကြီးတန်းအနီးမှ တော်ခရမ်း၊ တော်ကူး၊ တော်ကလူ၊ တော်လန်းအစရှိသည့် ကျေးရွာများသည်မွန်အမည် များဖြစ်ကြသကဲ့သို့ ယင်းဒေသရှိ ကော့မှူးမြို့နှင့် ကော့ဒွန်းရွာသည်လည်း မွန်အမည်များပင်ဖြစ်သည်။ တွံ့တေးဒေသမှ မြို့ဟောင်းများကို ကောင်းကင်မြေပုံများတွင်ကြည့်ရှုနိုင်ကာ မြေပြင်တွင်လည်း မြို့ရိုးအကြွင်းအကျန်များ ရှိနေသည်။



မောင်းတီးစေတီကို တွေ့မြင်ရစဉ်။

## သမိုင်းဝင် စေတီနှစ်ဆူ

ယဉ်ကျေးမှုဝန်ကြီးဌာနက ၁၉၉၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ယဉ်ကျေးမှု အမွေအနှစ်ဒေသ ၄၆ ခုကို ဇုန်နယ်မြေများ သတ်မှတ်ပြဋ္ဌာန်းခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စေတီ ၁၆ ဆူပါဝင်ခဲ့သည်။ ယင်းဇုန်နယ်မြေများတွင် တွံ့တေးမြို့နယ်မှ မောင်းတီးစေတီနှင့် ရွှေဆံတော်စေတီသည် ဆူးလေစေတီ၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်စေတီ၊ ရွှေဘုန်းပွင့်စေတီ၊ ကိုးထပ်ကြီးဘုရား၊ ကျိုက္ကလို့စေတီ၊ ရွှေတိဂုံစေတီ၊ ကျိုက်မှော်ဝန်းစေတီ၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကျိုက်ကလဲ့စေတီ၊ ကျိုက်ဝိုင်းစေတီ၊ ကျိုက္ကစံစေတီ၊ ကျိုက်ပါဒကြီးစေတီနှင့် ကျိုက်ခေါက်စေတီတို့နှင့်အတူ ပါဝင်ခဲ့သည်။

မောင်းတီးစေတီသည် တွံ့တေးမြို့နယ် စမ်းရွာတွင် တည်ရှိ၍ မောင်းတီးစေတီကို ပြန်လည်ပြုပြင်မွမ်းမံစဉ် ပုဂံဘုရင် အနော်ရထာပြုလုပ်ခဲ့သည့် အုတ်ခွက်ဘုရားများကို ရရှိခဲ့သည်။ အနော်ရထာမင်းပြုပြင်ခဲ့သည့် ရှေးဟောင်းစေတီဟုယူဆကြသည့်မောင်းတီးစေတီသည် ခပင်းမြို့ဟောင်းရာနှင့်ကပ်လျက် မြို့ဟောင်း၏ အနောက်တောင်ဘက် တစ်ဖာလုံအကွာတွင်တည်ရှိကာ စမ်းရွာသည် တွံ့တေးကော့မှူး မော်တော်ကားလမ်း၊ ကံဘဲ့လမ်းဆုံ အရှေ့ဘက် ခြမ်းတည်ရှိသည်။

မောင်းတီးစေတီသည် ရှေးမွန်များတည်ခဲ့သည့် ဂဝံစေတီတော် တစ်ဆူဖြစ်၍ လေးထောင့်အုတ်ခုံပေါ်တွင် ရှစ်မြှောင့်ပစ္စယာ ခံကာ စေတီကို တည်ထားသည်။ စေတီတော်၏ ဂဝံပစ္စယာသည် မူလအတိုင်း ကျန်ရှိနေကာ ပစ္စယာပေါ်တွင်တည်ထားသည့် စေတီတော်မှာမူ မူလလက်ရာမဟုတ်တော့ဘဲ ပြန်လည်တည်ဆောက်ကာ ရွှေချထားသည့် စေတီတော်ဖြစ်သည်။

မောင်းတီးစေတီမှ အနော်ရထာမင်း ပြုလုပ်ခဲ့ပြီး ကမ္ဗည်းစာသားပါရှိသော မြေမီးဖုတ်အုတ်ခွက်ဘုရား ၁၆၂ ခုကို တွေ့ရှိခဲ့သဖြင့် ပညာရှင်များက ယင်းစေတီကို ခရစ်တော်ပေါ်ပြီး ၁၁ ရာစု သို့မဟုတ် ယင်းထက်အနည်းငယ်စော၍ တည်ခဲ့ဟန်ရှိကြောင်း ယူဆခဲ့ကြသည်။

မောင်းတီးစေတီမှ တွေ့ရှိခဲ့သည့် အနော်ရထာမင်းအုတ်ခွက်ဘုရားများသည် သုတေသီအကြားတွင် အလွန်ထင်ရှားခဲ့ကာ ယင်းတို့သည် အလျား တစ်ပေ ငါးလက်မ၊ အမြင့် နှစ်ပေ ခုနစ်လက်မ၊ အထူ ခြောက်လက်မရှိသည့် ကြီးမားသော အုတ်ခွက်ကြီးများ ဖြစ်ကြပြီး မောင်းတီးစေတီတော်ပရိဝုဏ် အနောက်မြောက်ဘက်ရှိ အဆောက်အအုံတွင် ထိန်းသိမ်းပြသထားသည်။ ယင်းအုတ်ခွက် ဘုရားများနှင့်အတူ အလျား ၁၆ လက်မ၊အနံ ခြောက်လက်မနှင့် အထူ သုံးလက်မခွဲရှိသည့် မြေမီးဖုတ်အုတ်ခဲများ၊ဆင်းတုတော်အကျိုးများကို ထိန်းသိမ်းထားရှိသည်။

မောင်းတီးစေတီတော်၏ မူလဒါယကာသည် မောင်ဒီဖြစ်သဖြင့် မောင်ဒီစေတီဟု အမည်တွင်ခဲ့ရာမှ ကာလကြာမြင့်ချိန် တွင် မောင်းတီး စေတီတော်ဟု ထင်ရှားလာခဲ့ကြောင်း ယူဆခဲ့ကြသည်။ သမိုင်းမှတ်တမ်းအချို့တွင် ပုဂံဘုရင် အနော်ရထာ မြန်မာ သက္ကရာဇ် ၄၂၄ ခုနှစ်တွင် တွံ့တေးဒေသသို့ရောက်ရှိခဲ့ကာ တွံ့တေး ရွှေဆံတော်စေတီ ပြာသာဒ်ကို ရွှေချပေးခဲ့ပြီး ရှစ်မိုင်ကွာဝေးသော အရပ်၌ မိမိလက်ဖြင့် ပြုလုပ်သော အုတ်ခွက်ဘုရားများကို ဌာပနာခဲ့ကြောင်း ဖော်ပြသည်။

## ဖောင်းရစ်ငါးခုပါ စေတီ

မောင်းတီးစေတီ၏ အောက်ခြေ ဖိနပ်တော်သည် စတုရန်းပုံဖြစ်၍ အနားတစ်ဖက်လျှင် ၁၄၃ ပေစီ ရှည်လျားသည်။ စေတီပန္နက်၏ ထောင့် လေးနေရာတွင် စေတီငယ် တစ်ဆူစီရှိသည်။ ပန္နက်ပေါ်တွင် ရှစ်မြှောင့် ပစ္စယာ နှစ်ဆင့်ခံပြီး ယင်းအပေါ်တွင် အဝိုင်းပုံ ပစ္စယာလေးဆင့်ကို ပြုလုပ်ထားသည်။ ယင်းအပေါ်တွင် ဖောင်းရစ် ငါးခုပါရှိသည့် စေတီတော်ကို တည်ထားသည်။

မောင်းတီးစေတီတွင် မူလလက်ရာများဖြစ်သည့် အောက်ခံ လေးထောင့်ပလ္လင်ခုံ၊ ရှစ်မြှောင့် ပစ္စယာ နှစ်ဆင့်နှင့် ပစ္စယာ အဝိုင်းတို့ ကျန်ရှိနေသည်။ ရှစ်မြှောင့် ပစ္စယာပတ်လည်အနားများကို ထောင်လိုက်ကြည့်လျှင် ကလသာအိုးပုံ ပြုလုပ်ထားကြောင်း တွေ့ရှိရသည်။ ကလသာ အိုးများကို ပုဂံစေတီပုထိုးများတွင် တွေ့ရှိရလေ့ရှိသည်။

မောင်းတီးစေတီတော်တွင် အသုံးပြုထားသည့် ဂဝံ အုတ်များသည် အလျား ၁၈ လက်မ၊ အနံ ခြောက်လက်မနှင့် ထု လေး လက်မ အရွယ်ဖြစ်ကာ ၁၆ လက်မရှည်၍ ငါးလက်မ ထူသော ဂဝံအုတ်များကိုလည်း တွေ့ရှိရသည်။ စေတီတော် အောက်ခြေ ဖိနပ်တော်သည် ခြောက်ပေနှင့် ခြောက်လက်မမြင့်၍ ဂဝံ အုတ် ကိုးလွှာစီထားသည်။

အောက်ခံဖိနပ်တော်ပေါ်ရှိ ရှစ်မြှောင့် ပစ္စယာ နှစ်ခုအနက် ပထမပစ္စယာသည် ၅၂ ပေ ပတ်လည်ရှိ၍ ငါးပေ ရှစ်လက်မမြင့်ကာ ဂဝံအုတ် ၁၁ လွှာစီထားသည်။ ဒုတိယပစ္စယာကို ဂဝံအုတ် ၁၇ လွှာစီထားကာ ခြောက်ပေ ကိုးလက်မမြင့်သည်။ လေးထောင့်ပုံ ပစ္စယာနှစ်ဆင့်၏ အထက်တွင် အဝိုင်းပုံ ပစ္စယာလေးဆင့်ရှိရာ ပထမအဆင့်သည် သုံးပေ ရှစ်လက်မမြင့်၍ ပတ်လည် အနားသည် ၂၇၂ ပေဖြစ်သည်။ ဒုတိယအဆင့် အဝိုင်းပုံ ပစ္စယာသည် ခြောက်ပေခုနစ်လက်မမြင့်၍ ပတ်လည် အနားသည် ၂၅၁ ပေဖြစ်ကာ တတိယအဆင့် အဝိုင်းပုံ ပစ္စယာသည် နှစ်ပေ ခုနစ်လက်မမြင့်၍ ပတ်လည်အနားသည် ၂၁၂ ပေဖြစ်သည်။ စတုတ္ထအဆင့် အဝိုင်းပုံ ပစ္စယာမှာမူ သေးငယ်သွားပြီဖြစ်ပြီး တစ် ပေ ၁၁ လက်မမြင့်၍ ပတ်လည်အနားသည် ၁၉၅ ပေသာရှိသည်။

စတုတ္ထပစ္စယာအဝိုင်းပေါ်တွင် လက်ရှိစေတီတော်ကို တည်ထားပြီး ၁၉၇၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်တွင် လှုပ်ခဲ့သော ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ကာ ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့သည့် နာဂစ် မုန်တိုင်းဒဏ်ကြောင့်လည်း ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

## အုတ်ခွက် ဘုရားများ

မြန်မာနိုင်ငံ နေရာဒေသ အသီးသီး၌ ကျောက်၊ သစ်၊ အုတ်၊ အင်္ဂတေ၊ ရွှေ၊ ငွေ၊ ကြေး ၊ မံ ၊ ယွန်း စသည်ဖြင့် ထုလုပ်၊ သွန်း လုပ်၍ ရသည့် ဂုတ္တုပစ္စည်းများ ဖြင့်ပြုလုပ်ထားသည့် ဗုဒ္ဓ ရုပ်ပွားဆင်းတုတော်များကို မြင်တွေ့နိုင်သကဲ့သို့ မြေကို မီးဖုတ်ကာ ပြုလုပ်ထားသည့် အုတ်ခွက်ဘုရားများကိုလည်း ဖူးတွေ့ကြရပေသည်။

အုတ်ခွက်ဘုရားများကို မြန်မာနိုင်ငံမြောက်ပိုင်း ရွှေလီမြစ်ဆုံဒေသမှစ၍ မြန်မာနိုင်ငံတောင်ပိုင်း မြိတ်ဒေသနှင့် မြန်မာနိုင်ငံ အနောက်ဘက် ရခိုင်ဒေသအထိ တွေ့ရှိရသည်။ အုတ်ခွက်ဘုရားများကို အလွယ်တကူ ပြုလုပ်နိုင်ခဲ့ကြသဖြင့်ခေတ်အဆက်ဆက် ပြုလုပ်ခဲ့သည့် အုတ်ခွက်ဘုရားများကို မြန်မာနိုင်ငံ နေရာအနှံ့၌ တွေ့ရှိခဲ့ကြရပေသည်။

အုတ်ခွက်ဘုရားများသည် မြေ သို့မဟုတ် ရွှံ့ကို ပုံစံသွင်း၍ မီးဖုတ်ထားသော ဆင်းတုတော်များဖြစ်ကာ မြေပုံဘုရားဟုလည်း ခေါ်ဆိုသည်။ အုတ်ခွက်ဘုရားများကို သုတေသနတူးဖော်မှုများပြုလုပ်စဉ်၊ ဘုရားစေတီဟောင်းများကို ပြုပြင်စဉ်နှင့် လိုဏ်များတူးဖော်စဉ် တွေ့ရှိရသည်။ တစ်ခါတစ်ရံ၌အုတ်ခွက်ဘုရားများကို တစ်နေရာတည်းမှ အများအပြားရရှိနိုင်ပေရာ တကောင်း မြို့ဟောင်း ရွှေစည်းခုံဘုရားမှ အုတ်ခွက်ဘုရားအဟောင်းနှင့် အကျိုးများကိုလည်းငါးစီးတိုက်ခန့် ရရှိခဲ့သည်။

စာမျက်နှာ ၂၆ သို့

"ယဉ်ကျေးမှုဝန်ကြီးဌာနက ၁၉၉၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ယဉ်ကျေးမှု အမွေအနှစ်ဒေသ ၄၆ ခုကို ဇုန်နယ်မြေများ သတ်မှတ်ပြဋ္ဌာန်းခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စေတီ ၁၆ ဆူပါဝင်ခဲ့သည်။ ယင်းဇုန်နယ်မြေများတွင် တွံ့တေးမြို့နယ်မှ မောင်းတီးစေတီနှင့် ရွှေဆံတော် စေတီသည် ဆူးလေစေတီ၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်စေတီ၊ ရွှေဘုန်းပွင့်စေတီ၊ ကိုးထပ်ကြီးဘုရား၊ ကျိုက္ကလို့စေတီ၊ ရွှေတိဂုံစေတီ၊ ကျိုက်မှော်ဝန်းစေတီ၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကျိုက်ကလဲ့စေတီ၊ ကျိုက်ဝိုင်းစေတီ၊ ကျိုက္ကစံစေတီ၊ ကျိုက်ပါဒကြီးစေတီနှင့်ကျိုက်ခေါက်စေတီတို့နှင့်အတူ ပါဝင်ခဲ့သည်။"

# ဝါးခယ်မတွင် ကိုဗစ် ၁၉ ကာလအတွင်း ရေယာဉ်လိုင်းများ၌ ခရီးသည်လျော့နည်းပြီး ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှု အဓိကထားဆောင်ရွက်နေရ

**ဝါးခယ်မ မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ခုတ်မောင်းပြေးဆွဲလျက်ရှိသော ရေယာဉ်လိုင်းများတွင် ကိုဗစ် ၁၉ ကာလ ခရီးသည် စီးနင်းလိုက်ပါမှု လျော့နည်းလျက်ရှိကြောင်း သိရသည်။

"ခရီးသည် စီးနင်းလိုက်ပါမှုက ဒီရက်တွေထဲ နည်းသွားတယ်။ ကျွန်တော်တို့ ရေယာဉ်လိုင်းတွေမှာ ကျေးရွာက ဒေသထွက်ကုန်ပစ္စည်း တင်ပို့မှု၊ ခရီးသည် စီးနင်းမှု၊ ပြီးတော့ မြို့ကနေ ဈေးအဝယ် ကုန်ပစ္စည်း သယ်ယူပို့ဆောင်မှုတွေနဲ့ ရပ်တည်နေတာ။ အခုက ရေယာဉ်လိုင်း တော်တော်များများမှာ ကုန်ပစ္စည်း တင်ပို့မှုနဲ့ သယ်ယူပို့ဆောင်ပေးတာတွေကို အဓိကထားပြီး ဆက်လက် လုပ်ကိုင်နေတယ်။ ခရီးသည် စီးနင်းမှုလျော့သွားပေမယ့် ကုန်ပစ္စည်း တင်ပို့တာ၊ သယ်ယူပို့ဆောင်တာက ပိုလာတယ်။ ကျွန်တော့် ရေယာဉ်လိုင်းဆို ကျေးရွာက ဈေးအမှာတွေဖြစ်တဲ့ စားသောက်ကုန်ပစ္စည်းတွေ၊ အိမ်ဆောက်ပစ္စည်းတွေနဲ့ အခြားကုန်တွေ ကိုယ်တိုင် ဝယ်ယူပြီး ပို့ဆောင်ပေးတာမျိုး လုပ်ပေးပါတယ်"ဟု အောက်သက္ကယ်ကျေးရွာသို့ ခုတ်မောင်းပြေးဆွဲလျက်ရှိသည့် တက်နေဝင်း ရေယာဉ်လိုင်းမှ ဦးဇော်မင်းက ပြောသည်။

"မြို့နယ်မှာ ပြေးဆွဲနေတဲ့ ရေယာဉ်လိုင်း စုစုပေါင်း ၆၀ ကျော်ရှိတယ်။ ကိုဗစ် – ၁၉ ကြိုတင်ကာကွယ်ရေးအတွက် စနစ်တကျ လုပ်ဆောင်ကြဖို့ မှာထားပါတယ်။ ရေယာဉ်တွေကို ဆေးဖျန်းတာ၊ လိုက်ပါမယ့် ခရီးသည်တွေကို နှာခေါင်းစည်းတပ်ခိုင်းတာ၊ ခရီးသည်တွေ တစ်ဦးနဲ့တစ်ဦး နီးနီးကပ်ကပ်မရှိစေဖို့ ရေယာဉ်လိုင်း လုပ်ကိုင်သူတွေကို မှာထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ အနေနဲ့ သတ်မှတ်စည်းကမ်းတွေနဲ့ ညီညွတ်မှုရှိအောင် ကြီးကြပ်ဆောင်ရွက်ပေးပါတယ်"ဟု မြို့နယ် ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းက ပြောသည်။

**လွမ်းသီဟ (ပြန်/ဆက်)**



ဝါးခယ်မမြို့နယ်အတွင်းရှိ ရွာများသို့ ပြေးဆွဲနေသောရေယာဉ်များကို တွေ့ရစဉ်။

# ကလောမြို့နယ်၌ ကိုဗစ်-၁၉ ကာလ အိမ်အတွင်းစိုက်ပျိုးရန် မျိုးစေ့များအခမဲ့ဖြန့်ဝေ

**ကလော မေ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် လွယ်အံ ကျေးရွာအုပ်စု အင်းပြင်ကျေးရွာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကိုဗစ်–၁၉ ဖြစ်ပွားနေသည့် ကာလတွင် လူစုလူဝေးရှောင်ရှားရမည့်ကာလများဖြစ်သဖြင့်မီးဖိုချောင်သုံးစားပင်သီးပင်များအတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းဖြင့်လူဦးရေထူထပ်သည့်ဈေးများသို့ သွားရောက်ဝယ်ယူခြင်းကို လျှော့ချနိုင်ရေးအတွက် မေ ၁၀ ရက် နံနက် ၈ နာရီက ကိုဗစ်–၁၉ ကာလအတွင်း အိမ်အတွင်း စိုက်ပျိုးရန်မျိုးစေ့များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကလောမြို့နယ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သက်သက်အေးနှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် စာရေးများက လွယ်အံ့ကျေးရွာအုပ်စု အင်းပြင်ကျေးရွာတွင်နေထိုင်သည့် ပြည်သူများအား အိမ်တိုင်ရာရောက်သွားရောက်၍ စိုက်ပျိုးရေး အသိပညာပေးလက်ကမ်းစာစောင်နှင့် အိမ်အတွင်း စိုက်ပျိုးရန်မျိုးစေ့များဖြစ်သည့် သခွား၊ ငရုတ်ချို၊ မိုးထောင်ငရုတ်၊ ခရမ်းကဇော့ စိမ်း/ဖြူ၊ ရုံးပတီ၊



ကလောမြို့နယ် အင်းပြင်ရွာ၌ အိမ်အတွင်းစိုက်ပျိုးရန် မျိုးစေ့များ ပေးဝေစဉ်။

ချဉ်ပေါင်၊ ဟင်းနုနယ်၊ ပဲတိုင်ထောင်၊ ကြက်ဟင်းခါး၊ ဘူး၊ တိုင်လွတ်ပဲ၊ မုန်ညင်း၊ ဖရုံ၊ ပန်းမုန်လာ၊ ကိုက်လန် စသည်တို့ကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# ထန်ပါခွေမြို့၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်

**ထန်ပါခွေ မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ထန်ပါခွေမြို့၌ ကိုဗစ်–၁၉ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို မြို့အဝင်၊ အထွက်ဂိတ်၌ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုဗစ်–၁၉ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးအတွက် မြို့အတွင်းသို့ လာရောက်သည့် ရပ်ဝေး၊ ရပ်နီးခရီးသွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများကို ခရီးသွားရာဇဝင်မှတ်တမ်းများမေးမြန်းခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်ဆေးခိုင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ထန်ပါခွေမြို့ ရဲတပ်ဖွဲ့မှ စခန်းမှူး ရဲအုပ် ရဲမြင့်က ပြောကြားသည်။

အဆိုပါ ကိုဗစ်–၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟန်ထွန်း(အင်း၀)**



ထန်ပါခွေမြို့၌ ကိုဗစ်–၁၉ ကာကွယ်ရေးအတွက် အပူချိန်တိုင်းစစ်ဆေးစဉ်။

## ဖရူဆိုမြို့နယ်၌ ရေရှားပါးသည့် ကျေးရွာများသို့ သောက်သုံးရေများ လှူဒါန်း

**ဖရူဆို မေ ၁၁**

ကယားပြည်နယ် ဖရူဆိုမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ နွေရာသီသောက်သုံးရေ အခက်အခဲဖြစ်ပေါ်လျက်ရှိသော ရပ်ကွက်/ကျေးရွာများသို့ သောက်သုံးရေများ သွားရောက်လှူဒါန်းပေးလျက်ရှိရာ ယမန်နေ့က ဒိုးပရယ်ကျေးရွာအုပ်စု ဝယ်သူတော်ကျေးရွာမှ အိမ်ခြေ ၁၄ အိမ်အတွက် ရေဂါလန် ၁၄၀၀ နှင့် မာခရော်ရှေ့ ကျေးရွာအုပ်စု ခိုးရားခူကျေးရွာမှ အိမ်ခြေ ၃၃ အိမ်အတွက် ရေဂါလန် ၁၄၀၀ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**စာမျက်နှာ ၂၅ မှ**

အုတ်ခွက်ဘုရားများကို ပျူခေတ်တွင်အစောဆုံးတွေ့ရှိရကာ ပုဂံခေတ်တွင်လည်း အများအပြား ပြုလုပ်ခဲ့ကြသည်။ ပုဂံ အုတ်ခွက်ဘုရားများတွင် အနိရုဒ္ဓဒေဝ(အနော်ရထာမင်းကြီး) ပြုလုပ်ခဲ့ကြောင်း ကမ္ပည်းစာများပါသော အုတ်ခွက်များသည် အထူး ထင်ရှားကာ စာပေ၊ယဉ်ကျေးမှု နှင့်ရှေးဟောင်း သုတေသန တန်ဖိုးကြီးမြင့်သည့် အမွေအနှစ်များဖြစ်လာခဲ့သည်။

မောင်းတီးစေတီမှ မြေမီးဖုတ်အုတ်ခွက်ဘုရား ၁၆၂ ခုကို တွေ့ရှိခဲ့ရာ မူလက စေတီတော် ပစ္စယာ နှစ်ဆင့်၏ အထက်တွင် စေတီပတ်လည်၌ ထောင်လိုက်ကပ်ထားခဲ့ဟန်ရှိသည်။ ယင်းတို့သည် အကြောင်းအမျိုးမျိုးကြောင့် ကွာကျပျက်စီးခဲ့မည်ဟု ခန့်မှန်း ရပေသည်။ မောင်းတီးစေတီကို မည်သည့်အချိန်က တည်ခဲ့ကြောင်း တိကျသောမှတ်တမ်း မတွေ့ရှိသေးသော်လည်း အနော်ရထာမင်း နန်းမတက်မီ ကာလအတန်ကြာကပင် တည်ခဲ့ဟန်ရှိကြောင်း သုံးသပ်ကြသည်။ အနော်ရထာမင်းသည် တွံတေးဒေသသို့ ရောက်ရှိစဉ် ပျက်စီးနေဟန်ရှိသည့် မောင်းတီးစေတီကို ပြုပြင်၍ အုတ်ခွက်ဘုရားများ လှူဒါန်းခဲ့သည်။

မောင်းတီးစေတီ မှ ရရှိခဲ့သည့် အုတ်ခွက်ဘုရားများသည် ကြီးမားသော အုတ်ခွက်ကြီးများ ဖြစ်ကြပြီး ယင်းတို့ကို မောင်းတီးစေတီတော်ပရိဝုဏ် အနောက်မြောက်ဘက်ရှိ အဆောက်အအုံတွင် ထိန်းသိမ်းထားသည်။ အုတ်ခွက်ဘုရားများနှင့်အတူ အလျား ၁၆ လက်မ၊ အနံ ခြောက်လက်မနှင့် အထူ သုံးလက်မခွဲရှိသည့် မြေမီးဖုတ်အုတ်ခဲများ၊ ဆင်းတုတော် အကျိုးများကိုလည်း ထိန်းသိမ်းထားသည်။ ယင်းတို့အနက် ကျိုးနေသည့် မြေမီးဖုတ် ဘုရားဦးခေါင်းတော်သည် ထိုင်းနိုင်ငံ ပရပထုံတွင် တွေ့ရှိခဲ့သည့် ဦးခေါင်းတော်နှင့် ဆင်တူသဖြင့် ရှေးဟောင်း သုတေသနပညာပါမောက္ခ ဒေါက်တာ မောင်မောင်လွင်က အေဒီ ခြောက်ရာစု သို့မဟုတ် ခုနစ်ရာစု လက်ရာဖြစ်နိုင်ကြောင်း ခန့်မှန်းခဲ့သည်။

### ရုပ်စုံစေတီ

တွံတေးမြို့နယ်အတွင်းရှိ ရှေးဟောင်းစေတီတော်တစ်ဆူဖြစ်သည့် ရုပ်စုံစေတီသည် တွံတေးမြို့၊ ကျွန်းတောရပ်ကွက်၊ ၅ လမ်းရှိဘုရားကုန်းပေါ်တွင် တည်ရှိသည်။ ရုပ်စုံစေတီသည်လည်း ဂဝံစေတီ ဖြစ်ခဲ့ဟန်ရှိကာ စေတီတော် အောက်ခြေပတ်လည်တွင် မြေမီးဖုတ်ရုပ် ကြွ များကို ကပ်ထားခဲ့ရာ ယခုအချိန်တွင် ၂၉ ခုကျန်ရှိသဖြင့် ယင်းတို့ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းထားသည်။

ရုပ်စုံစေတီကို တွံတေးကုန်းရိုးတန်းဒေသတွင် တည်ထားခဲ့ကာ လက်ရှိ ဖူးတွေ့နေရသည့် ရုပ်စုံစေတီတွင် ခေတ်ဟောင်းနှင့် ခေတ်သစ်လက်ရာ နှစ်မျိုးကို မြင်တွေ့နေရသည်။ခေတ်ဟောင်းလက်ရာဖြစ်သည့် စေတီ၏ မူလဖိနပ်တော်သည် ၁၅ ပေခန့် ကျန်ရှိနေသေးသော်လည်းဗိသုကာ လက်ရာများကိုမူ အပြည့်အစုံ မမြင်တွေ့ရတော့ပါချေ။

စေတီတော်တည်ရာတွင် အသုံးပြုခဲ့သည် ဂဝံအုတ်များသည် အလျား ၂၂ လက်မရှိ၍ ခြောက်လက်မခန့် ထူကာ မြေအုတ်များသည် အလျား တစ်ပေ၊ အနံ ရှစ်လက်မနှင့် အထူ နှစ်လက်မ သို့ မဟုတ် သုံးလက်မ ရှိသည်။

စေတီတော်၏ ကျန်ရှိနေသည့် အစိတ်အပိုင်းများကို သုံးသပ်ကြည့်လျှင် မူလစေတီသည် ပစ္စယာသုံးဆင့် ရှိနိုင်ခဲ့ကြောင်း ခန့်မှန်းကြရပေသည်။စေတီကို ဂဝံအုတ်နှင့် မြေမီးဖုတ် အုတ်များဖြင့် တည်ဆောက်ခဲ့ကာ စေတီ၏ မူလအုတ်ခုံသည် ၃၅ ပေ ပတ် လည် စတုရန်းပုံဖြစ်သည်။

စေတီ အောက်ခံပန္နက်ပေါ်ရှိ သုံးပေမြင့်သော လေးထောင့်ပုံ ဖိနပ်ပေါ်တွင် အုတ်အင်္ဂတေ ဖြင့်တည်ဆောက်ထားသည့် လက်ရှိ စေတီကို ၁၉၉၂ ခုနှစ်တွင် တည်ဆောက်ပြီးစီး ခဲ့ပြီး ရုပ်စုံစေတီ ဘုရားပွဲတော်ကို နှစ်စဉ် ပြာသိုလပြည့်တွင် ကျင်းပလေ့ရှိသည်။ မူလရုပ်စုံစေတီ၏ ဖိနပ်ခုံပတ်လည်တွင် မြေမီးဖုတ် ရုပ်ကြွများကို ကပ်ထားခဲ့ရာ မြောက်ဘက်တွင် ၂၁ ချပ်နှင့် တောင်ဘက်တွင် ရှစ်ချပ်ကျန်ရှိခဲ့သည်။ယင်းတို့သည် ၁၀ လက်မ ပတ်လည် ရှိပြီး ရုပ်ပုံများသည် ပျက်စီးနေကြပြီဖြစ်ကာ ဟင်္သာ၊ ဆင်၊ ဘီလူးခေါင်း၊မြင်း၊ လူ၊ လူနှင့်ဆင်၊ သစ်ပင်တက်နေသည့် လူ၊ မြင်စီးနေသောလူ၊ ကြာပွင့်ပုံများစသည်ဖြင့် မှန်းဆနိုင်ခဲ့သည်။ ယင်းရုပ်ကြွများသည် ဗုဒ္ဓ၏ ဇာတ်နိပါတ်တော်များနှင့် မသက်ဆိုင်သဖြင့် စေတီတော်ကို အလှဆင်ရန် ပြုလုပ်ခဲ့ခြင်းပေလောဟု သုံးသပ်ရပေသည်။ တစ်ချိန်က ဂဝံယဉ်ကျေးမှု ထွန်းကားခဲ့သည့် တွံတေးဒေသသည် ရှေးဟောင်းစေတီတော် နှစ်ဆူနှင့်အတူ သမိုင်းနှင့် ရှေးဟောင်းသုတေသန ပညာ သုတေသီများ အထူးစိတ်ဝင်စားသည့် နေရာဒေသတစ်ခုဖြစ်လာခဲ့သည်။ ထို့ကြောင့် တွံတေးဒေသတွင်းရှိ မြို့ဟောင်းများကို တူးဖော်သုတေသန ပြုနိုင်မည်ဆိုပါက ခိုင်မာသော သမိုင်းအထောက်အထားများနှင့် ဂဝံယဉ်ကျေးမှုသက်သေများကို ပိုမို ဖော်ထုတ်လာနိုင်မည်ဖြစ်ပေသည်။ ။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အငှားဂရန်အင်းများ အားလုံးအား ၂၀၂၀-၂၀၂၁ခုနှစ်၊ အင်းရာသီလုပ်ကိုင်ခွင့်အတွက် ခရိုင်/မြို့နယ်များအလိုက် အိတ်ဖွင့်တင်ဒါရောင်းချခြင်းကို ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ရေလုပ်ငန်းလုပ်ကိုင်သူမည်သူမဆို အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များကို တင်ဒါဆွဲဝယ်ခွင့်လျှောက်လွှာနှင့်အတူ ပူးတွဲထုတ်ပေးပါမည်။

| | |
|---|---|
| တင်ဒါဆွဲဝယ်ခွင့်လျှောက်လွှာထုတ်ပေးမည့်ရက် | - ၁၂-၅-၂၀၂၀ရက်မှ ၁၁-၆-၂၀၂၀ရက်ထိ |
| တင်ဒါပိတ်မည့်ရက် | - ၁၂-၆-၂၀၂၀ရက် ညနေ ၄:၃၀နာရီ |
| တင်ဒါတင်သွင်းရမည့်နေရာ | - သက်ဆိုင်ရာခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးများ |

သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

အသေးစိတ်သိရှိလိုပါက-

| | |
|---|---|
| ၁။ မန္တလေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန | - ၀၉-၂၀၀၀၄၄၂၊ ၀၉-၇၉၈၈၈၂၄၁၆ |
| ၂။ မန္တလေးခရိုင်ငါးလုပ်ငန်းဦးစီးဌာန | - ၀၉-၄၃၁၉၇၉၂၇ |
| ၃။ ကျောက်ဆည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန | - ၀၉-၄၄၄၀၀၁၀၂၃ |
| ၄။ မြင်းခြံခရိုင်ငါးလုပ်ငန်းဦးစီးဌာန | - ၀၉-၅၀၃၆၆၇၁၊ ၀၉-၇၈၃၁၂၄၅၇၉ |
| ၅။ ပြင်ဦးလွင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန | - ၀၉-၂၄၀၀၃၀၀၊ ၀၉-၇၉၂၄၀၀၃၀၀ |
| ၆။ မတ္တရာမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန | - ၀၉-၂၅၆၀၃၄၂၈၆၊ ၀၉-၇၉၇၇၄၄၄၃၁ |
| ၇။ စဉ့်ကူးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန | - ၀၉-၄၀၂၅၀၉၉၁၄၊ ၀၉-၇၈၉၆၄၁၇၂၁ |
| ၈။ ငါန်းဇွန်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန | - ၀၉-၅၀၃၆၆၇၁ |
| ၉။ ညောင်ဦးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန | - ၀၉-၇၆၀၅၅၉၉၁၆၊ ၀၉-၄၅၁၉၃၅၃၃၅ |

တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ ရွှေနံ့သာရပ်ကွက်၊ မြေဧရိယာ(၀ဒသမ၀၈၂)ဧက၊ မြေကွက်အမှတ်(ဥ-၁၄၇)၊ ဦးသန်းဇော်ဦး ၉/ပမန(နိုင်)၁၆၃၃၁၀ (ဘ) ဦးကိုကြီး အမည်ပေါက် ပါမစ်မြေကွက်ကို ဦးမင်းထွေး ၉/ပမန(နိုင်)၁၃၇၈၈၆ (ဘ) ဦးကျော်မြမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ခင်မေငွေး ၁၁/စတန(နိုင်)၀၇၂၃၃၆နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ အမှုသည်များဖြစ်ကြသော စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ သာဇံလှလမ်း၊ အမှတ် (သ၈-၁၃)နေ ဒေါ်နုနုငွေး ၁၁/မဥန(နိုင်)၀၀၄၀၈၅ စစ်တွေမြို့၊ မင်းဂံရပ်ကွက်၊ စစ်မှုထမ်းအိမ်ရာ၊ အမှတ် ၈၄ နေ ဒေါ်သိန်းနု ၁၁/မပန(နိုင်)၀၀၉၈၂၃နှင့် စစ်တွေမြို့၊ မင်းဂံရပ်ကွက်၊ အကွက်(၂)၊ စစ်မှုထမ်းအိမ်ရာ အမှတ်(၈၁)နေ ဒေါ်မလှဖြူ ၁၁/မပန(နိုင်)၀၅၂၄၅၈ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

စစ်တွေမြို့၊ မင်းဂံရပ်ကွက်၊ ဘုမေမြောက်ကွက်၊ ကွင်းအမှတ် (၅၅၇-က)၊ မင်းဂံအကွက်(၃)၊ မြေကွက်အမှတ်(၃က/၉)၊ မြေချိန်ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ မြေကွက်အနက်မှ အလျား(၆၀)ပေXအနံ(၁၄)ပေရှိသော အိမ်ရာမြေကွက်၏ အကျိုးခံစားခွင့်နှင့် ယင်းမြေကွက်ပေါ် ဆောက်လုပ်ထားသော(၃)ဆင့်တိုက်အိမ်တို့အား ဒေါ်ခင်မေငွေးထံမှ ဒေါ်နုနုငွေး၊ ဒေါ်သိန်းနုနှင့် ဒေါ်မလှဖြူတို့က ငွေကျပ် ၁၂၀၀၀၀၀၀၀/-(ကျပ်သိန်းတစ်ထောင့်နှစ်ရာတိတိ)ဖြင့် ၁၀-၄-၂၀၂၀ ရက်တွင် **အိမ်ရာမြေအကျိုးခံစားခွင့်နှင့် နေအိမ်အဆောက်အအုံအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်** ပြုလုပ်ချုပ်ဆိုကာ ဝယ်ယူခဲ့ပါသည်။

ယင်းသို့ အိမ်ရာမြေကွက် အကျိုးခံစားခွင့်နှင့်နေအိမ် ဒေါ်နုနုငွေး၊ ဒေါ်သိန်းနုနှင့် ဒေါ်မလှဖြူတို့ သုံးဦးက ဒေါ်ခင်မေငွေးထံမှ အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါ၍ အထက်ပါ မြေနှင့်နေအိမ်တို့မှာ ဒေါ်နုနုငွေး၊ ဒေါ်သိန်းနုနှင့် ဒေါ်မလှဖြူတို့သုံးဦးကသာ ပိုင်ဆိုင်ခွင့် ရှိကြောင်းနှင့် အခြားမည်သူတစ်ဦးတစ်ယောက်မှ ပိုင်ဆိုင်ခွင့်မရှိတော့ပါ။ ကျွန်ုပ်တို့ အမှုသည်များအနေဖြင့် အထက်ပါ မြေနှင့်နေအိမ်ကို သက်ဆိုင်ရာ အစိုးရဌာနများတွင် ၎င်းတို့၏အမည်ပေါက်ရေးအတွက် ဆက်လက်ဆောင်ရွက်နေပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့အမှုသည်များ၏ သဘောတူခွင့်ပြုချက်မရဘဲ ဒေါ်ခင်မေငွေးအနေဖြင့် အခြားသူများအား တစ်နည်းနည်းဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံထားခြင်း၊ လွှဲပြောင်းပေးကမ်းခြင်းများ မပြုလုပ်ပါရန် ဒေါ်ခင်မေငွေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်ကျော်အောင် (LL.B)** | **ဦးခိုင်သန့်ဇင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(၁၀၂၂၈/၂၇-၁-၂၀၁၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၁၅၀၆/ ၃၁-၃-၂၀၂၀)** |
| **မကမ(၂)၊ ကျောင်းကြီးလမ်း၊ အကွက်(၁)** | **ရွှေပြားရပ်ကွက်၊ အလယ်လမ်း၊ စစ်တွေမြို့** |
| **မကျဉ်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့** | **ဖုန်း-၀၉-၂၆၃၀၁၂၆၂၇** |
| **ဖုန်း-၀၉-၄၂၁၇၁၂၁၄၅၊** | |

## ဇနီးအဖြစ်မှ မသက်ဆိုင်တော့ကြောင်း

ကျွန်တော် ဦးကျော်ဇင်ဝင့် ၉/မဟမ(နိုင်)၀၂၄၁၂၇ ၏ဇနီးဖြစ်သူ ဒေါ်ငြိမ်းအိဝေ ၈/နမန(နိုင်)၁၈၀၆၂၉ သည် ကျွန်တော့်အား ဂုဏ်သိက္ခာကျဆင်းညှိုးနွမ်းအောင်၊ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သွားပါသဖြင့် ဇနီးအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း၊ အရှုပ်အရှင်းများကို လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်ဇင်ဝင့် ၉/မဟမ(နိုင်)၀၂၄၁၂၇**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ မှတ်တိုင်ရွာနေ ဦးအေးချို-ဒေါ်ကြည်ငွေး တို့၏သား မောင်မျိုးမင်းအောင် (ခ) ဖိုးခွား ၇/ပတတ(နိုင်)၁၀၅၆၂၅ သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ အကြောင်းအမျိုးမျိုးဖြင့် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**ဦးအေးချို-ဒေါ်ကြည်ငွေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ပစ္စည်းဝယ်ယူရေး တင်ဒါကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ လုပ်ငန်းတာဝန်ခံအဖွဲ့များတွင် အသုံးပြုရန်အတွက် Generator၊ ယာဉ်/ယန္တရား၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရန်ခေါ်ယူခဲ့သည့် တင်ဒါများကို ယာယီဆိုင်းငံ့ထားရှိကြောင်း ၂၇-၃-၂၀၂၀ ရက်တွင် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတို့တွင် ကြော်ငြာခဲ့ပါသည်။ အဆိုပါ ယာယီဆိုင်းငံ့ထားခဲ့သည့် အိတ်ဖွင့်တင်ဒါများကို ၁၉-၅-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်၊ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၊ ဓာတ်ရောင်ခြည်ကင်ဆာဌာနရှိ Linear Accelerator Machine (Clina IX-Varian) SN:H295988 အား(Preventive Maintenance) ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် | - ၁၁-၅-၂၀၂၀ရက် |
| တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန် | - ၂၂-၅-၂၀၂၀ရက်ညနေ ၄နာရီ |

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အထွေထွေရောဂါကုဆေးရုံကြီး**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ ရွှေဥဒေါင်း ၂ လမ်း၊ မြေကွက်အမှတ် ၆၈၄၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ) ရှိ ဒေါ်စန်းစန်း ၁၂/သဃက(နိုင်)၁၂၈၈၅၂ (AF -၀၂၁၁၅၆ ) အမည်ပေါက်နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမင်းလွင် ၁၂/ဥကမ(နိုင်)၁၅၈၀၄၃ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံတွင် စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးထွန်းလင်းအောင်( LL.B, D.B.L, D.I.L, D.M.L)** | **ဒေါ်ဖြူဖြူခိုင်(LL.B, D.B.L, D.M.L)** |
| **(စဉ် - ၈၃၀၆/၂၀၁၂)** | **(စဉ်-၇၄၃၄/၂၀၀၇)** |

**ဒေါ်ငြိမ်းချမ်းစုရည်(LL.B, D.B.L, D.I.L, D.M.L)**
**(စဉ်-၁၆၀၀၂/၂၀၁၉)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## Steel King Co.,Ltdနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ ကျောက်စိမ်း(၂)လမ်း၊ အဆောင်(၆၂)၊ အခန်း(၁၀)နေ မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦး ၁၂/တမန(နိုင်)၀၉၉၆၂၂ (မိုးကြီးအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးသည် သာကေတမြို့နယ်၊ ရောဝဏ်လမ်း၊ အမှတ်(296-B)နေ Steel King Co.,Ltd မှ ဆောက်လုပ်ရေးပစ္စည်း (သံချောင်း)များ အကြိမ်ကြိမ်ဝယ်ယူထားခဲ့ရာ သံချောင်းဖိုးငွေအချို့ကို ပေးသွင်းထားပြီးဖြစ်၍ ကျန်ငွေ ၅၀,၀၀၀,၀၀၀/-ကျန်ရှိနေပါသည်။ ယခုအချိန်တွင် မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦး (မိုးကြီးအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)သည် Steel King Co.,Ltd သို့ ပေးရန်ရှိသော ကုန်ဖိုးကြွေးကျန်ငွေများကိုပေးဆပ်နိုင်ခြင်းမရှိသေးသည့်အတွက် ၎င်းကုမ္ပဏီနှင့်နှစ်ဖက်ညှိနှိုင်း၍ လိုအပ်သောစာချုပ်စာတမ်းများ ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါသည်။ မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးမှ Steel King Co.,Ltd သို့ ပေးဆပ်ရန်ရှိသောငွေများမှာ မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးနှင့်သာသက်ဆိုင်မှုရှိပြီး အခြားကုမ္ပဏီအဖွဲ့အစည်း လူပုဂ္ဂိုလ်များနှင့် သက်ဆိုင်ပတ်သက်မှု မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြတ်မင်းထိုက်**
**အထက်တန်းရှေ့နေ(စဉ်-၅၀၃၄၄)**
**ဖုန်း-၀၉-၂၆၄၂၂၆၀၆၉**
**အမှတ်(၈၇၆)၊ ရော(၁၅)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**

## အမွေပြတ်စွန့်လွှတ်ခြင်း

လယ်ဝေးမြို့နယ်၊ ကြို့ကုန်းအုပ်စု၊ ခြောက်မိုင်ရွာနေ (ဦးမောင်)-ဒေါ်ပျို တို့၏သား ကိုငယ်(ခ)ကိုစန်းရွှင်သည် မိခင်ကြီးအား အိမ်တွင်မနေရဲသည်အထိ ဒုက္ခပေးနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။

**မိခင် - ဒေါ်ပျို ၉/လဝန(နိုင်)၀၄၇၉၇၉**

## အမွေပြတ်စွန့်လွှတ်ခြင်း

လယ်ဝေးမြို့နယ်၊ ကြို့ကုန်းအုပ်စု၊ ခြောက်မိုင်ရွာနေ ဦးမြင့်ရွှေ-(ဒေါ်ရွှေရည်) တို့၏သား မောင်ပြည့်ဖြိုးဦးသည် ဖခင်အား အသက်အန္တရာယ်ပြုနေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စများသည် ဖခင်ဖြစ်သူနှင့် မည်သို့မျှမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဖခင်-ဦးမြင့်ရွှေ**

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၁၈ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၂၄

| | | |
|---|---|---|
| ဦးညို | နှင့် | ၁။ ဦးမြင့်ဇော်<br>၂။ ဒေါ်ညို<br>၃။ ဦးသိန်းအောင်<br>၄။ ဦးစိုးပိုင်<br>၅။ ဒေါ်အေးအေးခိုင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

မန္တလေးခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၂၃၆/၂၀၁၇အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၃ ရက် နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ (ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။)

**ပစ္စည်းစာရင်း**

၁။ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ်(၈၄၂)တွင် တည်ရှိသော ဦးပိုင်အမှတ်(၁၁၅)၊ ဧရိယာ(၀ဒသမ၀၁၇၉)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်အိမ်၊ အကျိုးခံစားခွင့်အရပ်ရပ်၊

**လေလံကြမ်းခင်းဈေး ကျပ်သိန်း(၁၂၀၀)**

၂။ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ်(၈၃၉)တွင်တည်ရှိသော ဦးပိုင်အမှတ်(၅၁)၊ မြောက်ဘက်ခြမ်း (၁၅)ပေ x (၂၈)ပေ မြေယာနှင့်အဆောက်အအုံ

**လေလံကြမ်းခင်းဈေး ကျပ်သိန်း(၃၅၀)**

**လေလံတင်ရောင်းချမည့်စည်းကမ်းများ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစုံတရာပေါ်ပေါက်ပါကတရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်မဟုတ်ကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကိုရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကိုတင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၂၀ပြည့်နှစ် မေလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ကျော်ကျော်မိုး)**
**ဒုတိယခရိုင်တရားသူကြီး(၉)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-၄)၊ ဦးပိုင်အမှတ်(၅၁-ဆ)၊ ဧရိယာ(၁ဒသမ၀၀)ဧကရှိ ဂရန်မြေကွက်အား မြေအငှားဂရန်သက်တမ်းတိုး လျှောက်ထားနိုင်ရေးအတွက် ဒေါ်လှလှသိန်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ကန့်ကွက် လိုသူရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါ သည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လှလှသိန်း ၁၀/သထန(နိုင်) ၀၁၂၃၈၄**
**ဖုန်း-၀၉-၂၅၆၁၁၄၃၃၂**

## ပျောက်ဆုံးကြောင်း

TELENOR Myanmar LTD ၏ သွင်းကုန်ကြေညာလွှာ ID No-10004911 0710 သည် ၂၆-၃-၂၀၂၀ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် ကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၇၉၅၃၄၂၉၈၂**

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၉)ရပ်ကွက်နေ မောင်စည်သူဟိန်းနှင့် မောင်ဉာဏ်မြင့်ဟိန်း ၁၂/ဒဂရ(နိုင်) ၀၀၆၄၁၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးဝဏ္ဏငွေး၏သမီး တာချီလိတ်မြို့၊ ဆန်ဆိုင်း(အထက) အဌမတန်း (D)မှ မအေးသီရိစံ ၁၃/တခလ(နိုင်)၁၁၃၁၄၅ အား မအလင်္ကာမေ ဟုပြောင်းလဲခေါ်ပါရန်။

## ကျေးဇူးဆပ်ပါမည်

စိုးလင်းနိုင်-၃ FMD/0001/14 အမည်ရှိ ငါးဖမ်းလှေ၏ ခရိုင်ဂရန်နှင့် LSA မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၀၁၂၈၀၂၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ခင်မောင်အေး ၉/အမရ(နိုင်) ၁၁၆၄၂၆၏ သင်္ဘောသားစာအုပ်-ရန်-၉၉၉၅/၁၆ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၇၇၉၇၇၇၁**

## ကျေးဇူးဆပ်ပါမည်

ဖြိုးကျော်ကျော်-၉ ON-6069 (A) အမည်ရှိ ငါးဖမ်းလှေ၏ ဂရန်နှင့် LSA မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၀၁၂၈၀၂၈၊ ၀၉-၄၂၈၇၆၀၇၉၉**

## အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ မြို့ကွက်သစ်အပိုင်း(က)၊ ဦးပိုင် အမှတ်(၁၀၀)၊ အကျယ်အဝန်း(၀ဒသမ၀၅၅)ဧကရှိ မြေကွက်နှင့်ပတ်သက်၍ (၉-၂-၂၀၂၀)ရက်စွဲပါ ကြေးမုံသတင်းစာပါ အများသိစေရန် ကြော်ငြာအားပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

အထက်ပါမြေကွက်နှင့်ပတ်သက်၍ ဒေါ်စောယုချမ်း ၁၂/လမတ(နိုင်)၀၂၆၈၄၄ သည် မူလပိုင်ရှင် ဒေါ်နန်းယွန်း ၁၃/တခလ(နိုင်)၀၃၀၁၄၆ ထံမှ (၂၉-၁-၂၀၁၉) ရက်စွဲဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာရယူပြီး (၃၁-၁-၂၀၁၉)ရက်စွဲဖြင့် နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်ပြုလုပ်၍ ဝယ်ယူထားပြီး ဒေါ်နန်းယွန်းအမည်ပေါက် မြေပေးမိန့်၊ မြေစာရင်းပုံစံ(၁၀၅)၊ ပုံစံ(၁၀၆)မူရင်းများနှင့်တကွ ယခုလက်ရှိအချိန်ထိ လက်ရောက်ရရှိထားပြီးဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးမျိုးမင်းသိန်း(LL.B)အထက်တန်းရှေ့နေ**
**စဉ်-၃၁၅၈၃/၄-၈-၂၀၀၉၊ အမှတ်(၉/၁၀၂)၊ ရတနာလမ်းသွယ်(၄)လမ်း**
**ဖုန်း-၀၉-၄၂၀၀၁၇၇၁၉၊ ၀၉-၄၅၇၂၂၃၂၃၂**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## အမည်ပြောင်း

ဦးဝဏ္ဏငွေး ၏သား တာချီလိတ်မြို့၊ ဆန်ဆိုင်း (အထက) ဒုတိယတန်း(A)မှ မောင်ရှိုင်းဝဏ္ဏငွေးအား မောင်မင်းသုတကို ဟုပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ ငွေဆောင်မြို့၊ အမှတ်(၄) ရပ်ကွက်၊ အကွက်အမှတ်(၁၉၈၃-ပြင်)၊ ရှောက်ချောင်းပြင်၊ ဦးပိုင်အမှတ်(၃၆၊ ဧရိယာ ၀ဒသမ ၀၇၄ ဧကရှိ မြေနှင့်ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့၊ အမှတ်(၄) ရပ်ကွက်၊ အကွက်အမှတ်(၁၉၈၃-ပြင်)၊ ရှောက်ချောင်းပြင်၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ ၀ဒသမ၈၅ ဧကရှိ မြေတို့ကို ဦးလှိုင်မွန်မှ မြေငှားဂရန် (အသစ်) လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊မြေကွက်အမှတ်(၉၄၀)၊မြေကွက်တည်နေရာအမှတ်(၉၄၀)၊ (၈၂)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ဦးထွန်းမြင့် (၁၂/သကတ(နိုင်)၀၁၅၇၇၉၀)+ဒေါ်နွယ်နွယ်ပါ(၁၂/တမန(နိုင်)၀၃၈၆၂၄)မြေအားနှစ်(၆၀)ဂရန်မြေအမည်ပေါက် ဦးထွန်းမြင့်+ဒေါ်နွယ်နွယ်ပါကိုယ်တိုင်မှ နှစ်(၆၀)ဂရန်မူရင်းတင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းဖြစ်ပါသည်။မြေစာရင်းတွင် ဦးထွန်းမြင့်+၁မှ မြေကွက်ခွဲ+စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားမှုရှိပါသဖြင့် ရှင်းလင်းတင်ပြရန်အကြောင်းကြားခဲ့ရာ ၂၀၁၄ ခုနှစ်၌မြေကွက်ခွဲနှင့်စွန့်လွှတ်မြေပုံမှာ ရှာ၍မရ၍ ပျောက်ဆုံးကြောင်းနှင့်၎င်းမြေပုံနှင့်ပတ်သက်၍ ကိစ္စအဝဝကို တာဝန်ယူကြောင်းဝင်စာ-၃၁၀၇(၂၅-၃-၂၀၂၀)ရက်နေ့တွင် တင်ပြလာပါသည်။သို့ဖြစ်ပါ၍နှစ်(၆၀)ဂရန်မြေအမည်ပေါက်ဦးထွန်းမြင့်+၁မှ ဂရန်မူရင်းတင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက် လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်း အမျိုးအမည် |
|---|---|---|
| ၁ | ၂၆၂/မမ (CE) | ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်း ပဲခူး-ညောင်လေးပင်အပိုင်း ၊ ပဲခူးဘူတာတွင် (၂)ခန်းတွဲ ဝန်ထမ်းနေအိမ် (36' x 30') (၂)လုံး ဆောက်လုပ်ခြင်း လုပ်ငန်း |

တင်ဒါပိတ်မည့် နေ့/အချိန် - (၂၅.၅.၂၀၂၀) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာန တွင် (၁၁.၅ .၂၀၂၀)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း: 294352, 291994


မေတ္တာမွန် အမှတ်တံဆိပ်

☝ စားဖူးပါက နှစ်သက်ရမည့်

မျက်ကြည်လူ့ဝ မှ ထုတ်လုပ်သော

စက္ခုပါလ အကြောဖြေဆေး




တဆဆက(စာနယ်ဇင်း) ၁၉၅/၀၇၀၁၀

ရန်ကုန်
- ကိုဝင်းမြင့်+မဘောဘီ ဆေးဆိုင်
- K လူထုမေတ္တာ - သိမ်ကြီးဈေး

စားသုံးနိုင်သူများ

➤ ခြေဆီမထွက်၊ ဇက်ကြောတက်၊ မျက်စိမှုန်ဝါးသူ။
➤ ဝမ်းချုပ် ဆီးပူ၊ ရှိဖြူလိပ်ထွက်၊ လဆက်ရာသီမှန်လိုသူ။
➤ ဆံပင်ဖြူ/ ပါး၊ အထိုင်များ၊ ညောင်းအားပိုတတ်သူ။
(အထိုင်များသော ရုံးဝန်ထမ်းများ၊ ဈေးသည်များ၊ ကားမောင်းသူများ)

မျက်ကြည်လူ့ဝ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ရေစကြိုမြို့။ Tel: 09 89680 5353, 09 203 1080.


## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၇၆၃

၁။ ဒေါ်စိန်စိန်(ခ)ဒေါ်ပေါ်လီ
၂။ ဒေါ်ကြည်ကြည်(ခ)ဒေါ်မော်လီ
၃။ ဒေါ်ခင်ခင်သန်း
၄။ ဒေါ်နီနီသန်း
၅။ ဒေါ်အေးအေးသန်း
၆။ ဒေါ်ငွေငွေသန်း
၇။ ဦးသန်းနိုင်ဦး
၈။ ဒေါ်ခိုင်ခိုင်သန်း
၉။ ဦးသန်းနိုင်ထူး
၁၀။ ဦးသန်းနိုင်မြင့်
(၎င်းကိုယ်တိုင်နှင့်အမှတ်စဉ်(၁)မှ(၁၀)ထိ တရားလိုများ၏အထွေထွေကိုယ်စားလှယ်စာရသူ)
၁၁။ ဦးသိန်းမြင့်
၁၂။ ဦးကျော်ဇေမြင့်
၁၃။ ဒေါ်ဇာခြည်မြင့်
၁၄။ ဦးကျော်ကျော်မိုးမြင့်
၁၅။ ဦးဇော်ဇော်မြင့်
၁၆။ ဒေါ်ဇာနည်မြင့်

တရားလိုများ

နှင့်

၁။ ဦးဝင်းသိန်း
၂။ ဦးမင်းသိန်း
၃။ ဒေါ်ခင်မေသိန်း
၄။ ဒေါ်စန်းယုနွယ်
၅။ ဦးတင့်လွင်(ခ)ဘိုင်ချွတ်
၆။ ဦးဖေသိန်း(ခ)ကိုခေး
၇။ ဒေါ်မိမိ
၈။ ဦးမျိုးသိန်း
၉။ ဒေါ်ယုယလွင်
၁၀။ ဒေါ်အေး
၁၁။ ဒေါ်စီစီမာ
၁၂။ ဒေါ်အေးအေးခိုင်
၁၃။ ဦးဇော်မင်းထွန်း(ခ)ဇော်ဇော်
၁၄။ ဒေါ်အေးအေးသိန်း
၁၅။ ဒေါ်အေးအေးလင်း
၁၆။ ဦးအောင်မင်းထွန်း
၁၇။ ဒေါ်ဖြိုးဖြိုးအေး
၁၈။ ဒေါ်နှင်းဝေဝေဖြိုး
၁၉။ ဒေါ်ထွေး
၂၀။ ဒေါ်မြအေး
၂၁။ ဦးအောင်ကျော်
၂၂။ ဒေါ်ခင်မေဝင်း
၂၃။ ဒေါ်အေးအေးဝင်း
၂၄။ ဒေါ်အေးအေးအောင်
၂၅။ ဒေါ်မေသူအောင်
၂၆။ ဒေါ်မေသူလွင်
၂၇။ ဒေါ်မေခက်အောင်
၂၈။ ဒေါ်တင်တင်လှ
၂၉။ ဒေါက်တာကျော်ဦးလှ
၃၀။ ဒေါ်ကေသီဦး
၃၁။ ဦးစိုင်းခန့်မင်းထက်
၃၂။ ဒေါ်ကြင်ကြင်စန်း
၃၃။ ဒေါ်ကြည်ပြာထွန်း
၃၄။ ဦးကောင်းမင်းထွန်း
၃၅။ ဒေါ်နန္ဒာထွန်း
၃၆။ ဒေါ်သီသီအောင်
၃၇။ ဒေါ်ဝါဝါအောင်
၃၈။ ဦးကျော်သက်အောင်
၃၉။ ဦးလင်းသူရိန်အောင်
၄၀။ ဒေါ်စုသိင်္ဂီအောင်
၄၁။ ဒေါ်မြင့်မြင့်ဝင်း(ခ)ဒေါ်မိုးမိုး
၄၂။ ဒေါ်တင့်တင့်ဝင်း(ခ)ဒေါ်တင့်တင့်ဟန်
၄၃။ ဒေါ်လှလှဝင်း
၄၄။ ဒေါ်မော်မော်ဝင်း
၄၅။ ဦးခင်မောင်ဝင်း
၄၆။ ဦးအေးချမ်းအောင်
၄၇။ ဒေါ်ခင်နီလာထွန်း
၄၈။ မဆင်းရွှေရည်(ခ) ထက်ရည်မွန်လင်း(ခ)ပိပိ (၎င်း၏အုပ်ထိန်းသူ ဒေါ်ခင်နီလာထွန်း)
၄၉။ ဒေါ်နီလာစံ
၅၀။ ဒေါ်လဲ့လဲ့ဝင်း

တရားပြိုင်များ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြံ့ာနွယ်စဉ်ရပ်၊ (၃၇)လမ်း၊ (၇၄x၇၅)လမ်းကြား၊ အကွက်အမှတ်(၆၇၇)၊ ဦးပိုင်(၄၂)၊ အမှတ်(၄၄)နေသူများ(၇)တရားပြိုင် ဒေါ်မိမိ၊ (၁၀)တရားပြိုင် ဒေါ်အေး၊ (၁၁)တရားပြိုင်ဒေါ်စီစီမာ၊ ရန်ကုန်မြို့၊ တောင်ဒဂုံ၊ အခန်း(၃၁၃)၊ တိုက်(၂၇)၊ ကလ္လာဏီတံအိမ်ရာ၊ ထွန်းမြတ်လမ်း၊ (၁၇)ရပ်ကွက်နေ (၄၇)တရားပြိုင်ဒေါ်ခင်နီလာထွန်း၊ (၄၈)တရားပြိုင် မဆင်းရွှေရည်(၎င်း၏အုပ်ထိန်းသူ ဒေါ်ခင်နီလာထွန်း)၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ အမှတ်(၄/၁)ညောင်အိုင်လမ်း၊ ၂၉ ရပ်ကွက်နေ (၄၉)တရားပြိုင် ဒေါ်နီလာစံ(ယခုနေရပ်လိပ်စာမသိသူတို့)အားသိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက အမွေပုံစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် မေ ၂၈ရက် (၁၃၈၂ခုနှစ် နယုန်လဆန်း ၇ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင်တို့ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မေ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မာလာထွဋ်)
တွဲဖက်ခရိုင်တရားသူကြီး(၃)
မန္တလေးခရိုင်တရားရုံး

## အများသိစေရန်

ကျွန်မ ဒေါ်ခိုင်ခိုင်ဦး ၁၂/ကမရ(နိုင်)၀၂၆၃၅၂ ကိုင်ဆောင်သူမှ ဒေါ်လှလှအေး ၁၂/အလန(နိုင်)၀၂၇၉၅၆ ကိုင်ဆောင်သူအား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာကို ၂၈-၆-၂၀၁၀ ရက်စွဲဖြင့် လွှဲအပ်ခဲ့ပါသည်။ ယခုအခါ ၎င်းအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၆၇၈၇/၂၀၁၀ (၂၈-၆-၂၀၁၀) ရက်စွဲပါ ကိုယ်စားလှယ်လွှဲစာကို ယနေ့မှစပြီး အပြီးအပိုင် ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခိုင်ခိုင်ဦး ၁၂/ကမရ(နိုင်)၀၂၆၃၅၂

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ရုံးများတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်း၊ ၁၈၀၀၀၀ိ-၂၀၀ဝိ-၁၉၀၀၀ဝိ)နှင့် ပစ္စည်းထိန်း(၅) (လစာနှုန်း၊ ၁၆၂၀၀ဝိ-၂၀၀ဝိ-၁၇၂၀၀ဝိ) ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့်ပုဂ္ဂိုလ်များကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျား/မ အချိုးညီစွာခန့်ထားသွားမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူများသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အငယ်တန်းစာရေးရာထူးနေရာများအတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်၊ (၃၁-၅-၂၀၂၀)ရက်နေ့တွင် အသက်(၂၇)နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ပစ္စည်းထိန်း(၅)ရာထူးနေရာအတွက် အခြေခံပညာအထက်တန်း အောင်မြင်ပြီး၊ (၃၁-၅-၂၀၂၀)ရက်နေ့တွင် အသက်(၂၅)နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ပါမည်။

(ဃ) ကျန်းမာရေးကောင်းမွန်ရမည်။

(င) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ရမည်။

(စ) ဌာနတွင်အနည်းဆုံး (၃နှစ်) တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိ ပြုလက်မှတ်ရေးထိုး နိုင်ရမည်။

၃။ ဖြေဆိုခွင့်လျှောက်လွှာပုံစံများကို ဦးစီးဌာန၏ website ဖြစ်သော www.ddm.gov.mmနှင့် facebook စာမျက်နှာ Department of Disaster Management-Myanmnar တို့တွင်အခမဲ့ Download ရယူနိုင်သည်။

၄။ အောက်ဖော်ပြပါ စာရွက်စာတမ်းများ၏ Scan(Soft copy)များပူးတွဲ၍လျှောက်လွှာကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၏ E-mail လိပ်စာများသို့ (၃၁-၅-၂၀၂၀) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ (လူကိုယ်တိုင်လာရောက်လျှောက်ထားရန် မလိုပါ) သတ်မှတ်ကာလထက်ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထား မပြည့်စုံသူများကို ဝင်ရောက်ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။ နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၏ E-mail လိပ်စာများကို ဦးစီးဌာန၏ Website ဖြစ်သော www.ddm.gov.mmနှင့် Facebook စာမျက်နှာ Department of Disaster Management-Myanmar တို့တွင် ဖော်ပြထားမည်ဖြစ်သည်-

(က) ပြည့်စုံစွာ ဖြည့်စွက်ထားပြီး တစ်လအတွင်းရိုက်ကူးထားသော ပတ်စပို့စ်အရွယ်ဓာတ်ပုံ ကပ်ထားသည့် သတ်မှတ်လျှောက်လွှာ (Scan Copy)

(ခ) နိုင်ငံသားစိစစ်ရေးကဒ်ပြား (Scan Copy)

(ဂ) သက်တမ်းမကုန်သေးသော အလုပ်သမားမှတ်ပုံတင် (Scan Copy)

(ဃ) ဘွဲ့လက်မှတ်(သို့မဟုတ်)ယာယီဘွဲ့ထောက်ခံစာ (Scan Copy)

(င) အခြေခံပညာအထက်တန်း အောင်လက်မှတ် (Scan Copy)

(စ) အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆) (Scan Copy)

(ဆ) အခြားတက်ရောက်ထားသည့်သင်တန်းများရှိပါက သင်တန်းဆင်းအောင်လက်မှတ်များ (Scan Copy)

(ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုကြောင်း ထောက်ခံစာ (Scan Copy)

၅။ စာမေးပွဲဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်၊ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် အစီအစဉ်များ၊ ရေးဖြေစာမေးပွဲအောင်မြင်၍ လူတွေ့ဖြေဆိုရမည့် အမည်စာရင်းများကို ဦးစီးဌာန၏ website www.ddm.gov.mm နှင့် Facebook- Department of Disaster Management-Myanmarတို့တွင် ကြေညာထားမည်ဖြစ်သည်။

၆။ အသေးစိတ်သိရှိလိုပါက ဦးစီးဌာန(ရုံးချုပ်)နေပြည်တော်၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၀၄၀၄၆ ၊ ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

## ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## ပြည်ကြီးတံခွန်မြို့နယ် တရားမရုံး၌
## ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၉၃ နှင့် ဆက်စပ်သည့်
## ၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၂၂

ဦးအောင်အောင်ထွန်း — နှင့် — ဦးမောင်ကျော့

ဒီကရီအနိုင်ရသူ — တရားရှုံး

ဦးချမ်းတုကေ၏ သားဖြစ်သူ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် ဝ-၆/၃၊ (က) ရပ်ကွက်နေ ဦးမောင်ကျော့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ် -၉၃ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးအောင်အောင်ထွန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် မေ ၂၅ ရက် (၁၃၈၂ ခုနှစ် နယုန်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၀ ပြည့်နှစ် မေ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်ကျော်ဦး)
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၂၆၃

ဦးတိုးလွင်(၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူ ဦးဉာဏ်ထွန်း) — နှင့် — ၁။ ဦးကျော်ဇင်ထွန်း ၂။ ဒေါ်အေးမိစံ

တရားလို — တရားပြိုင်များ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၇၂x၇၃ ကြား၊ အိမ်အမှတ်(၅) (ဆ-၉) ခိုင်ရွှေဝါလမ်းနေ (၁)တရားပြိုင်ဦးကျော်ဇင်ထွန်း (ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက ခွင့်ပြုချက်ဖြင့် (အခမဲ့)နေထိုင်ခွင့်ပြုထားသူများအား နေအိမ်မြေမှ နှင်ထုတ်ဖယ်ရှားထွက်ခွာပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် ဇွန် ၁ ရက် (၁၃၈၂ ခုနှစ် နယုန်လဆန်း ၁၁ ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူတရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မေ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(မာလာထွဋ်)
တွဲဖက်ခရိုင်တရားသူကြီး(၃)
မန္တလေးခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅နှင့် နည်းဥပဒေ ၂၀)
## မိတ္ထီလာခရိုင်တရားရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၉

ဦးဝဏ္ဏထွန်း — နှင့် — ၁။ ဦးသိန်းဝင်း ၂။ ဦးတင်ရှိန် ၃။ ဒေါ်ခင်စောဦး ၄။ ဦးမောင်မောင်သန်း ၅။ ဒေါ်ယဉ်ယဉ်ရွှေ ၆။ ဒေါ်တင်တင်ဆွေ ၇။ ဒေါ်ခင်ခင်ကြိုင် ၈။ ဦးတင့်လွင် ၉။ ဒေါ်စန်းစန်းမြင့် ၁၀။ ဦးဝင်းအေး ၁၁။ ဒေါ်တင်တင်အုန်း

တရားလို — တရားပြိုင်များ

မိတ္ထီလာမြို့၊ ဆိုင်းတန်းရပ်နေ (၁)ဦးသိန်းဝင်း၊ (၂)ဦးတင်ရှိန် (၃)ဒေါ်ခင်စောဦး၊ (၄) ဦးမောင်မောင်သန်း၊ (၅)ဒေါ်ယဉ်ယဉ်ရွှေ၊ (၆)ဒေါ်တင်တင်ဆွေ၊ (၇)ဒေါ်ခင်ကြိုင်၊ (၈) ဦးတင့်လွင်၊ (၉)ဒေါ်စန်းစန်းမြင့်၊ (၁၀)ဦးဝင်းအေး၊ (၁၁)ဒေါ်တင်တင်အုန်း (ယခုနေရပ်လိပ်စာမသိသူ)များ သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားလိုလက်ရှိနေထိုင်ပိုင်ဆိုင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအကျိုးခံစားခွင့်အရပ်ရပ်တို့၏ ဂရန်မူရင်း လက်ရောက်ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် မေ ၂၂ရက် (၁၃၈၂ ခုနှစ် နယုန်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မေ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရီထွန်း)
ဒုတိယခရိုင်တရားသူကြီး
မိတ္ထီလာခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ ၀.၁၁၁၀ဧကေရှိ ဒေါ်ခင်မြင့် ၉/တကန(နိုင်) ၀၄၃၄၈၇(ဘ)ဦးထွန်းစိန်အမည်ပေါက်ပါမစ်မြေကွက်အမှတ်(ပ-၅၅၆)ကို ဒေါ်ကေကေခိုင် ၉/ပမန(နိုင်)၂၁၈၄၀၇ (ဘ)ဦးသန်းဝင်းမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူနှင့်ဝယ်သူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး ၎င်း၏ အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

တောင်ငူမြို့နယ်၊ (၂)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၅-နေပူကုန်း)၊ ဦးပိုင်(၁၁၉/ဗ) ဧရိယာ(၀.၁၁၀၄၅)ဧကအား ဦးမြင့်အောင် အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလာသော ဦးမြင့်အောင်အား မြေငှားဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### သိရှိစေရန်

ဦးထွန်းထွန်းလှိုင် လက်ထောက်မန်နေဂျာ ၁၂/ဥကတ(နိုင်)၁၄၆၂၄၅၊ ၆၈၂ သစ္စာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့မှ မြောင်းမြမြို့၊ သူနာပြုသင်တန်းကျောင်းသို့ တည်ဆောက်ရေးကိစ္စများ အမြန်လာရောက်ဖြေရှင်းပါ။

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ အမှတ်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃/မြွေရိုးကြီးရပ်)၊ ဦးပိုင်အမှတ်(၆၆)၊ ဧရိယာ ၀ဒသမ၀၆၀ဧကရှိ ဦးသိန်းအောင်(ဘ) ဦးဖိုးငြိမ်း၉/လဝန(နိုင်)၀၁၃၃၅၅ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးသိန်းအောင်မှ ဒေါ်ခင်ငွေးဝင်း(ဘ)ဦးသိန်းအောင် ၉/လဝန(နိုင်)၀၁၃၃၅၆နှင့် ပေးကမ်းစာချုပ်ချုပ်ဆိုရန်အတွက် ဘိုးဘပိုင်မြေအမည်ပြောင်းလဲသတ်မှတ်မိန့်(မူရင်း)တင်ပြ၍ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အကွက်အမှတ်(၉/ခဲလယ်)၊ ဦးပိုင်အမှတ်(၄၄)၊ မြေယာအမှတ်(105)၊ မြေဧရိယာ(၀ဒသမ၁၅၈)ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးဇော်ဦး(ခ) ဦးဇာနီဦး ၉/မမန(နိုင်)၀၀၀၃၄၂နှင့် ဦးသူရဇော်(ခ)ဦးသုတ ၉/မမန(နိုင်)၀၀၄၃၈၄ တို့မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါ သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

# အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ မြန်မာဂေါက်သီးရိုက်အသင်း၏ ဥက္ကဋ္ဌ ဦးမြင့်ဝေ(၁) (ကြို့ပင်ကောက်) အသက်(၇၁)နှစ်သည် ၁၀-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် မြန်မာဂေါက်သီးရိုက်အသင်းအပေါ် တိုးတက်ဖွံ့ဖြိုးစေရန် ကာယဉာဏနှစ်ဖြာ ကြိုးပမ်း အားထုတ်မှုများအား အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသား/အသင်းသူများမှ အသိအမှတ်ပြု ဂုဏ်ပြုပါကြောင်းနှင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့၊**
**အသင်းသား/အသင်းသူများနှင့် Golfer များ**
**ရန်ကုန်ဂေါက်ကွင်း**

# အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ မြန်မာဂေါက်သီးရိုက်အသင်း၏ ဥက္ကဋ္ဌ ဦးမြင့်ဝေ(၁) (ကြို့ပင်ကောက်) အသက်(၇၁)နှစ်သည် ၁၀-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မြန်မာဂေါက်သီးရိုက်အသင်းအပေါ် တိုးတက်ဖွံ့ဖြိုးစေရန် ကာယဉာဏနှစ်ဖြာ ကြိုးပမ်းအားထုတ်မှုများအား အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသား/သူများမှ အသိအမှတ်ပြု ဂုဏ်ပြုပါကြောင်းနှင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့၊**
**အသင်းသား/သူများနှင့် Golfer များ**
**မြန်မာဂေါက်သီးရိုက်အသင်း**

## ဒေါက်တာခင်ရီရီဝေ

**(M.B,B.S, M.Med.Sc (paed)MRCPCH(UK)**
**Fellowship in Paediatric Cardiology (South Korea)**
**ကလေးအထူးကုဆရာဝန်(ကလေးနှလုံး)၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး**
**အသက်(၄၄)နှစ်**

တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်၊ နယ်မြေ(၆)၊ ရှမ်းကျောင်းလမ်း၊ အမှတ်(စ/၃၂၂)နေ ဦးစိန်ထွေး-(ဒေါ်ခင်မြင့်သိန်း) (လ/ထ ကထိက-ငြိမ်း၊ ပညာရေးကောလိပ်)တို့၏သမီး၊ ဦးညီညီဆွေ-ဒေါက်တာစိမ့်စိမ့်ဝင်း(ကထိက၊ သတ္တဗေဒဌာန၊ ကျိုင်းတုံတက္ကသိုလ်)တို့၏ အစ်မသည် ၁၁-၅-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၉:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍၁၅-၅-၂၀၂၀ရက်(သောကြာနေ့)နံနက်၆နာရီတွင်အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ကျေးဇူးတင်လွှာ

ဒေါက်တာ ခင်ရီရီဝေ(ကလေးအထူးကုဆရာဝန်၊ကလေးနှလုံး)အား မကျန်းမာစဉ် ကာလတစ်လျှောက်လုံး အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ကလေးကျန်းမာရေးဌာန(ရန်ကုန်၊ မန္တလေး၊ တောင်ကြီး)နှင့် ကလေးနှလုံးရောဂါဌာန (ရန်ကင်းကလေးဆေးရုံကြီး)မှ ဆရာဝန်၊ ဆရာမများ၊ ရန်ကင်းကလေးဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများ၊ တောင်ကြီး အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများ၊ တောင်ကြီးစဝ်စံထွန်းဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများ၊ ကင်ဆာရောဂါအထူးကုဆရာဝန်ကြီးများ၊ ဒေါက်တာ စိုးအောင်၊ ဒေါက်တာ အေးအေးနိုင်၊ ဒေါက်တာ ယဉ်ယဉ်မွန်နှင့် ရပ်နီးရပ်ဝေးမှ သူငယ်ချင်း ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလှထွန်း (စိန်တိုင်ထွန်း)ဓမ္မာစရိယ(B.A)(R.L,H.G.P)

**အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြုတက္ကသိုလ်(ငြိမ်း)**
**အသက်(၈၀)**

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ စိန်တိုင်ကျွန်းကျေးရွာ၊ သိပ္ပံလမ်းနေ (ဦးစံပွင့်-ဒေါ်ငွေသင်)တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့ နယ်၊ အမှတ် ၁၆၅၊ အေးသိဒ္ဓိ ၂လမ်း၊ ရွာမအရှေ့နေ (ဦးစန်းမောင်-ဒေါ်လှခင်)တို့၏သားသမက်၊ စိန်တိုင်ကျွန်းကျေးရွာနေ (ဒေါ်နှင်းမြ)၊(ဦးစောမောင်-ဒေါ်ခင်ပု)၊ဦးအုန်းမောင်-(ဒေါ်သန်းညွန့်)၊ (ဦးအောင်တင်-ဒေါ်လှစိန်)၊ (ဒေါ်မြခင်)တို့၏ညီ/မောင်၊ (ဦးမောင်အုံ)-ဒေါ်လှမြိုင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ (ဦးခင်သန်း)-ဒေါ်သန်းမြိုင်၊(ဦးအုန်းသန်း)-ဒေါ်လှလှစိုး၊ ရွှေပြည်သာမြို့နေ ဦးလှသန်း-ဒေါ်စန်းမြင့်၊ ဦးငွေးဝင်း-ဒေါ်နုနုအောင်၊ မရမ်းကုန်းမြို့နယ်နေ ဦးမောင်ဝင်း-(ဒေါ်ခင်ရွှေ)၊ရွှေပြည်သာမြို့နေ ၊ဦးအေးသန်း-ဒေါ်ခင်ပု၊(ဦးမျိုးသိန်း)-ဒေါ်မော်လီစန်း၊ ဒေါ်ဥမ္မာသီ၊ ဦးထွန်းနေလင်းတို့၏အစ်ကို၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၇) ရပ်ကွက်၊ ဇုန်(၅)၊ ဒုဋ္ဌဝတီလမ်းနေ ဦးဝင်းမျိုးထွန်း-ဒေါ်ဖြူဖြူစံ(မျိုး-ပလတ်စတစ်လုပ်ငန်း)၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၅လမ်းနေ Capt ဦးလင်းထိုက် -ဒေါ်ခင်သန္တာထွန်း(Total Learning Academy) တို့၏ဖခင်၊ မစုထက်စံ၊ မမိုးမခစံတို့၏ အဘိုး၊(ဒေါ်ခင်ရီ) ၏ချစ်လှစွာသောခင်ပွန်းသည် ၁၁-၅-၂၀၂၀ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၂၀ရက်(တနင်္ဂနွေနေ့)နံနက်တွင် အမှတ် ၂၉၀၊ ဒုဋ္ဌဝတီလမ်း နေအိမ်သို့ရက် လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာမြတ်ထွန်းလင်း

**မေ့ဆေးအထူးကုဆရာဝန်(မောင်တောပြည်သူ့ဆေးရုံ)**
**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊(၃၃)လမ်း(အလယ်)၊အမှတ်(၁၁၇/၁၂၇၊ F.3) နေဦးထွန်းလှအောင် - ဒေါ်အေးရှို တို့၏သား၊မနန္ဒာမြလှိုင် ၏ချစ်လှစွာသောခင်ပွန်း၊သက်ထားမြတ်သွယ် (ခ) အသဲလေး၏ဖခင်၊ ဒေါက်တာမြတ်ထွန်းလင်းသည် (၉.၅.၂၀၂၀)၊မွန်းလွဲ(၂း၁၅)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစု နှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆေးတက္ကသိုလ်(၂)Amigos 95 Batch မှ
အချစ်ဆုံးသူငယ်ချင်းများ

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဖယ/၅၆၅၆၇ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲထက်အောင် ၉/မတရ(နိုင်)၁၅၅၅၁၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

သင့်သွေးဖြင့် အသက်ကယ်ပါ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်ရွှေ

ကွင်းရှင်စောပုဟိုတယ်

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ရွဲလမ်း၊ အမှတ် ၁၃၇/၁၃၉နေ (ဒေါ်ကျင်သန်း)-ဒေါ်အေးအေးသိန်းတို့၏ခင်ပွန်း၊ ဒေါ်မူမူဆွေ-ဒေါက်တာကျော်ဝင်း၊ဒေါက်တာဖြူဖြူဆွေ-ဦးခင်မောင်အေး၊ဦးသိန်းအောင်-ဒေါ်တင်မာလာဦး၊ဒေါက်တာထွန်းအေး-ဒေါက်တာ နန်းဝင့်ကျောက်တို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၀ယောက်တို့၏ဘိုးဘိုးကြီးသည် ၈-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၃:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၂၀ရက်(ကြာသပတေးနေ့)နံနက် ၆နာရီတွင် ၃၉၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ကျိုင်းတုံမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်နန်းကိန်ခမ်းဇင်း

သက်ကြီးကန်တော့ခံပုဂ္ဂိုလ်

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ စံပြရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အမှတ်(25 D/4)နှင့် ကျိုင်းတုံမြို့၊ ဆွန်လောက်ရပ်၊ မိုင်းယန်းလမ်း၊ အမှတ်(၆/က)နေ ဒေါ်နန်းကိန်ခမ်းဇင်းသည် ၁၁-၅-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၀ရက်တွင် ကျိုင်းတုံမြို့၌ သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသင်းဝင်များအားလုံးအား အသိပေး အကြောင်းကြား အပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တသုမန(ကသာ)

သာခုပရိယတ္တိစာသင်တိုက်

သက်တော်(၈၃)နှစ် သိက္ခာတော်(၆၃)ဝါ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာခုပရိယတ္တိစာသင်တိုက်၊ သာသနာ့ဂုဏ်ရည်ကျောင်း ဘုန်းတော်ကြီး ဘဒ္ဒန္တသုမန မဟာထေရ်မြတ်ကြီးသည် (၁၃၈၂ ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက်) ၁၀-၅-၂၀၂၀ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁:၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွား ပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ဆရာတော်၏ ဆန္ဒအတိုင်း ယင်းနေ့ ညနေ ၃နာရီတွင် အန္တိမအဂ္ဂိစျာပန ကျင်းပပြီးစီးပါကြောင်းရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမများအား အသိပေး အကြောင်းကြား အပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး

## ဒေါ်ခင်ကြည်(ခနေဖြူ ရေလဲ)

အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်ရေကန်လမ်း၊ အမှတ်(၁၀)နေ (ဦးထွန်းအောင်)၏ဇနီး၊ (ဦးဇော်မြင့်)၊ ဦးဇော်ဝင်း-ဒေါ်စမ်းစမ်းမြင့်၊ (တပ်ကြပ်ကြီးကျော်စိုး၊ တပ်မတော်-လေ)၊ ဦးဆွေတင့်-ဒေါ်ယဉ်ယဉ်အေး၊ ဒေါ်ခင်နှင်းဆီ၊ ဒေါ်ခင်သဇင်တို့၏ ချစ်လှစွာသောမိခင်၊ ကိုမျိုးသန့်စင်-မစန်းစန်းနွယ်၊ ကိုထူးနိုင်ဝင်း၊ မလဲ့ရတနာဝင်း၊ မအေးငြိမ်းမွန်မွန်ဝင်း၊ မဝေယဉ်မွန်၊ မောင်လမင်းမောင်တို့၏ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၁-၅-၂၀၂၀ရက် ညနေ ၃:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၀ရက် နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နန်းကိန်ခမ်းဇင်း

ကျိုင်းတုံမြို့

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ စံပြရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အမှတ်(25 D/4)နှင့် ကျိုင်းတုံမြို့၊ ဆွန်လောက်ရပ်၊ မိုင်းယန်းလမ်း၊ အမှတ်(၆/က)နေ (ဦးဖယားဇင်း-ဒေါ်နန်းခမ်းလိုင်း)တို့၏သမီးထွေး၊ (ဦးစဝ်လုံစွမ်မိန်း)၏ဇနီး၊ ဦးစိုင်းလုံးဆိုင်(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ)၏ ချစ်လှစွာသောမိခင်သည် ၁၁-၅-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ကျိုင်းတုံမြို့ ဟွေဖျန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဟာဂျီအဗ္ဗဒွလ်ရရှီးဒ်(ခ)ဗိုလ်မှူးတင်မောင်ဝင်း(ငြိမ်း)

D.S.A-7

အသက် (၇၇)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် (၄၄/၅၆)၊ ကမ်းနားလမ်း၊ M.M.G Tower နေ ဒေါ်လဲ့လဲ့နိုင်(ခ)ဒေါ်လီအောင်၏ ခင်ပွန်းသည် ၉-၅-၂၀၂၀ ရက်နေ့ မွန်းလွဲ ၁:၃၅ နာရီတွင် အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူရဦးမြင့်မောင်(ပြည်ထောင်စုဝန်ကြီး-ငြိမ်း) နှင့် ဇနီးဒေါ်အေးအေးထွန်း**

---

## ဦးခင်လှိုင်(အောင်လံမြို့) အသက်(၉၄)နှစ်

မန်နေဂျာ(ငြိမ်း)၊ကုန်သွယ်လယ်ယာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုလမ်း၊အမှတ် ၇၄(၃- A)နေ (ဦးဘဝင်း-ဒေါ်ချစ်မေ)တို့၏သား၊ (ဦးတင်လှ-ဒေါ်ခင်စန်း)၊(ဦးသန်းအေး)တို့၏ ညီ၊ (ဒေါ်တင်လှ၊ မင်းဘူး)၏ခင်ပွန်း၊ ဒေါ်ခင်ဆွေဝင်း(အလပြ-ငြိမ်း၊အထက-၆၊ အလုံ)၊ ဒေါ်မြင့်မြင့်ကြည်(အလပြ၊ အထက-၁၊ ကြည့်မြင်တိုင်)တို့၏ ချစ်လှစွာသောဖခင်သည် ၁၁-၅-၂၀၂၀ရက်(တနင်္လာနေ့)နံနက် ၃:၁၀နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နန်းငွေကြည်(ခ)ဒေါ်နန်းငင်းဆိုင်(ပင်လုံ)

ဆင်ခြောက်ကောင်ဆေးတိုက်

အသက်(၆၈)နှစ်

ပင်လုံမြို့နေ ဦးနန်းလုံ-ဒေါ်စန်းစိန်တို့၏သမီး၊ တောင်ကြီးမြို့နေ (ဦးအေး)၏ချစ်လှစွာသောဇနီး၊ ကိုကျော်ကျော်၊ ကိုညီညီ-မနန်းအောင်၊ ကိုသိန်းတိုး-မခင်မြင့်မြင့်၊(မနန်းလှလှဝင်း)၊ စိုင်းမြတ်စိုးအေး၊ ကိုဇာနည်စိုး-မနန်းဖြူဖြူအေးတို့၏မိခင်၊ မြေး ရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင် စံပြရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ်(၄၃/၄၅)နေ ဆင်ခြောက်ကောင်ဆေးတိုက်၏ မိခင်ကြီး ဒေါ်နန်းငွေကြည်သည် ၁၀-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၂၀နာရီတွင် ကွယ် လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၀ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၂၀ရက် (စနေနေ့)တွင် အထက်ပါ ဦးချစ်မောင်လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်အုန်းမြင့် အသက်(၈၇)နှစ်

တွဲဖက် ပါမောက္ခ(ဌာနမှူး)ငြိမ်း၊ သမိုင်းဌာန

တောင်ကုတ်မြို့နယ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပါရမီရိပ်သာ၊ (၉)ရပ်ကွက်၊ စည်ပင်သာယာလမ်း၊ အမှတ်(၉)နေ (ဦးဘတင်-ဒေါ်မှဲ့ရင်)တို့၏သမီး၊ (ဦးတင်မောင်)(ညွှန်မှူး-ငြိမ်း၊ စက်မှု၊ ဆည်မြောင်းဦးစီးဌာန)၏ဇနီး၊ ဒေါ်ဦးဦးတင်(လယ်/ပြ-ငြိမ်း)-ရဲမှူးကြီးခင်မောင်သော် (ဒုတိုင်းတပ်ဖွဲ့မှူး၊ နေပြည်တော်)၊ ဒေါ်စုစုတင်(ကထိက-ငြိမ်း၊ UFL)-ဦးမင်းသွင်(လ/ထ ကထိက၊ YIT)၊ ဦးကျော်မြင့်မောင်(ခေတ္တ -USA)-ဒေါ်နီနီရှိန်(ခေတ္တ-USA)၊ ဒေါက်တာနီနီတင်၊ ဦးရှိန်မြင့်မောင်(ကထိက၊ Mining Dept YTU)-ဒေါ်အေးစုသွယ်(လ/ထ၊ ကထိက-ဟောင်း၊ Mech-Dept.YTU) တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏အဖီးသည် ၁၁-၅-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၀ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်သန်း(မလက်တို)

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ စပယ်ရုံလမ်း၊ အမှတ်(၆၅၆၊ က)နေ (ဦးအောင်ထွန်း-ဒေါ်စောမြ)တို့၏သမီး၊ (ဦးဘသော်-ဒေါ်ခင်လှ)တို့၏သမီးချွေးမ၊ ဒေါက်တာ ကျော်သိန်းလှိုင်-ဒေါ်မြမြဝင်း၊ ဒေါ်သိန်းသိန်းအေး၊ ဦးကျော်ဇော-ဒေါ်ရင်ရင်ရွှေ၊ ဒေါ်စန်းစန်းဝင်း၊ (မကြည်ကြည်မွန်)တို့၏မိခင်၊ မနှင်းဦးယဉ်၊ မပန်းဦးယဉ်တို့၏ ဘွားဘွားကြီးသည် ၂-၅-၂၀၂၀ရက် ညနေ ၃:၀၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၂၀ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်ဝေ(ခ) စာရေးဆရာ လေချွန်သာ

(ကြို့ပင်ကောက်)

၉ မိုင် ဂေါက်ကွင်း ဥက္ကဋ္ဌ

အသက်(၇၁)နှစ်

(ဦးသန်းဝေ-ဒေါ်အင်မြင့်)တို့၏သား၊ ဦးစိန်လှိုင် - ဒေါ်ပန်ထယ်တို့၏သားသမက်၊ ဦးမြင့်သန်း၊ ဦးခင်မောင်သန့်ဇင်တို့၏အစ်ကို၊ ဒေါ်မေနှင်းဝေ (ခ) ခန့်ခန့်၊ ဆုနှင်းဝေတို့၏ဖခင်၊ ဒေါ်ခင်သန်းရီ(ခ)သန်းသန်းရီ၏ ခင်ပွန်းသည် ၁၀-၅-၂၀၂၀ရက်(တနင်္ဂနွေနေ့) ည တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၀ ရက်(အင်္ဂါနေ့) ညနေ ၃:၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## နော်ဘရစ်ဂျစ်ကျော်ဇံ

အငြိမ်းစားကျောင်းဆရာမ၊ အလက(၄)စမ်းချောင်း

အသက်(၆၃)နှစ်

(ဦးဂျေကျော်ဇံ - နော်ဂရေစီ)တို့၏သမီး၊ အဲန်ဂျလင်း Jensen-Mr.Jorgen Jorgensen တို့၏ညီမ၊ နော်ခလဲမတစ်-စောမိုးဇက်၊ စောဒေးဗစ်ကျော်ဇံ-ဒေါ်လှလှဌေး၊ နော်အက်ဒနာဂျင်းကျော်ဇံ-ဦးသန်းမြင့်ထွန်း၊ နော်ဥမ္မာကျော်-ကိုကျော်သူရလှိုင်တို့၏အစ်မ၊ တူ၊ တူမ ၁၀ယောက်တို့၏အဒေါ်၊ မြေး တစ်ယောက်၏အဘွားသည် ၁၀-၅-၂၀၂၀ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၅-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်

(CDC-12675)

(သုဝဏ္ဏ)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ကောက်လျှင်လမ်းသွယ်(၂)၊ အမှတ်(၁၆၆/၅)နေ (ဦးသန်း-ဒေါ်ခင်ထွေး)တို့၏သား၊ ဒေါ်ခင်ဖြူဝင်း ၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ကျော်ဦး၊ မောင်ဇေယျာသန့်-မအိရွှေစင်ထွန်း၊ ဗိုလ်ကြီး သီဟအောင်-မငုဝါလွင်၊ မောင်ဆမ်ဆမ်ဘို၊ မရွှေယမင်းဦးတို့၏ဖခင်၊ မမြတ်နိုးပွင့်ဖြူ၊ မောင်ခန့်ဘုန်းထည်၊ မောင်ဒီပါမောင်တို့၏အဘိုးသည် ၉-၅-၂၀၂၀ရက် (စနေနေ့) ည ၉:၅၅နာရီတွင် စံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၃:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၂၀ရက် (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## သွေးသက် အသက်

---

## ဦးမောင်ကျင်(ခ)ဦးကျင်ဝှာ(မြောင်းမြ)

အသက်(၈၅)နှစ်

မြောင်းမြမြို့နေ ဦးလောဝါး-ဒေါ်ဥတို့၏သား၊ အမှတ်(၆၂)၊ ၆ လမ်း၊ ဒုတိယထပ်နေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးဇော်မျိုး၊ ဦးဇော်မိုး-ဒေါ်ခင်စိုးမိုး၊ ဒေါ်ခင်လဲ့ဝေ၊ ဦးတင့်အောင်၊ ဦးဖြိုးဝေလင်း၊ ဒေါ်ခင်ဖြူဖြူသက်တို့၏ဖခင်သည် ၁၀-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂:၃၀နာရီတွင် ရေဝေးတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြိုင်မြိုင်လတ်

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာ ၇လမ်း၊ အမှတ် ၁၇၀/က နေ (ဦးမောင်မောင်လတ်-ဒေါ်သင်းလှိုင်)တို့၏သမီး၊ (ဒေါ်ခင်ခင်လတ်)၊ (ဦးတင်လတ်)၊(ဦးဘိုလတ်)တို့၏ညီ၊ တူ၊တူမ ၁၁ယောက်တို့၏ အဒေါ်သည် ၁၁-၅-၂၀၂၀ရက်(တနင်္လာနေ့)နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးစိန်ထွန်း

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ တ/၈၄နေ (ဦးမြမောင်-ဒေါ်အေးကြည်) တို့၏သား၊ [ဒေါ်တင်တင်ဝင်း(ခ) တေရှောက်ရှိန်] ၏ခင်ပွန်း၊ မဇင်ဇင်ထွန်း၊ ဦးအောင်အောင်ထွန်း-မပြည့်မြတ်သူ တို့၏ဖခင်၊ မဆုလာဘ်ပြည့်သူ၏အဘိုးသည် ၈-၅-၂၀၂၀ရက်(သောကြာနေ့) မွန်းလွဲ ၂:၄၅ နာရီတွင် အောင်ဆန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၂၀ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးဝင်းလွင်(ငြိမ်း)

OTS(57)

အသက်(၆၉)နှစ်

မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာ၊ ပုလဲလမ်းနေ (ဦးဖေကိန်း-ဒေါ်ခင်ရီ)တို့၏သား၊ (ဦးထွန်းဝေ)- ဒေါ်ခင်မေဦး၊ ဦးအောင်ဝင်းရွှေ-ဒေါ်စန်းစန်းရီ၊ ဦးကြည်လွင်-ဒေါ်ဝင်းမာ၊ ဦးအောင်မြင်- ဒေါ်ခင်မြင့်ကြည်တို့၏အစ်ကို၊ ဒုတိယဗိုလ်မှူးကြီး ရန်နိုင်ဝင်း-ဒေါ်သီတာအေးလွင်၊ ဦးဖြိုးသူဝင်း-ဒေါ်အိအိမွန်၊ (ဦးစည်သူဝင်း)-ဒေါ်မျိုးမျိုးဦးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၁-၅-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)မှ ၈မိုင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီးဝင်းလွင်(ငြိမ်း) OTS(57)

အသက်(၆၉)နှစ်

ဒုတိယ ဗိုလ်မှူးကြီး ရန်နိုင်ဝင်း-ဒေါ်သီတာအေးလွင် တို့၏ဖခင် ဗိုလ်ကြီးဝင်းလွင်(ငြိမ်း)သည် ၁၁-၅-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော် ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ဆရာဝန်များ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဆွေဦး အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ငါးထပ်ကြီးဘုရားလမ်း၊ အင်ကြင်းမြိုင်အိမ်ရာ၊ တိုက်(၄)၊ အခန်း(၄၀၈၊ ငါးလွှာ)နေ (ဦးလှရွှေ-ဒေါ်အုန်းကြည်)တို့၏သမီး၊ ဦးခင်မောင်ရွှေ-ဒေါ်ဝါဝါလှိုင်၊ ဦးခင်မောင်ဇော်-ဒေါ်ခင်သန္တာဦး၊ ဦးခင်မောင်အေး-ဒေါ်ဝါဝါညွန့်(U.S.A)၊ ဦးခင်မောင်သက်-ဒေါ်အေးအေးလွင်(U.S.A)တို့၏အစ်မကြီးသည် ၈-၅-၂၀၂၀ရက် (သောကြာနေ့) ညနေ ၆:၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ဇံ အသက်(၆၃)နှစ်

(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း)

ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ စာကြည့်တိုက်လမ်း၊ အမှတ်(စက၊ ၄)နေ (ဦးမောင်ရွှေဦး)-ဒေါ်ခုံဆိတို့၏သား၊ (ဦးစောထွန်း-ဒေါ်မရီ)တို့၏သားသမက်၊ ဒေါ်စောခင် ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်မီမီကျော်(စာရင်းစစ်-၁၊ စစ်တွေမြို့နယ်စာရင်းစစ်ရုံး)-ဦးကျော်သီဟ၊ ဦးငြိမ်းကျော်မိုး-ဒေါ်တင်မေထွန်း၊ ဦးစိုးဟန်ကျော်-ဒေါ်မိုးမိုးအေး၊ဒေါ်ခင်မေမီကျော်-ဦးခင်ထွန်း၊ (မောင်မောင်ကျော်)၊ မောင်မင်းမင်းဇော်၊ မောင်မင်းထွန်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၆-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် စစ်တွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် အာကျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## ကျိုင်းတုံမြို့ တပ်မတော်ဆေးရုံ၌ COVID-19 ရောဂါရှာဖွေရေး RT-PCR စက်တပ်ဆင်ထားရှိမှု ကြည့်ရှုစစ်ဆေး

## NDAA (မိုင်းလား)အဖွဲ့နှင့် UWSA (ဝ)အဖွဲ့တို့မှ တာဝန်ရှိသူများအား သီးခြားစီလက်ခံတွေ့ဆုံ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံမြို့ တပ်မတော်ဆေးရုံ၌ Quarantine ထားရှိရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။ ဓာတ်ပုံ – တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**နေပြည်တော် မေ ၁၁**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်လှိုင်နှင့် အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ တပ်မတော်ဆေးရုံ ဇီဝမော်လီကျူးဆိုင်ရာ ဓာတ်ခွဲခန်းတွင် ထားရှိတပ်ဆင်ထားသည့် COVID–19 ရောဂါရှာဖွေရေး RT–PCR(Thermocycle ROTOR GENE–6000) စက်တပ်ဆင်ထားရှိမှုနှင့် အသုံးပြုပုံအဆင့်ဆင့်တို့အား လှည့်လည်ကြည့်ရှုပြီး Quarantine ထားရှိရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူများနှင့်

*စာမျက်နှာ ၄ ကော်လံ ၁* ❁

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ အချုပ်ပိုလေးမျက်နှာပါရှိ

ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်နှင့် ပညာပေးရန်ဟူသည့် ရည်မှန်းချက်အတိုင်း အများပြည်သူအတွက် ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသည့် ပြန်ကြားရေးဝန်ကြီးဌာန အချုပ်ပို လေးမျက်နှာ ပါရှိပါသည်။

## ကိုရိုနာဗိုင်းရပ်စ်လှိုင်း ဒုတိယအကြိမ်ထပ်မံရိုက်ခတ်လာမည်ကို စိုးရိမ်နေတဲ့ ကမ္ဘာ့နိုင်ငံများ

*နိုင်ငံတကာသတင်း* စာ » ၁၄

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၁–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

စာ » ၁၅

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၁၁**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တို့တွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## ဒီးမော့ဆိုမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အသိပညာပေးလုပ်ငန်း အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိ

**ဒီးမော့ဆို မေ ၁၁**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၁၁ နာရီက ဒီးမော့ဆိုကျေးရွာအုပ်စု ဒေါင်ခါးကျေးရွာ ဒီးမော့ဆို–တောင်ငူ–မိုးဖြဲလမ်းဆုံ၌ ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သောအဖွဲ့များက လမ်းသွားလမ်းလာပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ပတ်သက်ပြီး ရပ်ကွက်၊ ကျေးရွာများတွင်

*စာမျက်နှာ ၉ ကော်လံ ၃* ❖

## ပါတေးနှင့် ချန်ဘာလိန်ကို အေတီမက် အလဲအထပ် ပြုလုပ်လို

စပိန်ကလပ် အက်သလက်တီကို မက်ဒရစ်အသင်းသည် အသင်းမှ သောမက်စ်ပါတေးကို လီဗာပူးမှ ချန်ဘာလိန်နှင့် အလဲအထပ် ပြုလုပ်ရန် လီဗာပူးအသင်းသို့ ကမ်းလှမ်းလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ပါတေးသည် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားရန် ဆန္ဒပြင်းပြနေပြီး အာဆင်နယ်အသင်းသို့ပြောင်းရွှေ့ရန် ချိတ်ဆက်ခံထားရသူဖြစ်သည်။ ထို့ကြောင့် ထိုအလဲအထပ်အပြောင်းအရွှေ့သာ ဖြစ်မြောက်လာပါက အာဆင်နယ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ခု ဖြစ်လာဖွယ်ရှိနေသည်။

ပါတေးသည် အက်သလက်တီကို မက်ဒရစ်အသင်းကို ရာသီကုန်တွင် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားလိုကြောင်း ပြောကြားထားသူဖြစ်သည်။ ပါတေး၏ စာချုပ်ပါ ဖျက်သိမ်းကြေးသည် ပေါင် ၄၃ သန်းသာရှိကြောင်းလည်း သိရသည်။ သို့သော်လည်း အက်သလက်တီကို မက်ဒရစ်အသင်းက ချန်ဘာလိန်နှင့် တိုက်ရိုက်အလဲအထပ် ပြုလုပ်လိုနေခြင်းဖြစ်သည်။

အာဆင်နယ်ကစားသမားဟောင်းသည် အန်ဖီးလ်၌ စာချုပ်သက်တမ်း သုံးနှစ်ကျန်ရှိနေသေးပြီး နည်းပြ ကလော့ပ်၏ ကစားသမားစာရင်းတွင် အရေးပါသည့် အခန်းကဏ္ဍတွင် ရှိနေသေးသည်ဟု ခံယူထားသူဖြစ်သည်။ ချန်ဘာလိန်သည် ယခုနှစ်ရာသီတွင် လီဗာပူးအသင်းအတွက် ၃၄ ပွဲ ပါဝင်ကစားထားကြောင်း သိရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၂* ●



မြန်မာ့အလင်း
အင်္ဂါ၊ မေ ၁၂၊ ၂၀၂၀

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်နှင့် ပညာပေးရန်ဟူသည့် ရည်မှန်းချက်အတိုင်း အများပြည်သူအတွက် ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသည့် ပြန်ကြားရေးဝန်ကြီးဌာန

ခင်ရတနာ၊ ဇင်ဦး၊ ဓာတ်ပုံ-သီဟစည်သူ

ယခုကာလသည် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာကို ဖြတ်သန်းပြီးခဲ့ချိန်ဖြစ်ပါသည်။ အများပြည်သူနှင့် နိုင်ငံတော်၏ မဏ္ဍိုင်သုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့အကြား သတင်းအချက်အလက်များ ဆက်သွယ်ပေါင်းကူး ပြန်ကြားပေးနေသည့် ပြန်ကြားရေးဝန်ကြီးဌာနသည်လည်း လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိပါသည်။ ဝန်ကြီးဌာနတွင် ဖွဲ့စည်းထားသည့် ဌာနကြီးများကလည်း ကျရာကဏ္ဍမှနေ၍ ပြည်သူများအတွက် ဖြည့်ဆည်းဆောင်ရွက်ချက်များစွာရှိခဲ့သည်။

“ပြန်ကြားရေးဝန်ကြီးဌာနက မဏ္ဍိုင်ကြီးသုံးရပ်နဲ့ ပြည်သူအကြား ဆက်သွယ်ပေါင်းကူးပေးရတဲ့ဌာနဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ အခုလိုဖြေကြားတာသည်ပင် ဆက်သွယ်ပေါင်းကူးတာပဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ အပါအဝင် မဏ္ဍိုင်ကြီးသုံးရပ်ရဲ့ စတုတ္ထတစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့တဲ့ ဆောင်ရွက်ချက်တွေကို အများပြည်သူ သိရှိစေဖို့အတွက် ပြန်ကြားရေးဝန်ကြီးဌာနကနေ ရိုက်ကူးပြီး ရုပ်သံအစီအစဉ်တွေ၊ သတင်းစာများကနေ ဖော်ပြတာဖြစ်ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က စတုတ္ထတစ်နှစ်တာ၏ လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ အဓိကတာဝန်များမှာ အများပြည်သူသို့ သတင်းအချက်အလက်များပေးရန်၊ အများပြည်သူ အသိပညာဖွံ့ဖြိုးတိုးတက်စေရန်တို့ ဖြစ်သည်။ ထို့အပြင် ပြည်သူများ နေ့စဉ်ဘဝအမောပြေစေရေးအတွက် ဖျော်ဖြေမှုများကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည်။

### သတင်းတင်ဆက်မှုနှင့်ဖျော်ဖြေမှုပေးအပ်

“ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်တွေကို မြန်မာဘာသာအပြင် တိုင်းရင်းသားဘာသာစကားတွေ၊ အင်္ဂလိပ်ဘာသာတွေနဲ့ လွှင့်တင်ပေးပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် သတင်းအချက်အလက်ပေးခြင်း၊ အသိပညာပေးခြင်းနှင့် ဖျော်ဖြေမှုပေးခြင်းဆိုတဲ့ တာဝန်သုံးရပ်စလုံးကို ဆောင်ရွက်သလို သတင်းအလုပ်ကို အဓိကထား ဆောင်ရွက်တဲ့ နောက်လုပ်ငန်းတစ်ခုကတော့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖြစ်ပါတယ်။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်မှာတော့ ကြေးမုံနဲ့ မြန်မာ့အလင်း သတင်းစာတွေကို မြန်မာဘာသာနဲ့ ထုတ်ဝေပါတယ်။ အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေတဲ့ The Global New Light of Myanmar သတင်းစာကိုတော့ ပြင်ပကုမ္ပဏီတစ်ခုနဲ့ ပူးပေါင်းထုတ်ဝေပါတယ်။ လုပ်ငန်းရဲ့သဘောကတော့ ပုံနှိပ်နည်းအရ ဆောင်ရွက်ရတာဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကတော့ အသံနှင့် ရုပ်သံထုတ်လွှင့်တဲ့နည်းအရ ဆောင်ရွက်ပါတယ်”ဟု ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနများအကြောင်းကို ပြည်ထောင်စုဝန်ကြီးက ရှင်းလင်း ပြောကြားသည်။

ယခုအချိန်သည် နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူများအား တင်ဆက်လျက်ရှိသည့်

*အချပ်ပို (ခ) သို့*



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်



၈-၂-၂၀၂၀ ရက်က ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ လူထုအခြေပြုဗဟိုဌာနကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို (က) မှ*

မီဒီယာအသစ်ဖြစ်သော အွန်လိုင်း သို့မဟုတ် ဒစ်ဂျစ်တယ်မီဒီယာများ ပိုမိုအားကောင်းလာသည့်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အွန်လိုင်းမှတစ်ဆင့် သတင်းအချက်အလက်များ လွှင့်တင်ခြင်းမျိုး ဆောင်ရွက်လာသကဲ့သို့ သတင်းစာများကိုလည်း အွန်လိုင်းတွင် အလွယ်တကူဖတ်ရှုခြင်းဖြင့် သတင်းအချက်အလက်များ ဖြန့်ချိနိုင်ရန် ကြိုးပမ်းဆောင်ရွက်ထားသည်ကိုလည်း ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

**ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း**

အသိပညာပေးသည့် တာဝန်ကို ထမ်းဆောင်ခြင်းအပြင် အစိုးရနှင့်အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များ မှတ်တမ်းတင်သည့်တာဝန်ကို ဝန်ကြီးဌာနအောက်ရှိပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသည်။

"ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရဲ့ ပုံနှိပ်ခြင်းအပိုင်းမှာတော့ နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနတွေနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေကို ပုံနှိပ်ထုတ်ဝေရပါတယ်။ မှတ်တမ်းများ ရိုက်ကူးပုံနှိပ်ပါတယ်။ အစိုးရများရဲ့ ဆောင်ရွက်ချက်တွေနဲ့ ဝန်ထမ်းအကြီးအကဲများ ခန့်အပ်တာဝန်ပေးခြင်းစတဲ့ အစိုးရပြန်တမ်းများ ပုံနှိပ်တဲ့လုပ်ငန်းကို အစိုးရရဲ့ ပြန်ကြားရေးဌာနများ စတင်ပေါ်ပေါက်စဉ်ကတည်းက ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ကနဦး တာဝန်တွေကို ဆောင်ရွက်ရတာဖြစ်ပါတယ်။ မူလတာဝန်အရ ပုံနှိပ်တာတွေအပြင် ဒီကနေ့မှာတော့ ပညာရေးဝန်ကြီးဌာနက ပြဋ္ဌာန်းထားတဲ့ ကျောင်းသုံးစာအုပ်များကို လုပ်ငန်းအပ်နှံတဲ့အတွက် ကျောင်းသုံးစာအုပ်ပုံနှိပ်ပေးတဲ့ အလုပ်ကို ဒီဌာနက အတော်များများ တာဝန်ယူဆောင် ရွက်ပေးနေပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားသည်။

ထို့အတူ ရွေးကောက်ပွဲအတွက် မဲစာရင်းများနှင့် မဲလက်မှတ်များ ရိုက်ကူးပုံနှိပ်ခြင်းကို လုပ်ဆောင်လျက်ရှိပြီး တိုင်းပြည်အတွက် အသိပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအောက်၌ စာပေဗိမာန်ဌာနခွဲရှိပြီး စာပေဗိမာန်မှ ဦးဆောင်ကာ စာပေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များစွာရှိကြောင်း သိရှိရသည်။

ဌာနကြီးတစ်ခုဖြစ်သည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှာမူ အမည်နာမအတိုင်း ပြည်သူ့ဆက်ဆံရေးတာဝန်ကို အလေးထားဆောင်ရွက်ကြပြီး အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံခြင်းဖြင့် အသိပညာနှင့် သတင်းအချက်အလက်များ ဖြန့်ဝေခြင်းကို အဓိကထား ဆောင်ရွက်ခြင်းဖြစ်သည်။

**ပေါင်းကူးတံတား**

ပြန်ကြားရေးဝန်ကြီးဌာနသည် မဏ္ဍိုင်သုံးရပ်နှင့် အများပြည်သူအကြား ဆက်သွယ်ပေါင်းကူးပေးသည့်ဌာနဖြစ်ပြီး တစ်နည်းအားဖြင့် အစိုးရနှင့် ပြည်သူအကြား ဆက်သွယ်ပေါင်းကူးပေးသည့် ဌာနဖြစ်ပါသည်။ ဆက်သွယ်ပေါင်းကူးရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့သည် ရုပ်/သံများနှင့် သတင်းစာစာမျက်နှာများမှတစ်ဆင့် အများပြည်သူနှင့် ဆက်ဆံထိတွေ့ခြင်းဖြစ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှာမူ လူကိုယ်တိုင် တိုက်ရိုက်ထိတွေ့ဆက်ဆံခြင်းဖြင့် ဝန်ဆောင်မှုပေးအပ်ခြင်းဖြစ်ပါသည်။

"အမြို့မြို့အနယ်နယ်မှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတွေ၊ စာကြည့်တိုက်တွေရှိပါတယ်။ တစ်ချိန်ကတော့ စာကြည့်တိုက်လုပ်ငန်းကို အဓိက လုပ်ကိုင်ပါတယ်။ ဒီကနေ့မှာတော့ ရုံးတွေ၊ စာကြည့်တိုက်တွေကို အများပြည်သူ ဝင်ထွက်သွားလာရာ နေရာတွေ၊ အများပြည်သူတွေ တွေ့ဆုံနှီးနှောဖလှယ်ရာနေရာတွေ အများပြည်သူ ဆွေးနွေးပွဲတွေလုပ်တဲ့နေရာစတဲ့ အများပြည်သူပိုင်တဲ့ နေရာတွေ၊ Community Center တွေအဖြစ် အသွင်ပြောင်းလဲဆောင်ရွက်ပါတယ်။ ပြည်သူ့စကားဝိုင်းတို့၊ စာပေဆွေးနွေးပွဲတို့ စသည်ဖြင့် ရပ်ရွာနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ ဆွေးနွေးဝေဖန်တဲ့ နေရာဌာနအဖြစ် ကျွန်တော်တို့ ပြောင်းလဲလုပ်ကိုင်နေပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

ပြည်သူများနှင့် ဆက်ဆံရာ၌ အများပြည်သူများထံသို့ သတင်းအချက်အလက်များ ပေးအပ်သည့်အပြင် အများပြည်သူထံမှ ဆွေးနွေး၊ တောင်းဆို၊ တင်ပြလိုသည့် အရာများကို Community Center များတွင် တောင်းဆိုဆွေးနွေးတင်ပြခွင့် ရရှိအောင် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ အသိပညာပြန့်ပွားရေး လုပ်ငန်းများအပြင် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း အထူးအလေးပြု ဆောင်ရွက်လျက်ရှိပြီး ထင်ထင်ရှားရှားနှင့် အောင်မြင်မှုရရှိခဲ့သည့် ကလေးစာပေပွဲတော်များနှင့် လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှပင် အဓိက ဦးဆောင်၍ ကျင်းပပေးလျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် ဌာနကြီးလေးခု ခွဲခြားတည်ရှိနေသော်လည်း ဌာနလေးခုသည် တစ်ခုချင်း ကိုယ်ပိုင်လုပ်ငန်းစဉ်များကိုသာ သီးခြားလုပ်ကိုင်နေခြင်း မဟုတ်ဘဲ တစ်ခုနှင့် တစ်ခုအပြန်အလှန် ပေါင်းစပ်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။ "ဥပမာ သတင်းအလုပ်ဆိုရင် သတင်းစုဆောင်းတဲ့ မြန်မာ့သတင်းစဉ်ဆိုတဲ့ဌာနရှိတယ်။ သတင်းစဉ်ကနေရရှိလာတဲ့ သတင်းတွေကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အသုံးပြုတယ်။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရဲ့ သတင်းစာတွေကလည်း အသုံးပြုပါတယ်။ အထူးသဖြင့် နောက်ပိုင်းမှာ မီဒီယာအသစ်တွေ ဖွံ့ဖြိုးတိုးတက်လာခဲ့မယ်ဆိုရင် ရုပ်သံလွှင့်တဲ့လုပ်ငန်း၊ စာရွက်ပေါ်ကနေ သတင်းဖြန့်ချိတဲ့လုပ်ငန်းအားလုံးဟာ အတူပေါင်းစပ်ပြီး ပိုမိုလုပ်ကိုင်လာရမှာ ဖြစ်ပါတယ်" ဟု ပြောသည်။



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း

**သတင်းစုဆောင်းခြင်းကို တက်ကြွစွာ ဆောင်ရွက်နေ**

ပြောင်းလဲလာသည့် သတင်းတင်ဆက်မှုနှင့်အတူ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည်လည်း သတင်းလုပ်ငန်းများတွင် အကျုံးဝင်လာမည်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ဝန်ထမ်းများသည် သတင်းစုဆောင်းသည့်လုပ်ငန်းကို တက်တက်ကြွကြွ ဆောင်ရွက်နေကြပြီး အများပြည်သူနှင့် ပတ်သက်သည့် သတင်းများနှင့် ရုပ်သံများကို တင်ပို့ပေးခြင်းဖြင့် ပြန်လည်ဖြန့်ချိခြင်းများကိုလည်း ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရှိရသည်။

"အသိပညာပေးတဲ့ အစီအစဉ်တွေနဲ့ စာပေဖွံ့ဖြိုးရေးအစီအစဉ်တွေမှာ ဆိုရင်လည်း ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက စာပေဗိမာန်အဖွဲ့ကြီးကနေ စာပေနဲ့ပတ်သက်တဲ့ စာပေဆွေးနွေးပွဲတို့ စာတမ်းဖတ်ပွဲတို့ ပြုလုပ်သလို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည်လည်း ပူးတွဲဆောင်ရွက်ရတာ ရှိပါတယ်။ စာပေမှာတော့ အဲဒီဌာနနှစ်ခုသည် ပူးတွဲဆောင်ရွက်ရသလို သူတို့တင်သာမက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ ဆိုရင်လည်း စာပေဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုဖွံ့ဖြိုး တိုးတက်ရေး အစီအစဉ်တွေကို ထုတ်လွှင့်နေသလို နိုင်ငံပိုင်သတင်းစာတွေ မှာလည်း စာပေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထူးကဏ္ဍတွေ ဖော်ပြနေတာရှိပါတယ်"ဟု ဌာနအချင်းချင်း ပေါင်းစပ်ဆောင်ရွက်နေမှုများအကြောင်းနှင့် စပ်လျဉ်း၍ ထည့်သွင်း ပြောကြားသည်။

**ဌာနများအချင်းချင်းပူးပေါင်း၍ရလဒ်ကောင်းများထွက်ပေါ်**

ပြန်ကြားရေးဝန်ကြီးဌာနသည် ဌာနအတွင်းရှိ ဌာနခွဲများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ကာ အများပြည်သူအတွက် ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသည့်အပြင် အခြားသော ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ပြင်ပအဖွဲ့အစည်းများအပါအဝင် လူပုဂ္ဂိုလ်များနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများစွာရှိကြောင်း သိရှိရသည်။

"ကလေးစာပေပွဲတော်တွေကို အနယ်နယ်အရပ်ရပ်မှာ ကျင်းပတဲ့အခါ သက်ဆိုင်ရာနယ်မြေဒေသက တာဝန်ရှိသူတွေအားလုံး ပါဝင်ကြသလို ကလေးတွေရှိတဲ့ ပညာရေးဝန်ကြီးဌာနနဲ့ အများဆုံးပူးပေါင်းဆောင်ရွက်ရပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ ရည်ရွယ်ချက်ထဲမှာကိုက ကျောင်းသင်ခန်းစာ ပြင်ပအသိပညာ၊ စာပေဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရဖို့ရှိတဲ့အတွက် ပညာရေးဝန်ကြီးဌာနနဲ့ အတော်များများ ပူးတွဲဆောင်ရွက်ရတာဖြစ်ပါတယ်။

"လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးပွဲတော်တွေ ကျင်းပတဲ့အခါမှာလည်း ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စတဲ့ အခြားဝန်ကြီးဌာနအသီးသီး ပါဝင်ပူးပေါင်းဆောင်ရွက်ရတာလည်းဖြစ်ပါတယ်။ ဒီအပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်များက အစိုးရအဖွဲ့အစည်းများနဲ့လည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရပါတယ်။ တစ်ချိန်တည်းမှာပဲ အနယ်နယ်အရပ်ရပ်က လွှတ်တော်ကိုယ်စားလှယ်များကလည်း စာပေပွဲတော်တွေ၊ ပြည်သူ့စကားဝိုင်းတွေ၊ ဆွေးနွေးပွဲတွေမှာ ပူးပေါင်းပါဝင်ပေးကြပါတယ်။ ဒါဟာလည်း တစ်နည်းပြောရင်တော့ သက်ဆိုင်ရာဒေသက ပြည်သူ့ကိုယ်စားလှယ်များနဲ့ ပြည်သူများ ထိတွေ့နိုင်အောင် ဆောင်ရွက်ပေးတဲ့ အစီအစဉ်တစ်ခုလို့လည်း ပြောနိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက ပူးတွဲဆောင်ရွက်ပေးကြတဲ့အတွက် ဒီအစီအစဉ်တွေ အတော်လေး ထိရောက်အောင်မြင်မှု ရရှိတယ်လို့ ပြောနိုင်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့ပြင် ပြင်ပမှ စေတနာရှင်များ၊ ပါဝင်ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များနှင့်အဖွဲ့အစည်းများအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုများကို ရရှိခဲ့သဖြင့်လည်း ပြန်ကြားရေးဝန်ကြီးဌာန၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ရည်မှန်းချက်တာဝန်များကို အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

**စာပေနှင့်အနုပညာဖွံ့ဖြိုးရေးဖော်ဆောင်**

ပြန်ကြားရေးဝန်ကြီး ဌာနသည် ကျောင်းသုံးပုံနှိပ်လုပ်ငန်း ရိုက်နှိပ်ထုတ်ဝေရေးတာဝန်ကိုလည်း ထမ်းဆောင်ပေးလျက်ရှိရာ တစ်နိုင်ငံလုံးအားဖြင့် အခြေခံပညာ ကျောင်းသား ကျောင်းသူပေါင်း ကိုးသန်းကျော်နှင့် ဆရာ၊ ဆရာမပေါင်း လေးသိန်းနီးပါးအတွက် တစ်နှစ်လုံးစာ ကျောင်းသုံးစာအုပ်များကို အများဆုံး ရိုက်နှိပ်ထုတ်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ဒစ်ဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု အထွတ်အထိပ်သို့ရောက်ရှိနေ**

လက်ရှိအခြေအနေသည် နိုင်ငံတကာတွင် ကိုဗစ်-၁၉ ကူးစက်ကပ်ရောဂါကြီး ကျရောက်နေသည့်အတူ တစ်ချိန်တည်းမှာပင် နိုင်ငံတကာ၌ ဒစ်ဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အထွတ်အထိပ်သို့ ရောက်ရှိလာပြီး လူအများ၏ သတင်းအချက်အလက်၊ အသိပညာ၊ ဖျော်ဖြေရေးစသည်တို့ကို ရယူသုံးစွဲတဲ့ပုံစံများ ပြောင်းလဲလာသည့်အတွက် လူတိုင်းသတင်းသမားများ ဖြစ်လာနေကြကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပြောကြားသည်။

"ကိုဗစ်-၁၉ ဆိုတဲ့ ကပ်ရောဂါဟာ နိုင်ငံတကာမှာ ခြိမ်းခြောက်လျက်ရှိပါတယ်။ နိုင်ငံတကာအတွက် အရေးအကြီးဆုံး တာဝန်ကတော့ ဒီရောဂါကပ်ဆိုးကို ဆုံးရှုံးနစ်နာမှုအနည်းဆုံးနဲ့ ဘယ်လိုကျော်လွှားမလဲဆိုတာပါ။ ကျွန်တော်တို့ နိုင်ငံမှာတော့ နှစ်ပေါင်း ၇၀ ကျော်ကြာ ဖြစ်ပေါ်လာခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေ အပါအဝင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ကာလမှာ ပေါ်ထွက်လာတဲ့ စိန်ခေါ်မှုမျိုးစုံရှိပါတယ်။ ဒီလို အခြေအနေမှာ အဆိုးဆုံး စိန်ခေါ်မှုက အမုန်းတရားနဲ့ သံသယကို ဖြစ်စေတဲ့ သတင်းအတုတွေ၊ သတင်းအမှားတွေ၊ တမင် မသမာတဲ့စိတ်ဓာတ်နဲ့ လုပ်ကြံဖန်တီးထားတဲ့ သတင်းတွေ ပေါ်ထွန်းပြန့်ပွားလာတတ်ပါတယ်။ ပြည်သူအများစုဟာ အင်တာနက်ပေါ်က မီဒီယာအသစ်မှာ သတင်းအချက်အလက်နဲ့ ဖျော်ဖြေရေးအစီအစဉ်တွေကို ပိုကြည့်လာကြပါတယ်။ အဲဒီအခါ အမုန်းတရားတွေ၊ သံသယတွေ ဖြစ်ပေါ်စေတဲ့ သတင်းတု၊ သတင်းမှားတွေနဲ့ လုပ်ကြံသတင်းတွေက ပြန့်ပွားဖို့ သိပ်ကို လွယ်ပါတယ်" ဟု ဒုတိယဝန်ကြီး က ထောက်ပြပြောကြားသည်။

**တာဝန်ခံမှုရှိသည့်သတင်းရင်းမြစ်များ**

ယခုကာလအတွင်း ပြည်သူများအားလုံးအတွက် အရေးကြီးသည့်တာဝန်များအနက် အမုန်းတရားနှင့် အာဃာတများကို ပြန့်ပွားစေသော သတင်းအတု၊ သတင်းအမှားနှင့် လုပ်ကြံသတင်းများကို ပိတ်ပင်တားဆီးရေးနှင့် ဖော်ထုတ်ဟန့်တားရေးတို့ကိုလည်း လုပ်ဆောင်ကြရန် လိုအပ်နေချိန်ဖြစ်သည့်အပြင် တစ်ချိန်တည်းမှာပင် အရေးအကြီးဆုံးအရာသည် တိကျမှန်ကန်ပြီး ပြည်သူများ သိသင့်သိထိုက်သည့် သတင်းမှန်များကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် သတင်းအရင်းအမြစ်များမှ အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ဖော်ပြပေးရန် တာဝန်ရှိလာသည်။

" အဲဒီ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ သတင်းအရင်းအမြစ်တွေက ထုတ်လွှင့်လိုက်တဲ့ သတင်းတွေဟာ အချိန်နဲ့တစ်ပြေးညီ ပြည်သူတွေအကြားမှာ စီးဆင်းနေဖို့က သိပ်အရေးကြီးပါတယ်။ *အချပ်ပို (ဂ) သို့*



မြန်မာ့ရုပ်မြင်သံကြားမှ ရုပ်သံအစီအစဉ်များ On Air ထုတ်လွှင့်နေမှုကို တွေ့ရစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ

*အချုပ်ပို (ခ) မှ*

မကောင်းတဲ့သတင်းတွေ၊ ညစ်ထေးနေတဲ့ သတင်းတုတွေကို ဖုံးလွှမ်းသွားတဲ့အထိ ကြိုးပမ်းဖို့လိုပါတယ်။ အဲဒီအပေါ်မှာ အခြေခံပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ရမယ့် တာဝန်တွေကို စဉ်းစားဖို့ လိုပါတယ်"ဟု ဒုတိယဝန်ကြီးက ပြောကြားသည်။

"အဲဒီဟာတွေကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေအပါအဝင် လူတိုင်းလူတိုင်းက လုပ်လို့ရတယ်ဆိုတာကို ကျွန်တော်ပြောလိုတာပါ။ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့ရဲ့ တာဝန်မဟုတ်ပါဘူး။ အားလုံးက ပူးပေါင်းပါဝင်ဖို့ လိုပါတယ်။ ထုတ်လွှင့်တဲ့အဖွဲ့အစည်းက အချိန်မီ ထုတ်လွှင့်မယ်။ သတင်းစီးဆင်းမှုကို တာဝန်ခံတဲ့အဖွဲ့အစည်းကလည်း တာဝန်ခံထုတ်လုပ်ရမယ်။ အချက်အလက်ရယူသုံးစွဲတဲ့ ပြည်သူတွေအနေနဲ့လည်း " တွေ့ရာမြင်ရာကို ဝင်ပြီးဆွေးနွေးတာတွေ၊ ဆဲဆိုတာတွေ၊ သဘောထားအမြင်ပြောတာတွေ၊ မျှဝေတာတွေကို မလုပ်ခင် သေသေချာချာ စဉ်းစားဖို့လိုအပ်ပါတယ်" ဟုလည်း ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

**သတင်းမှားများကို မဖြန့်ဝေကြရန်လိုအပ်**

"ဒါ့ကြောင့် ဘယ်လိုသုံးရမလဲဆိုရင် သတင်းအမှားတွေကို မဖြန့်ဝေရဘူး၊ အမုန်းစကားတွေမပြန့်ပွားရဘူး။ တစ်ယောက်နဲ့တစ်ယောက်အွန်လိုင်းမှာ ခြိမ်းခြောက်မှုတွေ မလုပ်ရဘူးစသည်ဖြင့် သတ်မှတ်ထားတာတွေ ရှိပါတယ်။ အဲဒီလို အသိပညာဗဟုသုတ ပြန့်ပွားအောင်လုပ်တဲ့ဟာကို ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာတွေက လုပ်နေပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့နဲ့ တရားဝင် ပူးပေါင်းဆောင်ရွက်ပြီး လုပ်ကိုင်နေကြတဲ့ မိတ်ဖက်မီဒီယာတွေ ရှိပါတယ်။ သူတို့ဆောင်ရွက်နေတဲ့ FM တွေ၊ ရုပ်သံလိုင်းတွေရှိပါတယ်။ သူတို့အနေနဲ့ ပြည်သူတွေအတွက် သတင်းအချက်အလက်၊ အသိပညာဗဟုသုတနဲ့ ဖျော်ဖြေရေးအစီအစဉ်တွေ ဆောင်ရွက်ပေးနေတာကိုလည်း သိပ်ကို အသိအမှတ်ပြုပါတယ်" ဟု ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် ဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အတတ်နိုင်ဆုံး အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက် ရှိပါသည်။ လိုအပ်ချက်များစွာ ရှိသော်လည်း ယင်းတို့မှာ နှစ်ပေါင်းများစွာ ဆုံစည်းလာခဲ့ခြင်းဖြစ်ပြီး အခက်အခဲများနှင့် စိန်ခေါ်မှုများကို ဖြေရှင်းနေရင်းကပင် မျှော်လင့်မထားသည့် စိန်ခေါ်မှုအသစ်များကလည်း ရောက်ရှိလာတတ်ခြင်းကိုလည်း ကြုံတွေ့ရတတ်ကြောင်း သိရှိရပြီး ယခုကာလတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု မမျှော်လင့်ဖွယ်ရာ ရောက်လာခဲ့သည်။ မိမိတို့ နိုင်ငံထက်ပင် ငွေကြေးစနအင်အားကြီးမားသည့် နိုင်ငံများပင် စိန်ခေါ်မှုမျိုးစုံဖြင့် ရင်ဆိုင်ကြုံတွေ့နေရချိန်ဖြစ်ရာ မိမိတို့အပေါ်၌လည်း အန္တရာယ်ဆိုး၏ သက်ရောက်နိုင်မှု အင်အားကြီးမားကြောင်း ဒုတိယဝန်ကြီးထံမှ သိရှိရသည်။

**ရုပ်သံလိုင်းများစွာဖြင့် ဝန်ဆောင်မှုပေး**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း ဖြစ်သည်နှင့်အညီ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုအပြင် အွန်လိုင်းမီဒီယာများဖြစ်သည့် Website ၊ Facebook ၊ Youtube ၊ Sound Cloud တို့ဖြင့်လည်း ထုတ်လွှင့်ဖော်ပြပေးလျက်ရှိပါသည်။ ထိုကဲ့သို့ ဖော်ပြတင်ဆက်ရာ၌ သတင်းရုပ်သံလိုင်း၊ လွှတ်တော်ရုပ်သံလိုင်း၊ တိုင်းရင်းသားရုပ်သံလိုင်း၊ တောင်သူလယ်သမားရုပ်သံလိုင်း၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် Myanmar International Television (MITV) ရုပ်သံလိုင်းများအပြင် ဖက်စပ်မီဒီယာများ၏ ရုပ်သံလိုင်း စုစုပေါင်း ၁၉ လိုင်းကို အခမဲ့ ရုပ်သံလိုင်းများအဖြစ် ဒစ်ဂျစ်တယ် (Digital) စနစ်အပြင် အန်နာလော့ (Analogue) စနစ်များဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါသည်။

"လက်ရှိအချိန်မှာတော့ အန်နာလော့စနစ်နဲ့ ထုတ်လွှင့်မှုဟာ မြန်မာတစ်နိုင်ငံလုံးရှိ လူဦးရေရဲ့ ၉၂ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး ဒစ်ဂျစ်တယ်စနစ်နဲ့ ထုတ်လွှင့်မှုတွေကိုလည်း နိုင်ငံမှာရှိတဲ့ လူဦးရေရဲ့ ၈၈ ဒသမ ၇ ရာခိုင်နှုန်း ခန့်ဖမ်းယူရရှိနိုင်မှာဖြစ်ပါတယ်။ မြန်မာ့အသံရေဒီယိုထုတ်လွှင့်မှုတွေကိုတော့ လှိုင်းတို၊ လှိုင်းလတ်တွေနဲ့ အထက်မြန်မာပြည်၊ အောက်မြန်မာပြည်ပိုင်းခြား ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ ဒီလိုထုတ်လွှင့်ပေးတဲ့အပြင် မြန်မာ့အသံ FM ရေဒီယိုအစီအစဉ်ကိုလည်း အခုအခါမှာ နိုင်ငံ့လူဦးရေရဲ့ ၇၈ ရာခိုင်နှုန်းကျော် ဖမ်းယူနားဆင်နိုင်ပြီ ဖြစ်ပါတယ်" ဟု ပြန်ကြားရေးဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်၊ စတုတ္ထ (၁) နှစ်တာကာလအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်တာဝန်ကိုပါ ပူးတွဲထမ်းဆောင်ခဲ့သူဖြစ်သည့် ဦးမျိုးမြင့်မောင်က ပြောကြားသည်။

**ဝန်ထမ်းများ၏ကြိုးပမ်းမှုမှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့**

နေ့စဉ်ထုတ်လွှင့်မှုများကို ပုံမှန်စီစဉ်ဆောင်ရွက်နိုင်စေရေးအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း)ရုံးချုပ်၊ သတင်းဗျူရိုကြီး နှစ်ခု၊ ရုပ်မြင်သံကြားတိုင်းရင်းသား ရုပ်သံရုံးခွဲ ၁၁ ခု၊ မြန်မာ့အသံရေဒီယို တိုင်းရင်းသားဗျူရို ရုံးခွဲ ၁၇ ခုအပြင် ဇုန် ၉ ဇုန်နဲ့ ပိုင်းခြားထားခြင်းဖြင့် မြန်မာနိုင်ငံအနှံ့အပြားမှာရှိနေသည့် ထပ်ဆင့်လွှင့်စက်ရုံ ၂၅၀ ကျော်က ဆောင်ရွက်ပေးနေကြခြင်းဖြစ်သည်။ တိုင်းရင်းသားဘာသာ ထုတ်လွှင့်မှုများတွင် ရုပ်မြင်သံကြား၌ တိုင်းရင်းသားဘာသာ ၁၁ ဘာသာ၊ ရေဒီယို၌ တိုင်းရင်းသားဘာသာ ၁၇ ဘာသာကို အလှည့်ကျထုတ်လွှင့်



အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်

ပေးလျက်ရှိပါသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ဖြစ်သည့်အတွက် ပြီးခဲ့သည့် တစ်နှစ်တာကာလအတွင်း ရုပ်မြင်သံကြားအစီအစဉ်တွေ၊ ရေဒီယိုအစီအစဉ်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ဌာနရှိဝန်ထမ်းများအားလုံး၏ ကြိုးပမ်းအားထုတ်မှုမှတ်တိုင် တစ်ခုပင်ဖြစ်ကြောင်း အမြဲတမ်းအတွင်းဝန်ထံမှ သိရှိရသည်။

"မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနဲ့ ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)တို့ ပူးပေါင်းပြီး စီမံကိန်းအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ပြည်လမ်း) ရန်ကုန်မြို့မှာ ခေတ်မီစတူဒီယိုတစ်ခုကို တည်ဆောက်နိုင်ခဲ့ပြီဖြစ်လို့ ကျွန်တော်တို့ရဲ့ ရိုက်ကူးရေးပိုင်းဆိုင်ရာတွေကို ရုပ်သံအရည်အသွေး ပိုမိုကောင်းမွန်တဲ့ HD စနစ်နဲ့ ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။ ဒီစီမံကိန်းအရ ပါရှိတဲ့ အလွယ်တကူရွှေ့ပြောင်းသွားလာနိုင်ပြီး ရိုက်ကူးနိုင်တဲ့ Digital Satellite News Gathering (DSNG) Van သုံးစီးရရှိခဲ့တာဖြစ်လို့ မူလ ကျွန်တော်တို့မှာရှိတဲ့ DSNG Van တွေ၊ ပြင်ပရိုက်ကူးရေးတွေမှာ ဆောင်ရွက်တဲ့ Outside Broadcasting (OB) Van တွေနဲ့ တွဲဖက်ပြီးတော့ နေရာအစုံကနေ ရိုက်ကူးထုတ်လွှင့်တာ၊ တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်တာတွေကို ပိုမို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးနိုင်တော့မှာ ဖြစ်ပါတယ်။ မြန်မာ့ရုပ်မြင်သံကြားရုပ်သံလိုင်းကို မူလက SD စနစ်နဲ့ ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ အခုအချိန်မှာတော့ အရုပ်အသံ အရည်အသွေးကို ပိုမိုကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်တဲ့ HD စနစ်အဖြစ် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၅ ရက်က စတင်ပြီး ပြောင်းလဲထုတ်လွှင့်ပေးလျက်ရှိပါတယ်"ဟု မြန်မာ့အသံနှင့်ရုပ်မြင် သံကြားမှ ပြုပြင်ပြောင်းလဲမှုများအကြောင်းကိုလည်း အမြဲတမ်းအတွင်းဝန်က ပြောကြားသည်။

**အစီအစဉ်သစ်များကို ပရိသတ်ထံပေးအပ်နိုင်**

ထူးခြားသည့် ဆောင်ရွက်ချက်များအနက် ရခိုင်ပြည်နယ်အတွင်းမှာ မြို့နယ်အချို့မှ ပြည်သူများ နိုင်ငံတော်အစိုးရ၏ နယ်မြေတည်ငြိမ်အေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်မှုအရပ်ရပ်ကို အလွယ်တကူ သိရှိနိုင်စေရန်အတွက် ရည်ရွယ်ချက်ဖြင့် ရေဒီယိုအလုံးပေါင်း ၆၇၇၈၀ ကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှတစ်ဆင့် အခမဲ့ ဖြန့်ဝေပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ပုံမှန်တင်ဆက်လျက်ရှိသည့် အစီအစဉ်များကို ပြည်သူများ ပိုမိုစိတ်ဝင်စားအားပေးလာစေရန် ရည်ရွယ်၍ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှု Content Reform များကိုလည်း ပြုလုပ်ခဲ့ရာ ဌာနက ဝန်ထမ်းများ၏ ရိုက်ကူးထုတ်လုပ်မှု၊ ဖန်တီးတင်ဆက်မှုများကြောင့် အစီအစဉ်များစွာ ထုတ်လုပ်နိုင်ခဲ့ပြီး ပရိသတ် အသိအမှတ်ပြုသည့် အစီအစဉ်များလည်း ပါဝင်ခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများအနက် ပြည်သူလူထု၏ အကျိုးစီးပွားကို ထိထိရောက်ရောက် အထောက်အကူပြုနိုင်သည့် အကြောင်းအရာများကို ရွေးချယ်စီစဉ်တင်ဆက်သည့် ပြည်သူ့အကျိုးပြုမှတ်တိုင်များ အစီအစဉ်နှင့် ဝေးလံခေါင်ဖျားသည့် ဒေသများတွင် သွားရောက်တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အခက်အခဲပေါင်းစုံကြားမှ ပေးအပ်သည့် တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်လျက်ရှိသည့် ပုံရိပ်များကို ရိုက်ကူးထားသည့် အစီအစဉ်များလည်း ပါဝင်ခဲ့ကြောင်း အမြဲတမ်းအတွင်းဝန်က ဆက်လက်ပြောကြားသည်။

"မြန်မာနိုင်ငံ မြောက်ဖျားပိုင်းမှာရှိတဲ့ ခေါင်လန်ဖူးဒေသမှာ တာဝန်ထမ်းဆောင်တဲ့ ပညာရေးဝန်ထမ်းတွေအကြောင်း သွားရောက်ရိုက်ကူးတဲ့ အိပ်မက်လမ်းသို့ ခရီးရှည်ဆိုတဲ့ အစီအစဉ် အပါအဝင် မှတ်တမ်းရုပ်ရှင်တွေ၊ တစ်ဖက်ကလည်း စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ပန်းချီ အစရှိတဲ့ အနုပညာရှင်တွေရဲ့ ဖြတ်သန်းလာခဲ့တဲ့ ဘဝခရီး၊ သူတို့ဖန်တီးထားတဲ့အနုပညာတွေကို တွေ့ဆုံမေးမြန်းစီစဉ်ရိုက်ကူးတဲ့ ဘဝနဲ့ အနုပညာ၊ အဲဒီအစီအစဉ်တွေကို ရိုက်ကူးတင်ဆက်နိုင်ခဲ့ပါတယ်။ ဒီနှစ်ထဲမှာ ကျရောက်တဲ့ ရန်ကုန်တက္ကသိုလ်ရာပြည့်၊ မြန်မာ့ရုပ်ရှင်ရာပြည့်အစီအစဉ်များနဲ့ ပတ်သက်လို့လည်း အကြို ထုတ်လွှင့်မှုများအနေနဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု အမြဲတမ်းအတွင်းဝန်က ပြောကြားသည်။

**ပြည်သူ့အတွက်မြန်မာ့အသံ**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အနာဂတ်ကာလ ရည်မှန်းချက်များအဖြစ် ရုပ်သံအစီအစဉ်များကို တစ်နိုင်ငံလုံးမှ ဖမ်းယူကြည့်ရှုနိုင်တဲ့ Direct to Home (DTH) စနစ် ကျင့်သုံးနိုင်ရေးအတွက် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါသည်။ "ထို့အတူ အာဆီယံနိုင်ငံများနည်းတူ Analogue စနစ်ဖျက်သိမ်းရေးနှင့်ပတ်သက်ပြီး ကျွန်တော်တို့ လုပ်ဆောင်နိုင်တဲ့ အခြေအနေအပေါ်မူတည်ပြီးတော့ လုပ်ငန်းစဉ်အဆင့်ဆင့်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ "ပြည်သူ့အတွက် မြန်မာ့အသံ" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပရိသတ်နှစ်ခြိုက်စေမယ့် အစီအစဉ်ကောင်းတွေကို အရည်အသွေးမီ တင်ဆက်နိုင်ဖို့အတွက် ကျွန်တော်တို့ဝန်ထမ်းတွေ ကြိုးစားအားထုတ် လုပ်ဆောင်လျက်ရှိတယ်ဆိုတာကို ပြောကြားလိုပါတယ်"ဟု အမြဲတမ်းအတွင်းဝန်က ပြောကြားသည်။

**သတင်းသိရှိပိုင်ခွင့်အတွက်ကြိုးပမ်း**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ အနယ်နယ်အရပ်ရပ်မှ ဝန်ထမ်းများက နယ်မြေဒေသဆိုင်ရာသတင်းအချက်အလက်များကို ရယူပြီး နိုင်ငံပိုင်မီဒီယာများထံ ပေးပို့၊ ထုတ်လွှင့်၊ ဖော်ပြသည့်နည်းလမ်းဖြင့် ပြည်သူများ၏ သတင်းသိရှိပိုင်ခွင့်ကို တတ်စွမ်းသမျှ ဖြည့်ဆည်းပေးလျက်ရှိသည်



ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်

ကိုလည်း မြင်တွေ့ရသည်။ ဝန်ထမ်းများအား သတင်းရေးသား၊ တည်းဖြတ်၊ ပေးပို့နည်းများကို လေ့ကျင့်သင်ကြားပေးထားသည့်အပြင် မိုဘိုင်းဖုန်းဖြင့် ရိုက်ကူး၊ တည်းဖြတ်၊ ပေးပို့နည်းများကိုလည်း လေ့ကျင့်သင်ကြားပေးခဲ့ကြောင်းသိရှိရသည်။ ရလဒ်အနေဖြင့် MOI Web Portal ၌ ဗီဒီယိုသတင်းဖိုင်များ အပါအဝင် နေ့စဉ် ပျမ်းမျှသတင်းပုဒ်ရေ ၁၅၀ ခန့်အထိ ထုတ်လွှင့်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

ထို့ပြင် ခရိုင်နှင့်မြို့နယ် ရုံးပေါင်း ၄၁၇ ရုံး၌ လျှပ်စစ်မီးနှင့် Internet Access ရရှိမှုအပေါ် မူတည်၍ အင်တာနက်ရရှိအောင် တပ်ဆင်ထားပြီးဖြစ်ခြင်းကြောင့် သတင်းပေးပို့သည့်အခါ ပိုမိုအဆင်ပြေခဲ့သည့်အပြင် အများပြည်သူများ လာရောက်အသုံးပြုနိုင်စေရေးအတွက်လည်း ဝိုင်ဖိုင်စနစ်ဖြင့် ဝန်ဆောင်မှုပေးအပ်နိုင်ခဲ့သည်ကိုလည်း မြင်တွေ့ရသည်။

"ပြည်သူတွေ အသိပညာဖွံ့ဖြိုးတိုးတက်စေဖို့ဆောင်ရွက်တဲ့အပိုင်းမှာ လူထုအခြေပြုဗဟိုဌာနတွေအဖြစ် ခရိုင်နဲ့ မြို့နယ် ပြန်/ဆက် ရုံးပေါင်း ၁၆ ရုံးကိုရွေးချယ်ပြီးတော့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနဲ့ ပူးပေါင်းအဆင့်မြှင့်တင်ခဲ့ပါတယ်။ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းက ရွေ့လျားစာကြည့်တိုက်ယာဉ်တွေ၊ လက်တော့ပ်ကွန်ပျူတာတွေကို အသုံးပြုပြီး စာကြည့်တိုက်လုပ်ငန်းတွေ၊ ကွန်ပျူတာသင်တန်းတွေ ဖွင့်လှစ်ခဲ့တယ်။

"မူလစာကြည့်တိုက် လုပ်ငန်းတွေနဲ့ ပေါင်းစပ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလုပ်ငန်းတွေဟာ ကြီးမားကျယ်ပြန့်လာတဲ့အတွက် နိုင်ငံတော်အဆင့် တာဝန်ယူဆောင်ရွက်ဖို့ လိုအပ်လာတာကြောင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ပြန်ကြားရေးနဲ့ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကို ငွေကျပ်သန်းပေါင်း ၁၀၀၀ ကျော်တန်ဖိုးရှိတဲ့ ရွေ့လျားစာကြည့်တိုက်ယာဉ် ၁၇ စီး အပါအဝင် ကွန်ပျူတာများနဲ့ စာအုပ်စာစောင်များ၊ ကျွမ်းကျင်လုပ်သားများကိုပါ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့မှာ ကျွန်တော်တို့ဌာနကို ယုံကြည်စွာ လွှဲပြောင်းပေးခဲ့ပါတယ်။ ကျွန်တော်တို့ကလည်း လုပ်ငန်းတွေကို ပိုမိုတိုးတက်အောင် အရှိန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်" ဟု စတုတ္ထနှစ်အတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး လက်ရှိတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဦးရဲနိုင်က ပြောကြားသည်။

**လူထုအခြေပြုဗဟိုဌာနများဖွင့်လှစ်**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နိုင်ငံတော်၏ ဘဏ္ဍာခွင့်ပြုချက်ဖြင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို လူထုအခြေပြုဗဟိုဌာန (Community Centre) အဖြစ်ပြောင်းလဲတည်ဆောက်ခဲ့သည်။ အဆိုပါအဆောက်အအုံကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၈ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

*အချုပ်ပို (ဃ) သို့*



မြန်မာ့အလင်းသတင်းစာတိုက် သတင်းခန်းအတွင်း သတင်းစာလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို (ဂ) မှ*

ခေတ်မီဒီဇိုင်းပုံစံဖြင့်တည်ဆောက်ထားသည့် ယင်းအဆောက်အအုံ၌ မူလစာကြည့်တိုက် အပြင် ကလေးစာဖတ်ခန်းများ၊ အစည်းအဝေး ခန်းများ၊ ဆွေးနွေးပွဲခန်းမများ အပြင် အားကစားခန်းမများကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးကာ လူထုအတွက် အကျိုးရှိ အောင် ဆောင်ရွက်ထားကြောင်း ညွှန်ကြားရေး မှူးချုပ် ဦးရဲနိုင်ထံမှ သိရှိရသည်။

ယခုဘဏ္ဍာနှစ်တွင်လည်း ရခိုင်ပြည်နယ် သံတွဲခရိုင် ပြန်/ဆက်ရုံးကို အလားတူ ဆောင်ရွက်လျက်ရှိသည်။ လူထုအခြေပြု ဗဟိုဌာနများအား နိုင်ငံတော်ဘဏ္ဍာငွေနှင့်သာ ဆောင်ရွက်ခြင်းမဟုတ်ဘဲ အကျိုးတူပူးပေါင်း ဆောင်ရွက်မှုစနစ်ဖြင့်လည်း ဆောင်ရွက် သွားမည်ဖြစ်သည်။ ယခုဘဏ္ဍာနှစ်အတွင်းမှာပင် ရှမ်းပြည်နယ် တောင်ကြီးမြို့နှင့် လားရှိုးမြို့များ၌ လူထုအခြေပြုဗဟိုဌာနများ တည်ဆောက်နေပြီး အခြားရုံးများ၌လည်း အများပြည်သူ၏ ပူးပေါင်းပါဝင်မှု၊ လှူဒါန်းမှု များဖြင့် လူထုအခြေပြုဗဟိုဌာန၏ လုပ်ထုံး လုပ်နည်းများအတိုင်း တတ်စွမ်းသမျှ ဆောင်ရွက်နေပြီဖြစ်ကြောင်း ညွှန်ကြားရေး မှူးချုပ် ဦးရဲနိုင်က ရှင်းပြသည်။

"လူထုအခြေပြု ဗဟိုဌာနတွေကို အခြေခံပြီး သိသာထင်ရှားတာတွေကတော့ ပြည်သူ့စကားဝိုင်း Public Talk ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်ကတည်းက စတင်ဆောင်ရွက် လာတာ အခုဆိုရင် အကြိမ်ပေါင်း ၃၀၀၀ ကျော် ကျင်းပနိုင်ခဲ့သလို ဌာနတွေမှာ ဖွဲ့စည်းထားတဲ့ စာဖတ်ဝိုင်း Book Club အဖွဲ့တွေကလည်း စာဖတ်ဝိုင်းတွေကို ကျင်းပလာတာ ဒီနေ့အချိန် မှာ အကြိမ်ပေါင်း ၃၀၀၀ ကျော် ရှိလာပြီဖြစ်ပါ တယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဆက်လက်ပြောကြားသည်။

### ကလေးစာပေပွဲတော်များမှသည်

ကလေးစာပေပွဲတော်များနှင့် လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များကို ပြန်ကြား ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ စီစဉ်ကျင်းပ လျက်ရှိသည်။ ပွဲတော်များအတွင်း ဝန်ထမ်းများ မှ ပြည်သူ့ဆက်ဆံရေး Public Relations နည်းလမ်းများ အသုံးပြု၍ ပညာပေးလုပ်ငန်း များကို ပိုမိုကျယ်ပြန့်အောင် ဆောင်ရွက် နိုင်ခဲ့ကြသည်ကိုလည်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရှိရသည်။ ကလေးစာပေပွဲတော်များကို နိုင်ငံတော်အဆင့် ကိုးကြိမ်၊ ခရိုင်အဆင့် ၄၉ ကြိမ်၊ ဒေသန္တရ အစီအစဉ်ဖြင့် ၃၇ ကြိမ်၊ စုစုပေါင်း ၉၅ ကြိမ်အထိ ကျင်းပနိုင်ခဲ့သည်။ လူငယ်



ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်ဆွေ

ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များကို သုံးကြိမ် ကျင်းပခဲ့ပြီး ရန်ကုန်တက္ကသိုလ်၊ မန္တလေး တက္ကသိုလ်နှင့် မကွေးတက္ကသိုလ်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနလက်အောက်တွင် ရုပ်ရှင်မြှင့်တင် ရေးဌာနလည်းပါဝင်ပြီး ယင်းဌာနသည် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ပူးပေါင်း၍ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကြိုးပမ်းဆောင်ရွက်နေသည်ကို လည်း မြင်တွေ့ရသည်။ ဌာန၏ မူလတာဝန်မှာ ပြည်တွင်း၊ ပြည်ပရုပ်ရှင်များနှင့် ဗီဒီယို ဇာတ်ကားများကို စိစစ်ခွင့်ပြုရသည့် လုပ်ငန်း ဖြစ်ခဲ့ပြီး ယင်းလုပ်ငန်းကိုလည်း တတ်စွမ်း သမျှ ဖြေလျှော့ခွင့်ပြုပေးနိုင်ခဲ့သည့်အပြင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား လမ်းရှိ ရုပ်ရှင်ခြံကို ရုပ်ရှင်အနုပညာရပ်ဝန်း (Film Development Centre – FDC) အဖြစ် ပြင်ဆင်မွမ်းမံ ဆောင်ရွက်ပေးနိုင်ခဲ့သည် ကိုလည်း ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်ထံမှ သိရှိရသည်။

### မြန်မာ့ရုပ်ရှင်နိုင်ငံတကာအထိ ထိုးဖောက်ရန် ရည်မှန်း

"အဲဒီနေရာမှာ စတူဒီယို သုံးလုံးရှိပြီး ရုပ်ရှင်လောကသားတွေ ရိုက်ကူးဖို့ခက်ခဲတဲ့ တရားခွင်ပုံစံတွေ၊ ရဲစခန်းအချုပ် ပုံစံ ဆက်တင်တွေကို စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့တဲ့ အတွက် တစ်နှစ်တာအတွင်း ရုပ်ရှင်ရိုက်ကူးတဲ့ အကြိမ်ပေါင်း ၁၇၀ အထိရှိလာတာကို တွေ့ရပါ တယ်။ ဒါ့အပြင် ဒီရုပ်ရှင်အနုပညာရပ်ဝန်းထဲမှာ ရုပ်ရှင်ပြခန်းမကို ပြင်ဆင်မွမ်းမံပေးခဲ့ပြီး ကမ္ဘာကျော်ရုပ်ရှင်တွေ၊ အော်စကာဆုရ ဇာတ်ကားတွေကို အုပ်စုဖွဲ့ပြီးတော့ လေ့လာ အကဲဖြတ်သုံးသပ်တဲ့ပုံစံမျိုးနဲ့ နှစ်ပတ် တစ်ကြိမ်မပျက်မကွက် ဆောင်ရွက်နိုင်ခဲ့ပါ တယ်။ အလားတူပဲ ရုပ်ရှင်လောကဖွံ့ဖြိုး တိုးတက်ဖို့အတွက် အကြောင်းအရာ ခေါင်းစဉ် မျိုးစုံနဲ့ ရုပ်ရှင်အနုပညာရပ်ဝန်းမှာ ဆွေးနွေးပွဲ၊ Workshop တွေ၊ Seminar တွေကိုလည်းပဲ ကျင်းပနိုင်ခဲ့တဲ့အပြင် ပြည်ပကနေ ကျွန်တော်တို့နိုင်ငံကို ရုပ်ရှင်လာရောက် ရိုက်ကူးမှုတွေ ဥပမာ– Line Walker– 2 နဲ့ အခြားခရီးသွားမှတ်တမ်း Documentary တွေကိုလည်း အဆင်ပြေစွာရိုက်ကူးနိုင်ဖို့ ညှိနှိုင်းစီစဉ်ပေးခဲ့တာရှိပါတယ်။ ကျွန်တော်တို့ ဆီက ရုပ်ရှင်ကားတွေကိုလည်း ပြည်ပကို ထိုးဖောက်ပြသနိုင်ဖို့ ညှိနှိုင်းစီစဉ်ပေးခဲ့တာ ယခုဆိုရင် ၁၃ ကားအထိ ပြသနိုင်ခဲ့ပါတယ်" ဟု ပြည်သူ့အတွက် နိုင်ငံတော်အစိုးရ၏ စတုတ္ထ(၁)နှစ်တာဆောင်ရွက်ပေးမှုများအဖြစ် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရှင်းလင်း ပြောကြားသည်။

ထို့ပြင် ရုပ်ရှင်ဇာတ်ကားများနှင့် သတင်း မှတ်တမ်းများကို ထိန်းသိမ်းခြင်းလုပ်ငန်း များကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ထိုသို့ ဆောင်ရွက်ခြင်းကို ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်း ဖြစ်သည်။ "ဥပမာ ပြောရရင် မြဂနိုင်ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားဟာ ယူနက်စကို ရှေးဟောင်းမှတ်တမ်းဝင် ဖြစ်ပါတယ်။ ဒီဇာတ်ကားအပြင် မှုန်ရွှေရည်နဲ့ ဂျပန့်ရင်သွေးစတဲ့ စုစုပေါင်း ရုပ်ရှင်ဇာတ်ကား သုံးကားကို ပြည်ပအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဖလင်စနစ်ကနေ ဒစ်ဂျစ်တယ် စနစ်ကိုပြောင်းပြီးတော့ ထိန်းသိမ်းထားနိုင်ခဲ့ ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် က ဆက်လက်ပြောကြားသည်။

### ပုံနှိပ်စက်ရုံကြီး ခုနစ်ရုံဖြင့်ထုတ်ဝေ ပုံနှိပ်ပေးလျက်ရှိ

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသည် လည်း ပြန်ကြားရေးဝန်ကြီးဌာန၏ အစိတ် အပိုင်းကြီးတစ်ခုဖြစ်ပြီး အစိုးရ၏ပုံနှိပ်လုပ်ငန်း များကို အရည်အသွေးမီ၊ အချိန်မီ ပုံနှိပ် ထုတ်ဝေနိုင်ရေးနှင့် စာပေဖွံ့ဖြိုးရေးလုပ်ငန်း နှစ်ရပ်ကို ဆောင်ရွက်လျက်ရှိပါသည်။ ပထမ လုပ်ငန်းဖြစ်သည့် နိုင်ငံတော်အစိုးရအဖွဲ့ အစည်းများ၊ လွှတ်တော်၊ အစိုးရအဖွဲ့ရုံးများနှင့် ဝန်ကြီးဌာနများမှ အပ်နှံသည့် ပုံနှိပ်လုပ်ငန်း များ ဆောင်ရွက်ပေးခြင်း၊ ပညာရေးဝန်ကြီး ဌာနမှအပ်နှံသည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် များ ပုံနှိပ်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိသည်။

### အခြေခံပညာကျောင်းသုံးစာအုပ်များပုံနှိပ်ပေး

စာအုပ်စာစောင် ထုတ်ဝေသည့်လုပ်ငန်း များတွင် ၂၀၂၀–၂၀၂၁ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းသုံးစာအုပ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအတွက် စာအုပ် ခြောက်မျိုးကို အမှာစာစောင်ရေ ၄၁ ဒသမ ၆၉၈ သန်းခန့် ပုံနှိပ်ထုတ်လုပ်ပေးနိုင်ခဲ့သည်။



ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်

နိုင်ငံတော်အဆင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း များအဖြစ် နိုင်ငံတော်အစိုးရ၏ပြည်သူ့အတွက် တတိယတစ်နှစ်တာမှတ်တမ်းစာအုပ်၊ ၂၀၁၈ ခုနှစ်အတွင်း ပြောကြားခဲ့သည့် နိုင်ငံတော် သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တို့၏ မိန့်ခွန်း၊ အမှာစကားနှင့် သဝဏ်လွှာများ၊ မှတ်တမ်းစာအုပ်များကို ထုတ်ဝေနိုင်ခဲ့သည်။ ထို့အပြင် ကျောင်းသုံးစာအုပ် ပုံနှိပ်ထုတ်လုပ် ခြင်းမပါရှိဘဲ အစိုးရဝန်ကြီးဌာနများမှ အပ်နှံ သည့် စာအုပ်စာစောင် ၉၁၉၅၉၀ နှင့် ပုံစံ ရွက်လွတ် ၂၇၆၇၀၂၁၉ တို့ကို ပုံနှိပ်ပေးနိုင်ခဲ့ ကြောင်း သိရှိရသည်။

### မြန်မာစာပေရှေးလက်ရာများဖော်ထုတ်

မြန်မာစာပေသမိုင်းတွင် ထင်ရှားသည့် လူထုသိသင့်သိထိုက်သော အကျိုးဖြစ်ထွန်း စေမည့် စာအုပ်များကို မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်များအဖြစ် စာအုပ်ထုတ်ဝေရေး ဆောင်ရွက်ခဲ့ရာ စတုတ္ထတစ်နှစ်တာကာလ အတွင်း အတွဲ(၄)(၅)(၆)ကို ထုတ်ဝေခဲ့ပြီး ကျန်အတွဲများကိုလည်း ဆက်လက်ထုတ်ဝေ သွားမည်ဖြစ်ကြောင်း သိရှိရသည်။

"မြန်မာစာပေဖွံ့ဖြိုးရေးအတွက် မြန်မာ စာပေ၊ မြန်မာဘာသာစကား၊ အနီးမြင် အဝေးမြင် စာတမ်းဖတ်ပွဲ၊ အရှေ့တောင်အာရှ နယ်နိမိတ်များပေါင်းကူးခြင်း စာပေစကား ဝိုင်း၊ မြန်မာမှု၊ မြန်မာ့ဓလေ့၊ မြန်မာ့အမြင် စာတမ်းဖတ်ပွဲ၊ စုစုပေါင်း သုံးပွဲ ကျင်းပနိုင်ခဲ့ပြီး စာပေဗိမာန်အနေနဲ့ ပြည်သူလူထုစာအုပ် စာပေများ ဖတ်ရှုနိုင်ရေးအတွက် ရန်ကုန်နဲ့ မန္တလေးတို့မှာ စာပေဗိမာန်စာကြည့်တိုက်များ ဖွင့်လှစ်ထားတဲ့အပြင် စာပေပြန့်ပွားရေး အတွက် ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော် တွေမှာ စာပေဗိမာန်အရောင်းဆိုင်တွေ ဖွင့်လှစ်ရောင်းချလျက် ရှိပါတယ်။ ဒီနှစ်မှာ တော့ စာပေဖတ်ရှုတဲ့ ပြည်သူလူထုအဆင် ပြေစေဖို့ ရန်ကုန်မြို့မှာရှိတဲ့ စာပေဗိမာန်ရုံး ကို အကြီးစား ပြင်ဆင်မွမ်းမံခြင်းနဲ့ ခေတ်လှေကားအသစ် လဲလှယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်" ဟု ခေတ္တညွှန်ကြား ရေးမှူးချုပ် ဦးကိုကိုနိုင်က ရှင်းပြသည်။

### တိုင်းရင်းသားဘာသာထုတ်ဝေမှုနှင့် ကဏ္ဍသစ်များဖြည့်ဆည်း

တိုင်းရင်းသားဘာသာဖွံ့ဖြိုးတိုးတက်ရေး နှင့် တိုင်းရင်းသားများအတွက် တိုင်းရင်းသား စာပေဖြင့် သတင်းများကို ဖတ်ရှုနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော် အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အတွင်း ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် ပူးပေါင်း ပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း ရှမ်းဘာသာဖြင့် ရေးသားထုတ်ဝေသည့် အချပ်ပိုလေးမျက်နှာကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ပြည်နယ်အတွင်း ဖြန့်ဝေနိုင်ခဲ့ကြောင်း သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းမှ ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်ဆွေထံမှ သိရှိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် မြန်မာ ဘာသာဖြင့် ရေးသားထုတ်ဝေသည့် မြန်မာ့ အလင်း၊ ကြေးမုံသတင်းစာ၊ ပုဂ္ဂလိကနှင့် ပူးပေါင်း၍ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေလျက် ရှိသည့် ဂလိုဘယ်နယူးလိုက်အော့ဖ် မြန်မာ သတင်းစာတို့ကို အဓိကထုတ်ဝေလျက်ရှိပြီး တိုင်းရင်းသားဘာသာဖြင့်လည်း ယခင်ကပင် မွန်ဘာသာ၊ စကောကရင်ဘာသာ၊ ပိုးကရင် ဘာသာ၊ ပအိုဝ်းဘာသာ၊ ကချင်ဘာသာ၊ ရခိုင် ဘာသာများဖြင့်လည်း အပတ်စဉ် အချပ်ပို အဖြစ် ပုံနှိပ်ထုတ်ဝေ ဖြန့်ချိပေးလျက်ရှိသည်။


"စတုတ္ထတစ်နှစ်တာ ကာလအတွင်း ၂၀၁၉ ခုနှစ် မေလ ၂၉ ရက်မှ စတင်ပြီး ပြည်သူလူထုက ရွေးကောက်တင်မြှောက်ခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ပြည်သူ့ အကျိုး၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးအတွက် ဆောင်ရွက်ချက်တွေကို မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာမှာ အပတ်စဉ် ဗုဒ္ဓဟူးနေ့ တိုင်း ဖော်ပြပေးခဲ့ပါတယ်။ ကလေးသူငယ် များ ကျောင်းပိတ်ရက်တွေမှာ လေ့လာဖတ်ရှု နိုင်ဖို့နဲ့ ကျောင်းစာသင်ကြားရာမှာ အထောက် အကူ ဖြစ်စေဖို့အပြင် လောကနီတိကို သိရှိ နားလည်စေဖို့ ရည်ရွယ်ပြီး "ရင်သွေးကမ္ဘာ" ကဏ္ဍသစ်ကို ၂၀၁၉ ခုနှစ် ဇွန်လ ၂ ရက်မှ စတင်ဖော်ပြပေးနေသလို အားလပ်ရက်တွေ မှာ လည်ပတ်သွားလာအပန်းဖြေကြမယ့် ပြည်သူတွေအတွက် မြန်မာနိုင်ငံ အနှံ့အပြားက လည်ပတ်နိုင်တဲ့နေရာတွေ၊ သိသင့်တဲ့ ဗဟုသုတတွေနဲ့ ဒေသထွက် လက်ဆောင် ပစ္စည်း ဝယ်ယူနိုင်မယ့် အကြောင်းအရာများကို ဖော်ပြပေးနေတဲ့ "ရွှေနိုင်ငံ ခရီးသည်" ကဏ္ဍသစ်ကိုလည်း ၂၀၁၉ ခုနှစ် ဇွန်လ ၂၇ ရက်ကစတင်ပြီး မြန်မာ့အလင်းမှာ အပတ်စဉ် ကြာသပတေးနေ့တိုင်း ဖော်ပြပေးလျက်ရှိပါ တယ်"ဟု ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးက ပြောကြားသည်။


### ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် တစ်တပ်တစ်အား


နိုင်ငံပိုင် သတင်းစာများသည် လတ်တလောကာလအတွင်း ကပ်ရောဂါ ဖြစ်သည့် ကိုဗစ် –၁၉ နှင့် ပတ်သက်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ပေးပို့သည့် ထုတ်ပြန်ချက်များ၊ အခြားသော ဝန်ကြီးဌာနများ၏ ထုတ်ပြန်ချက် များအပြင် ကိုဗစ် – ၁၉ နှင့် ပတ်သက်သည့် တွေ့ဆုံမေးမြန်းမှုများ၊ စကားဝိုင်းများ၊ အသိပညာပေး လုပ်ငန်းများ၊ နိုင်ငံတကာမှ ဖြစ်ပျက်လျက်ရှိသည့် သတင်းအချက်အလက် များကို သတင်းစားသုံးသူ ပြည်သူများ အဆက် မပြတ် သိရှိစေရေးအတွက် အလေးထား ဖော်ပြပေးလျက်ရှိကြောင်း ဆက်လက် ပြောကြားသည်။

"ထပ်မံပြီးတော့လည်း စာဖတ်ပရိသတ် တွေရဲ့ တောင်းဆိုမှု၊ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းမှ ဝန်ထမ်းများရဲ့ တီထွင်ကြံဆ ကြိုးပမ်းမှုနဲ့ သတင်းကဏ္ဍ အသစ်တွေကို ဆက်လက်ဖော်ပြပြီး ပြည်သူ့သတင်းစာအဖြစ် ဆက်လက်ရပ်တည်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု သတင်း နှင့်စာနယ်ဇင်းလုပ်ငန်း၏ ရည်မှန်းချက် အကြောင်းကို ထည့်သွင်းရှင်းပြသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော် အစိုးရနှင့် ပြည်သူများအကြား ပေါင်းကူး ဆက်ဆံပေးလျက်ရှိသည့် အဓိကဌာနကြီး တစ်ခုဖြစ်သည်နှင့်အားလျော်စွာ ပြည်သူများ သတင်းအချက်အလက် လွယ်ကူစွာ ရရှိ စေရေးအတွက် ဆောင်ရွက်ပေးလျက် ရှိပါ သည်။ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာအတွင်းတွင်လည်း များပြား လှသည့် တာဝန်ဝတ္တရားများ ကျေပွန်စွာ ထမ်းဆောင်ရင်း ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ အနာဂတ်တွင် လည်း နိုင်ငံတော်နှင့် အများပြည်သူအတွက် ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်နှင့် ပညာပေး ရန်ဟူသည့် ဆောင်ပုဒ်အတိုင်း ဆက်လက် ကျင့်သုံး၍ တာဝန်ကျေပွန်အောင် ထမ်းဆောင် သွားမည် ဖြစ်ပါကြောင်း။ ။






ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ တာဝန်ယူပုံနှိပ်ထုတ်ဝေသည့် ကျောင်းသုံးစာအုပ်နှင့် မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ်များကို တွေ့ရစဉ်။